www.burmeseclassic.com



တက္ကသိုလ်

# နေလင်းအောင်

# ဗျပ်တောင်းသံရှင် သိုင်းဝိညာဉ်

ဝမ်အင်း၏ ရှေဂက်ထုံကျင်းဟူ

ဒုတိယပိုင်း
အက်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# နေလင်းအောင်

# ဗျပ်ခေါင်းသံရှင်သို့င်းဝိညာဉ်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



သဲချောင်းကလေးသည် ပေတစ်ရာခန့်ကျယ်ဝန်းသော်လည်း အလွန်တိမ်သောချောင်းကလေးဖြစ်၏။ ဤချောင်းကလေး၏ အနက်ဆုံးနေရာမှာ ခြေသလုံးမြှုပ်ရုံသာရှိသည်။

ကျောက်စရစ်ခဲများပေါ်သောချောင်းကလေးဖြစ်သည်။

ယင်းချောင်းကလေးအားဖြတ်ကျော်ပြီးသောအခါ တောလမ်းကလေးတစ်ခုကိုတွေ့မြင်ရလေသည်။ စွန်းကုဝေသည် တောလမ်းကလေးအတိုင်းမြင်းကိုမောင်းနှင်လာရင်းမှ နံဘေးတွင်မြင်းချင်းယှဉ်ကာမောင်းနှင်လာသောစွန်းထင်းလုအားကြည့်ကာ. ပြောလိုက်လေ၏။

"သား စွန်းထင်းလု… ဖေဖေတို့က လူသွားလူလာကင်းတဲ့နေရာတွေကိုရွေးပြီး လာခဲ့ကြတာဆိုတော့ ကံကောင်းထောက်မပြီး အနှောင့်အယှက်မတွေ့ရသေးဘူး"

စွန်းထင်းလုက ကျောပေါ်တွင် အနီရောင်ဖဲကြိုးပြားများဖြင့်ရစ်သိုင်းကာ ပိုးလွယ်ထားသောသေတ္တာအား တစ်ချက်စမ်းကြည့်ရင်း ကျေနပ်စွာပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့က ဒီဖျပ်စောင်းကို တကယ်လေးလေးနက်နက်ထားနေတာကိုး… တကယ်ဆိုရင် ဒီလောက်လဲ အန္တရာယ်မရှိလှပါဘူးလေ"

စွန်းကုဝေကခေါင်းခါယမ်းလိုက်သည်။

"သား… ဒီဖျပ်စောင်းကို ပေါ့ပေါ့တန်တန် သဘောမထားနဲ့နော်"

စွန်းထင်းလု မျက်မှောင်ကုပ်လိုက်သည်။ ရုတ်တရက် သူသည် ဖျပ်စောင်းလာရောင်းသည့်မိန်းကလေး ပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်လာမိ၏။

"ရှင်ပေးမယ့်လျှံငွေဆယ်သိန်းကို မရဏဖျပ်စောင်းအတွက် သေဆုံးရမယ့်လူတွေအတွက် သဂြိုဟ်စရိတ်အဖြစ်လှူခဲ့မယ်"

ယင်းသို့သတိရမိလိုက်သည်နှင့် မျက်မှောင်တစ်ချက်ကုပ်လိုက်မိသည်။

သူသည် စွန်းကုဝေဘက်သို့လှည့်ကြည့်လိုက်ပြီး…

"ဖေဖေ ဟိုဖျပ်စောင်းရောင်းတဲ့မိန်းကလေးက လျှံငွေဆယ်သိန်းကိုမယူဘဲ သဂြိုဟ်စရိတ်အဖြစ်ပေးခဲ့တယ်၊ ဒီမရဏဖျပ်စောင်းက တကယ်ပဲဒီလောက်လူသေသလား"

စွန်းကုဝေ သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် မချိပြုံးပြုံးကာ…



"ဟုတ်တယ် သား… ဒီဖျပ်စောင်းက အင်မတန်ကြောက်စရာကောင်းတဲ့လက်နက်ပဲ၊ ဒါကြောင့်လဲ သိုင်းလောကသားတွေက သဲသဲမဲမဲလိုက်နေကြတာပေါ့"

စွန်းထင်းလု ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါပေမယ့် ကျွန်တော်တို့ကို ခုချိန်ထိ ဘယ်သူကမှ အနှောင့်အယှက်မပေးသေးပါလား"

စွန်းကုဝေပြုံးလိုက်သည်။

"စိတ်ချပါ… မကြာခင် အနှောင့်အယှက်ပေးမယ့်လူတွေက ကြိုစောင့်နေကြမှာပါ"

စွန်းထင်းလု မျက်မှောင်ကြုတ်သွားသည်။

"ဟင်… ဘာဖြစ်လို့လဲ"

စွန်းကုဝေကမချိပြုံးပြုံးရင်း…

"ဒီနေရာကနေစပြီး ဖေဖေတို့ မြို့ထဲဝင်ဖို့သွားတဲ့အခါမှာ လူသွားလူလာများတဲ့လမ်းကိုပဲ အသုံးပြုရတော့မယ်၊ အားလုံးက ဖျပ်စောင်းကိုမျက်စိကျမှာမလွဲဘူး"

စွန်းထင်းလု ပြုံးလိုက်သည်။ သူသည် ဖျပ်စောင်းထည့်ထားသောသေတ္တာလေးအားလှည့်ကြည့်ကာ…

"ဒါကြောင့်လားတော့မသိဘူး… ဖျပ်စောင်းထည့်ထားတဲ့သေတ္တာက တကယ့်ကိုလေးနေတာပဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



စွန်းကုဝေကရယ်မောလိုက်၏။

"ကဲပါလေ... ဒီလောက်သေတ္တာက လေးတယ်ဆိုရင်လဲ ဟောဟိုမှာမြင်နေရတဲ့လက်ဖက်ရည်ဆိုင်လေးမှာ ခဏဝင်နားပြီး လက်ဖက်ရည်လေး ဘာလေးသောက်ကြတာပေါ့"

စွန်းထင်းလုက သူညွှန်ပြရာသို့လှမ်းကြည့်လိုက်၏။

ထိုအခါ သူသည် လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ကို တွေ့မြင်လိုက်ရလေသည်။

သူ၏မျက်နှာမှာ ဝင်းလက်တောက်ပသွားလေသည်။

"ဟာ... အတော်ပဲ... ကျွန်တော်လဲ ဗိုက်ဆာနေတာဗျ"

စွန်းကုဝေက သူ့အားကြည့်ကာပြုံးလိုက်၏။

"မင်းကို တစ်ခုတော့ကြိုမှာရဦးမယ်"

စွန်းထင်းလု မျက်မှောင်ကုပ်လိုက်သည်။

"ဘာလဲဖေဖေ"

စွန်းကုဝေက တည်ကြည်သောမျက်နှာထားဖြင့်....

"လက်ဖက်ရည်ဆိုင်လေးဆီကိုရောက်ရင် ဒီသေတ္တာလေးကို ဂရုစိုက်နော်"

စွန်းထင်းလုခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... စိတ်ချပါဖေဖေ"

ထို့နောက်....



သူတို့သည် မြင်းပေါ်မှဆင်းကာလက်ဖက်ရည်ဆိုင်ကလေးဆီသို့လျှောက်လာခဲ့ကြ၏။ ဆိုင်ရှင်သည် သူတို့အားတွေ့မြင်သည့်အခါ ပျာပျာသလဲခရီးဦးကြိုပြုလိုက်လေသည်။

"ကြွပါခင်ဗျာ... ကြွပါ။ ဘာများသုံးဆောင်မလဲခင်ဗျာ"

စွန်းကုဝေက ဆိုင်ကလေးအား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

စားပွဲလေးငါးလုံးနှင့် ကုလားထိုင်အလုံးနှစ်ဆယ်ခန့်ချထားပြီး လူနှစ်ယောက်က စားပွဲတစ်လုံးတွင်ထိုင်ကာ စားသောက်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူက စွန်းထင်းလုအား စားပွဲလွတ်တစ်လုံးကိုညွှန်ပြကာ....

"ကဲ... ငါတို့သားအဖ ဟိုစားပွဲမှာသွားစားကြရအောင်"

ထို့နောက် သူတို့သည် စားပွဲလွတ်တစ်လုံးတွင် သွားရောက်ထိုင်ချလိုက်ကြသည်။ ဆိုင်ရှင်က သူတို့နောက်မှ ထက်ကြပ်မကွာလိုက်ပါလာ၏။

စွန်းကုဝေက ဆိုင်ရှင်အားမော့ကြည့်ကာ...

"မုန့်နဲ့ရေနွေးကြမ်းတစ်အိုးပေးပါ"

ဟုမှာကြားလိုက်၏။

"ဟုတ်ကဲ့... ကောင်းပါပြီခင်ဗျာ"

ဆိုင်ရှင်ကပြောပြီး ပြန်လည်ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရေနွေးကြမ်းတစ်အိုးနှင့်မုန့်အစုံကိုလာရောက်ချပေးလေသည်။

စွန်းထင်းလုက သေတ္တာရှည်လေးကိုကျောပေါ်မှ ဖြုတ်ချကာစားပွဲပေါ်သို့တင်လိုက်၏။ ယင်းနောက် ရေနွေးကြမ်းတစ်ခွက်ကိုမော့သောက်လိုက်၏။

တစ်ဖန်… မုန့်တစ်ခုကိုယူကာ ပလုတ်ပလောင်းစားလိုက်သည်။ စွန်းကုဝေကမူ ရေနွေးကြမ်းတစ်ခွက်ကိုငုံ့ကာမော့သောက်လိုက်၏။

ယင်းအချိန် သူတို့၏မျက်လုံးထောင့်တွင် လူနှစ်ယောက်၏လှုပ်ရှားမှုကိုတွေ့မြင်လိုက်ရလေသည်။

သူက ချာခနဲလှည့်ကြည့်လိုက်ရာ မနီးမဝေးစားပွဲတွင်ထိုင်နေသောလူနှစ်ယောက်က တီးတိုးပြောရင်း သေတ္တာရှည်အားကြည့်နေသည်ကိုတွေ့မြင်လိုက်ရ၏။

စွန်းကုဝေက သူတို့လှည့်ကြည့်လိုက်သောအခါ မျက်နှာများကွက်ခနဲပျက်သွားပြီး တစ်ဖက်သို့ချာခနဲလှည့်လိုက်ကြ၏။

စွန်းကုဝေဘဝင်မကျဖြစ်သွားမိလေသည်။ သူသည် အားပါးတရစားသောက်နေသောစွန်းထင်းလုအား တီးတိုးပြောလိုက်၏။

“သား… သတိထားနော်၊ ဟိုဘက်စားပွဲက လူနှစ်ယောက်မရိုးသားဘူး”



သူ၏စကားကြောင့် စွန်းထင်းလုက လှည့်ကြည့်လိုက်၏။ ထိုလူနှစ်ယောက်က သူတို့အားကြည့်နေသည်ကိုတွေ့မြင်ရသဖြင့် သူပြုံးပြလိုက်သည်။

ထိုလူနှစ်ယောက်က ဒုတိယအကြိမ် မျက်နှာကွက်ခနဲ ပျက်သွားကြပြန်သည်။ တစ်ဖန် တစ်ဖက်သို့ ပြိုင်တူလှည့်သွား ကြပြန်၏။ စွန်းထင်းလုကခေါင်းခါယမ်းကာ စွန်းကုဝေအားကြည့်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် ထိုလူနှစ်ယောက်က လက်တစ်ချက်ဝှေ့ယမ်းလိုက်ကြ၏။ ရှတ်တရက်ဓားပါးလေးနှစ်လက်က စွန်းထင်းလု၏ရင်ဝသို့ပြေးဝင်လာလေသည်။

စွန်းထင်းလုက ကုလားထိုင်ခုံနှင့်လူကိုရောကာ နောက်သို့လှန်ချလိုက်၏။ ဓားပါးလေးနှစ်ချောင်းသည် သူ၏ခန္ဓာကိုယ်ပေါ်မှ ကျော်ဖြတ်သွားလေသည်။ သူက ကုလားထိုင်နှင့်လူကိုနေသားတကျပြန်ထားလိုက်၏။

ယင်းအခိုက် ထိုလူနှစ်ယောက်ထွက်ပြေးသွားကြသည်ကို တွေ့မြင်လိုက်ရသည်။

စွန်းထင်းလုကအော်ဟစ်လိုက်၏။

“ရပ်လိုက်စမ်း”

ထိုလူနှစ်ယောက်ကရပ်တန့်ခြင်းမရှိကြပါ။

ဆက်လက်ပြေးလွှားသွားကြရင်း….

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာရှိရှိရင်လိုက်ခဲ့ပါ"

ဟု ပြိုင်တူအော်ဟစ်သွားကြလေသည်။

စွန်းထင်းလုသည် လူငယ်ပီပီဒေါသဖြစ်သွား၏။

ထိုင်ရာမှထကာ ပြေးလိုက်ရန်ဟန်ပြင်လိုက်၏။

စွန်းကုဝေကဟန့်တားလိုက်ရသည်။

"မလိုက်နဲ့"

စွန်းထင်းလုကမျက်မှောင်ကုပ်လိုက်သည်။

"သူတို့က ကျွန်တော့်ကိုလုပ်ကြံသွားကြတယ်... ကျွန်တော်က ဘာဖြစ်လို့မလိုက်ရမှာလဲ"

စွန်းကုဝေကပြုံး၍ခေါင်းခါယမ်းလိုက်သည်။

"ဒါ သူတို့က ထောင်ချောက်ဆင်တာ... သား လိုက်သွားရင်ထောင်ချောက်ထဲရောက်သွားလိမ့်မယ်"

စွန်းထင်းလုက မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"ထောင်ချောက်ဟုတ်လား"

စွန်းကုဝေကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်.. သူတို့က သားကိုမျှားခေါ်ပြီး ဗျပ်စောင်းကိုရယူဖို့ကြိုးစားကြလိမ့်မယ်"

စွန်းထင်းလုပြုံးလိုက်သည်။ သူ၏အပြုံးမှာ အလွန်ကျေနပ်သောအပြုံးမျိုးဖြစ်လေသည်။



သူသည် လူရွယ်တစ်ယောက်သာဖြစ်၏။ ထို့ကြောင့် ယခုကဲ့သို့ ရန်သူနှင့်ရင်ဆိုင်ကာလှုပ်လှုပ်ရှားရှားဖြစ်ရမည့်ကိစ္စကို သဘောကျမိလေသည်။

ယင်းကြောင့် သူသည် ယခုအချိန်မှစ၍ မိမိအနေဖြင့် အရာကို ဆင်ခြင်သုံးသပ်ကာပါးနပ်ရမည်ဟုနားလည်လိုက်တော့၏။

သူသည် စားပွဲပေါ်တွင်တင်ထားသောသေတ္တာအား ပြန်လည်ကောက်ယူကာ ကျောပေါ်တွင် ပိုးလွယ်၍ ဖဲကြိုးအနီရောင်အား ရင်ဘတ်ရှေ့သို့ဆွဲယူကာသိုင်းချည်လိုက်၏။

ထိုအခါ သေတ္တာရှည်သည် ကလေးတစ်ယောက်အားကျောပိုးထားသကဲ့သို့ သူ၏ကျောပြင်တွင် တင်လျက်ရှိနေလေသည်။ ယင်းနောက် သူသည် ကုလားထိုင်တွင်ပြန်ထိုင်ကာ စားသောက်ဖွယ်ရာများ အပြည့်စားသောက်လိုက်၏။

စွန်းကုဝေကလည်း စားသောက်လေသည်။ ထို့နောက် ကျသင့်ငွေကိုရှင်းပေးကာ မြင်းပေါ်သို့အသီးသီးတက်၍ ခရီးဆက်ခဲ့လေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စွန်းကုဝေနှင့်စွန်းထင်းလုတို့သည် မြင်းကိုယ်စီဖြင့်ခရီးဆက်ခဲ့ကြလေသည်။ သူတို့သည် တစ်နာရီခန့် ခရီးဆက်ခဲ့သောအခါ ဝါးရုံတောတစ်ခုသို့ရောက်ရှိလာကြ၏။

သူတို့သည် တစ်ခဏမျှခရီးဆက်မိသောအခါ ရုတ်တရက်ဝါးရွက်များကျလာသည်ကိုတွေ့မြင်လိုက်ရလေသည်။

စွန်းကုဝေ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူသည် စွန်းထင်းလုအား တီးတိုးမှာကြားလိုက်၏။

"သား... တစ်စုံတစ်ခုအကျပ်အတည်းနဲ့ရင်ဆိုင်ရပြီဆိုရင်ဌာနချုပ်ကိုရောက်အောင်သာသွားပါ"

သူက ယင်းသို့မှာကြားနေစဉ်မှာပင် ရုတ်တရက်အေးစက်စက်ရယ်မောသံများကိုကြားလိုက်ရလေသည်။ ယင်းအချိန်မှာပင် ရုတ်တရက် ပိုက်ကွန်တစ်ခုကအပေါ်မှထိုးကျလာလေသည်။

ထိုအခါ စွန်းကုဝေနှင့်စွန်းထင်းလုတို့က မြင်းကိုရှေ့သို့ပြိုင်တူမောင်းနှင်လိုက်ကြ၏။ သူတို့၏မြင်းများသည် မြားနှစ်စင်းပမာ လျင်မြန်စွာထွက်သွားကြလေသည်။



ယင်းကြောင့် သူတို့သည် ပိုက်ကွန်အုပ်ခံရသည့်အန္တရာယ်မှ
ာင်းလွတ်သွားခဲ့၏။

သို့သော် ယင်းတဒင်္ဂအချိန်လေးမှာပင် ဝါးပင်ထိပ်မှလူတစ်
ယောက်ခုန်ဆင်းလာပြီး စွန်းထင်းလုအားတိုက်ခိုက်လိုက်၏။

တစ်ချိန်တည်းမှာပင် တခြားအနက်ရောင်ဝတ်ဆင်ထား
ူတစ်ယောက်ကစွန်းကုဝေအားတိုက်ခိုက်လိုက်၏။ စွန်းကုဝေနှင့်
ွန်းထင်းလုတို့ကပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

သို့သော် အနက်ရောင်ဝတ်ဆင်ထားကြသောလူများသည်
နောက်ထပ်အလျှိုလျှိုပြေးလာကြကာ သူတို့နှစ်ယောက်အား ဝိုင်းရံ
ာတိုက်ခိုက်လိုက်ကြလေသည်။ စွန်းကုဝေသည် လူအင်အားများ
ှသည့်အနက်ရောင်ဝတ်ဆင်ထားသည့်လူများအားကြည့်ကာ ရင်ထဲ
လးလံလာ၏။

သူက စွန်းထင်းလုအားလှမ်းကြည့်လိုက်သည်။

"စွန်းထင်းလု... သား အကုန်တိုက်ပြီးဖောက်ထွက်စမ်း"

သူ၏စကားကိုကြားရသည်နှင့် စွန်းထင်းလုသည် အနီးမှ
ူများအား ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်၏။ ထိုအခါ အားလုံး
သာလူများထိတ်လန့်သွားကာ နောက်ဆုတ်သွားကြရလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်... စွန်းထင်းလုက ခန္ဓာကိုယ်
ားလေထဲတွင်လှုပ်ရှားပျံဝဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝါးပင်တစ်ပင်ကိုခြေထောက်ဖြင့်ကန်ကာ အရှိန်ယူ၍ နောက်တစ်ပင်သို့ကူးလိုက်လေသည်။ တစ်ဖန် ထိုအပင်မှတစ်ဆင့် အခြားအပင်ကိုကူးကာဆက်လက်ပြေးလွှားလာ၏။

ဤသို့ဖြင့် တစ်ပင်မှတစ်ပင်ကူး၍ပြေးလာခဲ့လေသည်။

သူ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ရောက်ရှိနေပြီဖြစ်ရာ တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်ရှိသွားပြီဖြစ်လေသည်။

ဝဝဝဝ



စွန်းထင်းလုသည် တိုက်ပွဲနှင့်ဝေးနိုင်သမျှ ဝေးလာခဲ့ပြီဖြစ်၏။ သူသည် စိတ်ချရလောက်သည်ထင်ရမှ မြေပေါ်သို့ခုန်ချပြီး ဆက်လက်ပြေးလွှားရန်ဟန်ပြင်လိုက်၏။ သို့သော် သူသည် မပြေးဖြစ်ဘဲ ခြေလှမ်းရပ်တန့်လိုက်ရသည်။

အဘယ်ကြောင့်ဆိုသော်....

သူ၏သွားလမ်းအား အမျိုးသမီးတစ်ယောက်က ပိတ်ဆို့ဟန့်တားထားသောကြောင့်ဖြစ်သည်။

သူသည် ထိုအမျိုးသမီးအားအကဲခတ်ကြည့်လိုက်၏။

ထိုအမျိုးသမီးသည် အနက်ရောင်ဂဝတ်စုံကိုဝတ်ဆင်ထားလေသည်။ သူမ၏မျက်နှာပေါ်တွင် အနက်ရောင်ဇာပဝါကို တပ်ဆင်ထားပြီး ရှည်လျားသောကျာပွတ်တစ်ချောင်းကိုကိုင်ဆောင်ထားလေသည်။

သူမက လက်ဝါးဖြန့်လိုက်၏။

"ပေးပါ"

စွန်းထင်းလုကမျက်ခုံးပင့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုပေးရမှာလဲ"

ဟုမေးလိုက်၏။ အမျိုးသမီးကအေးစက်စက်လေသံဖြင့်...

"ဖျပ်စောင်း...."

ဟုတုံးတိပြောလိုက်သည်။

စွန်းထင်းလုကလှောင်ပြုံးပြုံးကာ...

"ဖျပ်စောင်းကိုလိုချင်ရင် ကျုပ်ကိုအရင်သတ်ပါ... ကျုပ်ကို
သတ်နိုင်မှဖျပ်စောင်းကိုရမယ်"

အမျိုးသမီးကဆတ်ခနဲခေါင်းညိတ်ပြီး...

"ကောင်းပြီ... သဘောပဲ"

လက်ထဲမှကျာပွတ်ဖြင့်ရိုက်ချလိုက်၏။

စွန်းထင်းလုက လှစ်ခနဲရှောင်တိမ်းလိုက်၏။

"ဝုန်း...."

ကျာပွတ်သည် ဝါးပင်တစ်ပင်အားရိုက်မိကာ ရစ်ပတ်သွား
လေသည်။ စွန်းထင်းလုက ရယ်မောလိုက်သည်။

ထို့နောက်... ဝါးပင်တစ်ပင်မှတစ်ပင်သို့ခုန်ကူးကာ အမျိုး
သမီးအားပြောလိုက်လေ၏။

"ဟား... ဟား... ဟား... ခင်ဗျားက လူကိုရိုက်တာမှ
မဟုတ်ဘဲ"

အမျိုးသမီး ဒေါပွသွားသည်။



ဝါးတွင်ရစ်ပတ်နေသော ကျာပွတ်ကိုဆောင့်ဆွဲလိုက်၏။

ဝါးပင်သည် အမြစ်မှကျွတ်ထွက်လာသည်ကိုတွေ့မြင်လိုက်
ရလေသည်။

ရှုတ်တရက် အမျိုးသမီးသည် ခုန်ပေါက်ကာ စွန်းထင်းလု
အနီးသို့ရောက်ရှိသွားသည်။

တစ်ဆက်တည်းပင် ကျာပွတ်ဖြင့် ထပ်မံရိုက်ချလိုက်လေ
တော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏တိုက်ခိုက်မှုသည် ရက်စက်ကြမ်းကြုတ်ပြီး ပြင်းထန်လှပေသည်။ စွန်းထင်းလှမှာရှောင်တိမ်း၍ပင်မရတော့ဘဲ ပြန်လည်၍ခုခံလိုက်ရလေသည်။

တိုက်ပွဲမှာ တစ်စထက်တစ်စပြင်းထန်လာ၏။

စွန်းထင်းလှသည် အခြေအနေမဟန်ကြောင်းသိရှိသဖြင့် ဓားကိုဆွဲထုတ်လိုက်ရသည်။ သူသည် ဓားပညာကို ထိပ်တန်းအဆင့်သို့ရောက်အောင်ကြိုးစားလေ့ကျင့်ခဲ့သူဖြစ်သည်။

အခက်အခဲတွေ့သည့်အခါမှသာ ဓားကိုဆွဲထုတ်သုံးလေ့ရှိ၏။ သူက ဓားကိုထုတ်၍ကာအသုံးပြုသည့်အခါတိုင်းတွင် ရန်သူမှာ ရှုံးနိမ့်သွားရစမြဲပင်ဖြစ်သည်။

သူသည် ယခုအခါ ဓားကွက်သုံးဆယ်တိတိကိုအသုံးပြုခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ရန်သူမှာလဲကျသွားခြင်းမရှိသေးပါ။

ထို့ပြင် သူ၏အင်္ကျီစကိုပင်ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိသေးပါ။

အမျိုးသမီးက သူ့အားကြည့်၍ကာရယ်မောလိုက်လေသည်။



"မင်းကဘာယ်ဆိုးလို့တုန်း... တကယ်လို့သာ မင်းနဲ့ငါ စောစောစီးစီးတွေ့ခဲ့မယ်ဆိုရင် ငါတို့နှစ်ယောက်မိတ်ဆွေဖြစ်လို့ရတယ်"

စွန်းထင်းလှရယ်မောလိုက်သည်။

"ခင်ဗျားသာ ကျုပ်ဆီကဗျပ်စောင်းမတောင်းရင် ကျုပ်က လဲမိတ်ဆွေအဖြစ်သတ်မှတ်မှာပါ"

အမျိုးသမီးကရယ်မောလိုက်သည်။

"ခက်တာက ငါက တခြားလူဆီကအခကြေးငွေယူပြီးပြီ၊ ဒါကြောင့် မင်းနဲ့ငါ ရန်သူဖြစ်နေရတာပါ"

သူမသည်ပြောပြီး တစ်ဟုန်ထိုးတိုက်ခိုက်လိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်သည်။

စွန်းထင်းလုသည် ထိုအမျိုးသမီးအားတစ်ခထက်တစ်စရှုံးနိမ့်လာခဲ့ပြီဖြစ်လေသည်။ အမျိုးသမီးကရယ်မောရင်း ကျာပွတ်အားရှတ်တရက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ရွှမ်း..."

ကျာပွတ်သည် ရှုတ်တရက်မြွေဆိုးတစ်ကောင်ပမာလျင်မြန်စွာရှေ့သို့တိုးထွက်လာပြီး စွန်းထင်းလု၏ခန္ဓာကိုယ်အား ရစ်ပတ်လိုက်လေသည်။

စွန်းထင်းလုက နောက်သို့ခုန်ဆုတ်လိုက်၏။

သို့သော် အနည်းငယ်နောက်ကျသွားသည့်အတွက် သူသည်ကျာပွတ်ဖြင့်ရစ်ပတ်ခြင်းကိုခံလိုက်ရ၏။

အမျိုးသမီးကအေးတိအေးစက်လေသံဖြင့်....

"ကဲ... မင်း သေဖို့သာပြင်ပေတော့"

ယင်းသို့ကြိမ်းဝါးကာ ကျာပွတ်ကိုဆွဲခါရန်ဟန်ပြင်လိုက်လေသည်။ ယင်းတခဏလေးမှာပင်....



မမျှော်လင့်သောအဖြစ်အပျက်က ဝင်ရောက်လာလေ၏။

တ်တရက် စွန်းထင်းလု၏ခန္ဓာကိုယ်အားရစ်ပတ်ထားသော ကျာ

တ်ပေါ်သို့ အမျိုးသမီးတစ်ယောက်ရောက်ရှိလာသည်။

သူမ၏လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသဖြင့် မိုးပေါ်မှကျ

တသကဲ့သို့ထင်မှတ်ရလေသည်။ ကျာပွတ်ပေါ်သို့ ခြေစုံရပ်တန့်လိုက်

သည်နှင့်တစ်ပြိုင်နက် ကျာပွတ်တစ်လျှောက်ပြေးသွားကာ အနက်

ရောင်ဝတ်ဆင်ထားသောအမျိုးသမီးအား လက်ဝါးဖြင့်ရိုက်ထုတ်

ိုက်သည်။

သူမ၏လှုပ်ရှားမှုသည် လျှပ်စီးလျှပ်သည့်အလား လျင်မြန်

ွန်းလှသည်။ ကျာပွတ်ကိုင်ထားသော အနက်ရောင်အမျိုးသမီး

ည် ကျာပွတ်ကို လက်လွှတ်လိုက်ရပြီး အဝေးသို့လွင့်စဉ်သွားလေ

တော့၏။

စွန်းထင်းလုက အံ့သြထိတ်လန့်စွာဖြင့်ကြည့်လိုက်သည်။

သူ့အားဝင်ရောက်ကယ်တင်သောအမျိုးသမီးမှာ အသက်

ႏးဆယ်ကျော်ခန့်ရှိပြီဖြစ်ပြီး အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။

မ၏မျက်နှာသည် ချောမောခန့်ညားသော်လည်း မျက်နှာတစ်ခု

းမှာ အေးစက်တင်းမာနေလေသည်။

စွန်းထင်းလုသည် ဤအမျိုးသမီးအား တစ်ကြိမ်တစ်ခါမျှ

ိုင်တွေ့ခဲ့ဘူးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဖြူရောင်ဝတ်ဆင့်ထားသော အမျိုးသမီးအား ဂါရဝပြုလိုက်လေသည်။

"ကျွန်တော့်ကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒေါ်ဒေါ် နာမည် ဘယ်သူပါလဲခင်ဗျာ"

အဖြူရောင်ဝတ်အမျိုးသမီးက စကားမပြောပါ။

အနက်ရောင်ဝတ်ဆင်ထားသောအမျိုးသမီးရှိရာသို့ တစ်လှမ်းချင်းလျှောက်သွားကာ...

"ပြောစမ်း... ဘယ်သူခိုင်းတာလဲ"

သူမ၏အသံသည် ရေခဲကဲ့သို့အေးစက်နေသည်။

အနက်ရောင်ဝတ်အမျိုးသမီးက သူမအား ထိတ်လန့်စွာမော့ကြည့်လိုက်၏။

"ရှင်ကကောဘယ်သူလဲ... ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စဝင်ရှုပ်ချင်ရတာလဲ"

အဖြူရောင်ဝတ်အမျိုးသမီးကအဖြေမပေးပါ။

သူမကပထမမေးခွန်းကိုထပ်မံမေးလိုက်ပြန်သည်။

"ပြောစမ်း... ဘယ်သူခိုင်းတာလဲ"

အနက်ရောင်ဝတ်အမျိုးသမီးက အံကိုတင်းတင်းကြိတ်လိုက်၏။ ထို့နောက် ရုတ်တရက်ခုန်ထကာ...

"ယား..."



မာန်သွင်းအော်ဟစ်ပြီး အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီး၏ရင်ဝဆီသို့ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။ အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီးက မဲ့ပြုံးပြုံးပြီး ခုန်ဝင်လာသောခြေထောက်ကို လက်ဝါးဖြင့်ပုတ်ချလိုက်၏။

"ဖပ်..."

ခြေကန်ချက်လွဲချော်သွားကာ အနက်ရောင်ဝတ်ဆင်ထားသောအမျိုးသမီး၏ခန္ဓာကိုယ် ရှေ့သို့ယိုင်ကျလာ၏။

ယင်းတခဏလေးမှာပင်... အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီး၏လက်ဝါးနှစ်ဖက်က သူမ၏ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်ရိုက်ချလာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသောအမျိုးသမီးမှာ အခြေအနေမဟန်တော့ဘဲဒူးထောက်လျက် တဖြည်းဖြည်းလဲပြိုကျသွားလေ၏။ စွန်းထင်းလှ၏မျက်လုံးများမှာပြူးကျယ်နေလေသည်။

သူသည် ဤအဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီး၏ ရက်စက်ကြမ်းကြုတ်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီဖြစ်၏။

သူ ထိတ်လန့်စွာဖြင့်ကြည့်ရင်း...

"ခင်ဗျားဘယ်သူလဲ... ဘာဖြစ်လို့ လူတစ်ယောက်ကို ရက်ရက်စက်စက်သတ်ရတာလဲ"

အမျိုးသမီးက သူ့အားချာခနဲလှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထား... မင်း ရန်သူကိုသက်ညှာနေရင် ရန်သူက မင်းကိုသတ်သွားလိမ့်မယ်"

ပြောပြီးခန္ဓာကိုယ်အားတစ်ချက်လှုပ်ရှားလိုက်ရာ ရုတ်တရက် သူမ၏ခန္ဓာကိုယ်သည် လေထဲသို့လွင့်ပျံ့သွားလေသည်။

"စွန်းထင်းလု... မင်း ဒီနေရာကအမြန်ဆုံးထွက်သွားပါ"

စွန်းထင်းလု ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။ ဤအမျိုးသမီးသည် သူ့အား ကူညီရုံတင်မက မိမိ၏နာမည်ကိုပါသိရှိနေသည်မဟုတ်ပါလော။

မည်သို့ဆိုစေ စွန်းထင်းလုသည် သူမ၏စကားကိုမပယ်ရှားဝံ့ပါ။ သူသည် ရန်သူများ အချိန်မရွေးရောက်ရှိလာနိုင်ကြောင်း နားလည်ထားသဖြင့် ကိုယ်ဖော့ပညာကိုအသုံးပြုကာ ပြေးထွက်ခဲ့လေတော့သည်။

၀၀၀၀



နေရာက စားသောက်ဆိုင်တစ်ဆိုင်မှာဖြစ်သည်။

စားသောက်ဆိုင်ကြီးမှာ ကြီးမားပြီး အပေါ်ထပ်တွင်တည်းခိုရန် အိပ်ခန်းပေါင်းများစွာရှိလေသည်။ သို့သော် စားသောက်ဆိုင်တစ်ခုလုံးမှာ ဖုန်အလိမ်းလိမ်းဖြင့်ရှိနေလေသည်။

ထို့ပြင် ဆိုင်လုလင်လေးသည်ပင် စားပွဲပေါ်၌ခေါင်းတင်ကာငိုက်မျဉ်းနေလေသည်။

ထိုအချိန်တွင် ဆိုင်ရှေ့သို့ပြေးလွှားလာသောအသံတစ်သံထွက်ပေါ်လာသဖြင့် ငိုက်မျဉ်းနေသောဆိုင်လုလင်လေး၏ဦးခေါင်းဆတ်ခနဲ ထောင်သွားလေသည်။

သူသည် ဆိုင်အပေါက်ဝဆီသို့ ပြေးထွက်လာ၏။ ထိုအခါ ဆိုင်အပေါက်ဝတွင် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသောလူရွယ်တစ်ယောက်ရောက်ရှိလာလေသည်။

သူ၏ကျောပေါ်တွင် အနီရောင်သေတ္တာတစ်လုံးကိုပိုးထား၏။ ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံးမှာဝင်းလက်တောက်ပသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဖြူရောင်ဝတ်ဆင်ထားသောလူရွယ်ထံသို့ ပြေးလွှားသွားလေသည်။

"ကြွပါ... ကြွပါ အစ်ကိုလေး၊ ကျွန်တော်က အစ်ကိုလေးကိုစောင့်နေတာပါ"

စွန်းထင်းလုမျက်မှောင်ကုပ်လိုက်သည်။

"ဘာ... ကျုပ်ကိုစောင့်နေတာဟုတ်လား"

ဆိုင်လုလင်၏ ကြည်လင်ပိုင်းစက်သောမျက်လုံးလေးများ ပြူးကျယ်သွားမိလေသည်။ သို့သော် သူကရယ်မောလိုက်၏။

"ဟဲ... ဟဲ... ဟဲ ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်က အစ်ကိုလေးတို့လို ခရီးသည်မျိုးကိုစောင့်နေရတာပေါ့၊ ဒီနေရာက အတော်လေးခေါင်တယ်လေ... ဒါကြောင့် ဘယ်ခရီးသည်မှမလာကြဘူးဗျာ"

စွန်းထင်းလုက မျက်ခုံးပင့်၍ကြည့်ကာပြုံးလိုက်သည်။

သူသည် အလွန်ငယ်ရွယ်ချောမောသောဆိုင်လုလင်လေးကို ကြည့်ကာ ခင်မင်ရင်းနှီးစွာဖြင့်ပြုံးပြလိုက်မိခြင်းဖြစ်၏။

ဆိုင်လုလင်လေးကစွန်းထင်းလုအားအကဲခတ်ကြည့်ရင်း

"အစ်ကိုလေး ကျွန်တော်တို့စားသောက်ဆိုင်မှာ အေးအေးဆေးဆေးစားသောက်တည်းခိုနိုင်ပါတယ်"

စွန်းထင်းလုက ဆိုင်ထဲသို့လှမ်းဝင်ကာ မျက်လုံးဝေ့၍ကြည့်လိုက်လေသည်။



ဆိုင်ထဲတွင်ဖုန်အလိမ်းလိမ်းရှိနေ၏။ သူသည် ဤဆိုင်မှာလူသူအရောက်အပေါက်နည်းကြောင်း အမှန်တကယ်ယုံကြည်သွားမိလေသည်။

သူ ရင်ထဲမှကျိတ်ကာကျေနပ်သွားမိ၏။

ယခုကဲ့သို့သောအခြေအနေမျိုးတွင် သူသည် ဤဆိုင်ကဲ့သို့သောလူသူအရောက်အပေါက်နည်းသောဆိုင်တွင် တည်းခိုသင့်သည်မဟုတ်ပါလော။

သူက ဆိုင်ကလေးအားလှည့်ပတ်ကြည့်နေသည်။

ဆိုင်လုလင်လေးက သူ့အားပြုံးပြလိုက်သည်။

သူ၏အပြုံးမှာ နှစ်လိုဖွယ်ကောင်းလှပေသည်။

"အစ်ကိုလေး... ကျွန်တော်တို့ရဲ့တည်းခိုခန်းမှာတည်းမယ်မဟုတ်လား"

သူက ဆိုင်တစ်ခုလုံးကိုမျက်လုံးဝေ့ကြည့်ကာ မျက်မှောင်ကုပ်လိုက်လေသည်။

"ဆိုင်ရှင်လဲ မတွေ့ပါလား"

ဆိုင်လုလင်လေးက ရင်ကော့ကာ ရယ်မောလိုက်၏။

"ဟဲ... ဟဲ... ဟဲ... ကျွန်တော်ပဲဆိုင်လုလင်... ကျွန်တော်ပဲဆိုင်ရှင်လေ၊ ဒါကြောင့် အစ်ကိုလေးကနားအေးပါးအေးတည်းခိုနိုင်မယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းလုက သူ့အားမျက်လုံးပြူးကာ ကြည့်လိုက်သည်။

ဆိုင်လုလင်၏အသက်မှာ တစ်ဆယ့်ခြောက် တစ်ဆယ့်ခုနစ်နှစ်ခန့်သာရှိဦးမည်ဖြစ်သည်။ ထို့ပြင်... ဆိုင်လုလင်လေး၏မျက်လုံးအစုံမှာဝိုင်းစက်ကြည်လင်နေပြီး ပါးနှစ်ဖက်နှင့်နှုတ်ခမ်းအစုံကအနီရောင်သမ်းနေ၏။

ဖြူဖွေးနုနယ်သောအသားအရေရှိနေသောကြောင့် ရုပ်ရည်ချောမောသည့်လူရွယ်တစ်ယောက်ဖြစ်သည်။

ညှိမှုံနုနယ်ပြီး ချောမောလှသည့်လူရွယ်က ညှိမှုံချောင်ကျသောနေရာတွင် စားသောက်ဆိုင်ကိုတစ်ယောက်တည်းလာဖွင့်ထားသည်မှာ အလွန်အံ့ဩစရာကောင်းနေသည်မဟုတ်ပါလော။

မည်သို့ဆိုစေ စွန်းထင်းလုသည် ညှိနေရာကဲ့သို့ချောင်ကျပြီး လူသူအရောက်အပေါက်နည်းသောနေရာတွင် နေထိုင်သင့်သည်ဟု ယူဆထား၏။

"ကဲ... ကျုပ်အတွက် အခန်းတစ်ခန်းပေးပါ"

ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

"ဟာ... ဝမ်းသာလိုက်တာ... ဝမ်းသာလိုက်တာ၊ ကြွပါဗျာ... ကြွပါ၊ အပေါ်ထပ်မှာအခန်းကောင်းကောင်းသန့်သန့်လေးရှိပါတယ်"

သူကပြောပြီး စွန်းထင်းလု၏ကျောပေါ်တွင် ပိုးလွယ်ထားသောသေတ္တာရှည်လေးအားလှမ်းယူလိုက်သည်။ စွန်းထင်းလုက ပြုံး၍ခေါင်းခါယမ်းလိုက်၏။

"ရပါတယ်... ကျုပ်အတွက် တည်းခိုဖို့အခန်းကိုသာ လိုက်ပို့ပေးပါ"

ဆိုင်လုလင်လေး၏မျက်နှာတစ်ချက် ညှိုးနွမ်းသွားသည်။

သို့သော် သူကပြုံး၍ခေါင်းညိတ်လိုက်၏။

"ဟာ... ကြွပါ... ကြွပါ၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

သူကပြောပြီး အပေါ်ထပ်သို့တက်သည့်လှေကားအတိုင်း လှမ်းတက်သွားလေသည်။

စွန်းထင်းလုက သူ့နောက်မှလိုက်ပါသွား၏။

ဆိုင်လုလင်လေးက ရှေ့မှလမ်းပြခေါ်ဆောင်သွားရင်းမှ...

"ကျွန်တော်တို့တည်းခိုခန်းက တကယ့်ကို နားအေးပါးအေးတည်းခိုလို့ကောင်းပါတယ်... နောက်ပြီးသန့်ပြန့်တယ်၊ သန့်ရှင်းတယ်လေ"

စွန်းထင်းလုက သူ့နောက်မှလိုက်လာပြီး ဖုန်အလိမ်းလိမ်းတက်နေသည့်အဆောက်အအုံအား တစ်ချက်ဝေ့ကြည့်ကာ ပြုံးလိုက်မိသည်။

သို့သော် ဆိုင်လုလင်လေးက သူ့အားလှည့်မကြည့်ဘဲ မိမိ၏တည်းခိုခန်း မည်မျှကောင်းကြောင်းကိုဆက်၍ကြွားဝါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတည်းခိုခန်းကို အကောင်းဆုံးဗိသုကာနဲ့အလုပ်သမားပေါင်းတစ်ထောင်ကျော်အင်အားယူပြီး တည်ဆောက်ထားတာလေ၊ ဒါကြောင့် ဘယ်တည်းခိုခန်းကမှမမီဘူး... ဒါကြောင့်"

"ချွတ်..."

"ဝုန်း....."

ရုတ်တရက် ဆိုင်လုလင်လေး၏စကား ပြတ်တောက်သွား၏။ အကြောင်းကား သူသည် ကြမ်းပေါက်ကျိုးပွဲကာ ခြေထောက်တစ်ချောင်းကအောက်သို့ကျွံကျသွားသည်မဟုတ်ပါလော။

စွန်းထင်းလုက သူ့အားပြုံးစေ့စေ့ဖြင့်ကြည့်လိုက်သည်။

သူက ဆိုင်လုလင်လေးအားဆွဲထူကာ....

"ကဲ... ဆက်ပြောစမ်းပါဦး၊ မင်းရဲ့နန်းတော်ကဲ့သို့ တည်းခိုခန်းဆောက်လုပ်ထားပုံအကြောင်းကို"

ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

သို့သော် သူက လေသံပြောင်းလဲသွားခြင်းမရှိပါ။

"ဟုတ်ကဲ့... ကျွန်တော်က အဲဒီလောက် အင်အားအပြည့်အဝနဲ့တည်ဆောက်ထားတော့ တည်းခိုခန်းက ခိုင်ခံ့ပြီး သန့်ပြန့်ပါတယ်၊ ဒါပေမယ့် ဓားစောကကျိုးပွဲသွားတဲ့ကြမ်း တစ်ချောင်းကတော့ ဆွေးနေတဲ့သစ်တစ်ချောင်း ညပ်ပါသွားတာနဲ့တူတယ်၊ အား... ကျွတ်... ကျွတ်"



သူကပြောပြီး တစ်ချက်ရှုံ့မဲ့လိုက်သည်။ ထိုအချိန် သူသည် အခန်းတစ်ခုအား တွန်းဖွင့်လိုက်၏။ အခန်းထဲတွင် ဖုန်အလိမ်းလိမ်းထနေသောစားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် အိပ်ရာခင်းထားသောခုတင်တစ်လုံးရှိနေလေသည်။

ထိုခုတင်မှာ ဖုန်အလိမ်းလိမ်းတက်ရှိသာမကပါ။

ပင့်ကူမျှင်များဖြင့်လည်း ရှုပ်ထွေးနေလေသည်။

စွန်းထင်းလုက သူ့အားကြည့်လိုက်သည်။

"မင်းရဲ့တည်းခိုခန်းက နန်းတော်လိုသန့်ပြန့်ခိုင်ခံ့လှပါလား"

ဆိုင်လုလင်လေး၏မျက်နှာ နီရဲသွားလေသည်။

သူကမျက်နှာချိုသွေးလိုက်၏။

"ဟဲ... ဟဲ... ဟဲ... ဒါကို ကျွန်တော် အခုချက်ချင်းသန့်ပြန့်ပေးမှာပါ"

သူကပြောပြီး အိပ်ရာပေါ်ရှိဖုန်များအား အဝတ်ဖြင့်ခါလိုက်လေသည်။ ထို့နောက်....

ပင့်ကူမျှင်များအားရှင်းလင်းရင်းဆက်ပြောလိုက်၏။

"အမှန်တော့ ကျွန်တော်တို့တည်းခိုခန်းက တကယ်သန့်ပြန့်ပြီးသန့်ရှင်းပါတယ်၊ ဒါပေမယ့် အဆောက်အအုံကြီးက ကျယ်ဝန်းလှတော့ အခန်းတိုင်းကိုလိုက်မရှင်းနိုင်ဘူးလေ၊ ဒါကြောင့် ဧည့်သည်လာမှရှင်းပေးရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းလုက အမှိုက်များကိုရှင်းလင်းနေသောဆိုင်လုလင်လေး၏လက်အား အမှတ်မထင်ကြည့်လိုက်မိသည်။ အလွန်နုနယ်၍ သွယ်လျသောလက်ချောင်းကလေးများပင်ဖြစ်၏။

သူက ခေါင်းခါယမ်းလိုက်၏။

"တော်ပါပြီ… တော်ပါပြီ… ဒီလောက်ဆိုရင် ကျုပ်နေလို့ရပါပြီ"

ဆိုင်လုလင်လေးကကျေနပ်စွာပြုံးလိုက်သည်။

သူက စွန်းထင်လုအားဦးညွှတ်ကာ…

"အစ်ကိုလေး… ဘာများသုံးဆောင်လိုပါသလဲ"

စွန်းထင်းလုမျက်မှောင်ကုပ်လိုက်၏။

သူသည် ဆိုင်လုလင်အားဘဝင်မကျဟန်ဖြင့်ကြည့်ကာ…

"ဟေ့… တည်းခိုခန်းဆိုတာ ဧည့်သည်လာရင် အရင်ဆုံး မျက်နှာသစ်ရေပေးရတယ်၊ နောက်ပြီး တည်းခိုခန်းခတောင်းရတယ်၊ မင်းက ဘာဖြစ်လို့ ကျုပ်ကိုအစားအသောက်ကစပြီးမေးနေရတာလဲ"

ဆိုင်လုလင်လေး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူက ချက်ချင်းပင်ရယ်မောလိုက်၏။

"ဟဲ… ဟဲ… ဟဲ… ကျွန်တော်က အခုပဲ မျက်နှာသစ်ရေကို သွားယူပေးမလို့ပါ၊ အဲ… မျက်နှာသစ်ရေယူပေးရင်း ဘာများစား



သောက်မလဲဆိုတာသိချင်လို့ အခုလိုမေးမိတာပါ၊ စိတ်မရှိပါနဲ့နော်၊ အဲ… တည်းခိုခန်းခကိုတော့ ပေးချင်တဲ့အချိန်မှပေးပါ၊ ကျွန်တော်က အစ်ကိုလေးရဲ့ချောမောခန့်ညားတဲ့မျက်နှာကိုကြည့်ပြီး ယုံကြည်ပါတယ်"

စွန်းထင်းလုပြုံးလိုက်မိသည်။

ဤဆိုင်လုလင်က အလွန်စကားများသူဟု ယူဆလိုက်လေသည်။ မည်သို့ဆိုစေ ဤနေရာသည် သူ့အတွက် အလွန်အသုံးဝင်သောနေရာဖြစ်သဖြင့် မစွန့်လွှတ်နိုင်ပါ။ သူသည် ဆိုင်လုလင်လေးအား လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ… သွားပါ၊ ကျုပ်အတွက်မျက်နှာသစ်ရေယူခဲ့ပါ"

ဆိုင်လုလင်လေးက အခန်းအပြင်သို့ထွက်သွား၏။

စွန်းထင်းလုကတံခါးကိုစေ့ပြီး စားပွဲအနီးသို့ပြန်လျှောက်လာလေသည်။

ယင်းနောက် ကျောပေါ်တွင်ပိုးလွယ်ထားသောဗျပ်စောင်းကို စားပွဲပေါ်သို့ချထားလိုက်၏။

ဗျပ်စောင်းအားချည်နှောင် ရစ်ပတ်ထားသောပိုးကြိုးများသည် စားပွဲပေါ်မှတစ်ဆင့် အောက်သို့ တိုးလို့တွဲလောင်းကျနေလေသည်။ သူသည် ဤပိုးကြိုးများကိုပြန်လည်မသိမ်းဆည်းနိုင်သေးပါ။ ယခုလောလောဆယ် အရေးကြီးနေသည်မှာ…

www.burmeseclassic.com

www.burmeseclassic.com



ဤပတ်ဝန်းကျင်တွင် သူ့အားအန္တရာယ်ပြုမည့်သူ ရှိမရှိကို စုံစမ်းရမည်မဟုတ်ပါလော။

၀၀၀၀

ဆိုင်လုလင်လေးသည် အခန်းအပြင်သို့ရောက်ရှိသောအခါ စွန်းထင်းလုကတံခါးကိုပြန်လည်ပိတ်လိုက်သဖြင့် အနည်းငယ် မျက်မှောင်ကုပ်လိုက်၏။ သူသည် ထိုနေရာမှထွက်ခွာသွားခြင်း မပြုသေးဘဲ ပြတင်းပေါက်မှစက္ကူအား လက်ညှိုးဖြင့်ဖောက်ကာ အခန်းထဲသို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ စွန်းထင်းလု၏လှုပ်ရှားမှုကိုအံ့ဩဖွယ်ရာတွေ့မြင်လိုက်ရလေ၏။ စွန်းထင်းလုသည် အခန်း၏တစ်ဖက်နံရံအား ခြေကန်ကာ နားဖြင့်ဖိကပ်၍နားစွင့်လိုက်၏။

ပြီးနောက်.... တစ်ဖက်နံရံဆီသို့ပြေးသွားကာနားဖြင့်ဖိကပ်၍နားစွင့်လိုက်ပြန်လေသည်။

ဤမျှနှင့်မပြီးသေးပါ။ သူသည် ကြမ်းပြင်အားနားဖြင့်ဖိကပ်ကာနားစွင့်လိုက်ပြန်၏။

ဆိုင်လုလင်လေးသည် သူ့အားကြည့် ရင်း မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေသည်။

သူသည် နှုတ်ခမ်းတွန့်ကာပြုံးရင်း...



"သေချာပြီ... သူနဲ့ပါလာတဲ့သေတ္တာဟာ မရဏဗျပ်စောင်း ဆိုတာသေချာနေပြီ"

ဟုကျိတ်၍ရေရွတ်လိုက်သည်။ ဤမျှခေါင်လွင်သောနေရာ ဆိုင်လုလင်လေးသည် အဘယ်ကြောင့် မရဏဗျပ်စောင်းကိုသိနေရ ပါသနည်း။

ဤဆိုင်လုလင်သည် မည်သူဖြစ်မည်နည်း။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းလှသည် ကြမ်းပြင်အား နားဖြင့်ဖိကပ်ကာနားစွင့်နေလေသည်။ မည်သည့်လှုပ်ရှားမှုမျိုးကိုမျှမတွေ့ရသောအခါ သူစိတ်ကျေနပ်သွား၏။

ကြမ်းပြင်ပေါ်မှပြန်ထရန်ဟန်ပြင်လိုက်စဉ်....

"ဝုန်း...."

ရုတ်တရက် တံခါးပွင့်သွားပြီး လူတစ်ယောက်လဲပြိုကျလာသည်ကိုတွေ့မြင်လိုက်ရ၏။ သူက တိုက်ခိုက်ရန်ဟန်ပြင်ပြီးမှ ကမန်းကတန်းလက်ကိုရုပ်သိမ်းလိုက်ရလေသည်။

အကြောင်းကား တံခါးပေါက်မှပြုတ်ကျလာသောလူသည် ဆိုင်လုလင်လေးဖြစ်နေသောကြောင့်ပင်။

ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံး နီရဲနေလေသည်။

သူ ကမန်းကတန်းလူးလိမ့်ထရပ်လိုက်၏။ စွန်းထင်းလှက သူ့အားမျက်မှောင်ကုပ်ကာ ကြည့်လိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ"

ဆိုင်လုလင်လေးကခေါင်းငုံ့နေလေသည်။



ရုတ်တရက် သူအကြံရသွားကာ အခန်းတစ်ခုလုံးရှိပြတင်းပေါက်များအား လိုက်ဖွင့်နေ၏။

ထို့နောက် မျက်နှာချိုသွေးကာ...

"ဟဲ... ဟဲ... ဟဲ... ကျွန်တော်က တံခါးမဖွင့်ရသေးတာကို အမှတ်ရလို့ပြန်လာရင်း အစ်ကိုလေးကတံခါးပိတ်ထားတယ်ထင်လို့ တံခါးခေါက်လိုက်တာ၊ အဲဒီတံခါးက ဂျက်မချထားတော့ အရှိန်လွန်ပြီး ပြုတ်ကျသွားတာပါ"

စွန်းထင်းလှက အူကြောင်ကြောင်နိုင်လှသောဆိုင်လုလင်အားကြည့်ကာ စိတ်ထဲ၌ရယ်ချင်လာမိလေသည်။

"ကောင်းပြီ... အခုမြန်မြန်သွားပြီး ကိုယ်လက်သန့်စင်ဖို့ ရေယူခဲ့ပါ"

ဆိုင်လုလင်ကခေါင်းညိတ်ကာ ပြေးထွက်သွားရန်ဟန်ပြင်လိုက်၏။ စွန်းထင်းလှကဟန့်တားလိုက်သည်။

"ခဏနေပါဦး... မင်း ပြန်လာရင် အခန်းထဲကိုလဲပြိုမကျဘဲ ရောက်လာပါစေ"

ဆိုင်လုလင်လေး၏မျက်နှာ ညိုးနွမ်းသွားလေသည်။

မချိတင်ကဲအပြုံးမျိုးဖြင့် ပြုံးပြလိုက်၏။

"ဟုတ်ကဲ့... စိတ်ချပါအစ်ကိုလေး"

ယင်းသို့ပြောပြီး အပြေးလွှားထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင်.... ဆိုင်လုလင် အခန်းထဲသို့ ပြန်လည်ရောက်ရှိလာ၏။ သူ၏လက်ထဲတွင် ကြွေဇလုံတစ်လုံးပါရှိလာလေသည်။ ကြွေဇလုံထဲတွင် ရေများပါရှိလာ၏။

စွန်းထင်းလုက ကြွေဇလုံထဲသို့လက်နှိုက်၍ ရေဆေးရန်ဟန်ပြင်လိုက်လေသည်။

သို့သော် ချက်ချင်းပင် လက်ကိုပြန်လည်ရုပ်သိမ်းလိုက်၏။ အကြောင်းကား ကြွေဇလုံထဲ့ရှိရေမှာ ကြည်လင်နေသော်လည်း ဇလုံမှာ ချေးအထပ်ထပ်ဖြင့်ညစ်ပေနေသောကြောင့်ဖြစ်သည်။

စွန်းထင်းလု မျက်နှာတစ်ချက်ရှုံ့ကာ ဆိုင်လုလင်အား လှမ်းကြည့်လိုက်၏။ ဆိုင်လုလင်လေးကသူ့အားသွားဖြဲကာပြုံးပြနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

စွန်းထင်းလု စကားမပြောတော့ပါ။ သူသည် ရေဇလုံထဲရှိရေဖြင့် ခေါင်းငုံ့ကာမျက်နှာသစ်လိုက်လေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် ဆိုင်လုလင်လေး၏မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေသည်။

သူသည် ခေါင်းငုံ့မျက်နှာသစ်နေသောစွန်းထင်းလုအားတစ်ချက်လှမ်းကြည့်ကာ စားပွဲပေါ်တွင် တင်ထားသောသေတ္တာနီလေးအား ဖြည်းညင်းစွာ မ,ယူလိုက်၏။

ထို့နောက်....



ပေါ့ပါးသောခြေလှမ်းများဖြင့် အခန်းတံခါးဝဆီသို့လျှောက်သွားလေသည်။ သူ၏ရည်ရွယ်ချက်မှာ ဤသေတ္တာအားယူ၍ထွက်ပြေးရန်ဖြစ်သည်။ သို့သော် သူသည် ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်ရလေသည်။

အကြောင်းကား... သေတ္တာ၏ခါးတွင်ရစ်ပတ်ချည်နှောင်ထားသောပိုးကြိုးစအနီရောင်သည် ကြမ်းပြင်ပေါ်တွင်ကျနေပြီး ထိုကြိုးအား စွန်းထင်းလုကဖိနင်းထားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သူသည် သေတ္တာအား ရှေ့သို့ဆက်လက်သယ်ဆောင်သွားနိုင်ခြင်းမရှိဘဲ ရပ်တန့်လိုက်ရခြင်းဖြစ်လေသည်။

သူသည် ငုံ့၍မျက်နှာသစ်နေသောစွန်းထင်းလုအား စိတ်ထဲမှကျိတ်ကာကျိန်ဆဲလိုက်မိ၏။ ထို့နောက် သေတ္တာအား စားပွဲပေါ်တွင် ပြန်တင်လိုက်ရလေသည်။ ယင်းအချိန်တွင် စွန်းထင်းလုသည် မျက်နှာသစ်ပြီးခေါင်းမော့လိုက်၏။

ထို့နောက် ဆိုင်လုလင်အားပြုံးပြလိုက်လေသည်။

ဆိုင်လုလင်လေးက သေတ္တာနီအားနှမြောတသစွာ ကြည့်နေရာမှ သွားဖြဲကာပြန်လည်ပြုံးပြလိုက်လေသည်။

စွန်းထင်းလုက သူ့အားပြုံး၍ကြည့်လျက်....

"ကဲ... ကျုပ်အတွက် သင့်တော်မယ့်စားစရာတစ်ခုခုလုပ်ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်လေးကခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

ပြောပြီး လေးဖင့်သောခြေလှမ်းများဖြင့်လှမ်းထွက်သွား၏။ စွန်းထင်းလုက သူ၏နောက်ကျောပြင်ကိုကြည့်ကာပြုံးလိုက်မိသည်။ အလွန်လှို့ဝှက်သောအပြုံးမျိုးဖြစ်သည်။

ဆိုင်လုလင်လေး အခန်းထဲမှထွက်သွားသောအခါ သူက မရဏဇာပ်စောင်းထည့်ထားသည့်သေတ္တာအား စားပွဲပေါ်မှယူကာ ကျောပေါ်တွင် ပိုးလွယ်ထားလိုက်၏။ ယင်းတဒင်္ဂအချိန်လေးမှာပင် ဆိုင်လုလင်လေးသည် အခန်းထဲသို့ ဒရောသောပါးပြေးဝင်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူ၏မျက်နှာသည် စက္ကူဖြူတစ်ချပ်ကဲ့သို့ ဖွေးဖွေးဖြူနေ၏။ စွန်းထင်းလုက သူ့အားမျက်မှောင်ကုပ်ကာကြည့်လိုက်သည်။

"ဘာဖြစ်လာပြန်ပြီလဲ"

ဆိုင်လုလင်လေးမှာ မောပန်းလွန်းသဖြင့် စကားပင်မပြော နိုင်သေးပါ။

တစ်ခဏကြာမှ သူကအောက်ဘက်သို့ညွှန်ပြကာ...

"ဟောဟဲ... ဟောဟဲ... အောက်... အောက်မှာလူတွေ ရောက်နေတယ်"

စွန်းထင်းလုကပြုံးလိုက်သည်။



"ဟာ... လူတွေရောက်နေတာကို ဒီလောက် မောကြီး ပမ်း ကြီးနဲ့ပြေးလာရသလား၊ ဒါက မင်းရဲ့စီးပွားရေးကောင်းလာစေမယ့် ဖောက်သည်တွေမဟုတ်လား"

ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။ သူက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး... မဟုတ်သေးဘူး... သူတို့က... သူတို့က...."

စွန်းထင်းလုစိတ်မရှည်တော့ပါ။

သူသည် ဆိုင်လုလင်လေး၏လက်ကိုဆွဲကာ အခန်းအပြင် သို့ထွက်ခွာခဲ့၏။ အခန်းအပြင်သို့ရောက်သောအခါ စင်္ကြံလမ်းတစ် လျှောက် လျှောက်လာလေသည်။

ပြီးမှ အောက်သို့ငုံ့ကြည့်လိုက်၏။

သူ၏မျက်လုံးများပြူးကျယ်သွားမိလေသည်။

အကြောင်းကား အောက်ဘက်မြေညီထပ်တွင် သိုင်းသမား ပါင်းများစွာတို့သည် ဓားလှံလက်နက်စသည်တို့ကိုကိုင်ဆောင်ကာ သူ့အားမော့ကြည့်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူတို့က စွန်းထင်းလု၏ကျောပေါ်တွင် သေတ္တာရှည်အား တွေ့မြင်သောအခါ မျက်နှာပေါ်တွင် လိုချင်တပ်မက်သည့်ဟန်မူရာ များပေါ်လွင်လာလေသည်။ အခြေအနေမဟန်ကြောင်း စွန်းထင်းလု ........းလည်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အား... လူတွေကမနည်းပါလား"

သူတီးတိုးရေရွတ်လိုက်သည်။ ဆိုင်လုလင်လေးကရင်ကော့ကာ မိမိ၏ရင်ဘတ်ကိုပုတ်ပြလိုက်သည်။

"စိတ်မပူပါနဲ့... ဒီကိစ္စကိုကျွန်တော်ရှင်းပေးပါ့မယ်"

စွန်းထင်းလုက သူ့ဘက်သို့လှည့်လိုက်၏။

"ဘာလဲ... မင်း သူတို့နဲ့ရင်ဆိုင်တိုက်ခိုက်မလို့လား"

ဆိုင်လုလင်လေက ကမန်းကတန်းခေါင်းခါယမ်းလိုက်၏။

"ဟာ... မဟုတ်ပါဘူး"

စွန်းထင်းလုကပို၍မျက်မှောင်ကုပ်လိုက်သည်။

"ဒါဖြင့်...."

ဆိုင်လုလင်လေးက မိမိရင်ဘတ်ကိုပုတ်လိုက်၏။

"လာ... ကျွန်တော့်နောက် လိုက်ခဲ့"

ပြောပြီး စွန်းထင်းလု၏လက်ကိုဆွဲကာ ပြေးလွှားသွား၏။ သူပြေးလွှားသွားသောနေရာမှာ မြေညီထပ်မှအပေါ်ထပ်ဆီသို့တက်သည့်လှေကားများဆီသို့ဖြစ်လေသည်။

အောက်ဘက်တွင် ရပ်နေသောသိုင်းသမားများက တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားကြလေသည်။

စွန်းထင်းလု မျက်လုံးမျက်ဆံပြူးသွား၏။

သူ ကမန်းကတန်းအော်ဟစ်လိုက်သည်။



"ဟေ့... ဟေ့... မင်းကဘယ်ပြေးတာလဲ"

ဆိုင်လုလင်လေးက ယခုမှသတိရဟန်ဖြင့် ကမန်းကထန်း ခြေလှမ်းရပ်တန့်လိုက်လေသည်။ တစ်ဖန် လာလမ်းအတိုင်းပြန်ပြေး လာ၏။

စွန်းထင်းလုက သူ့နောက်မှလိုက်လာရလေသည်။

ထိုအခါ အောက်ဘက်တွင် တိုက်ခိုက်ရန်စောင့်နေကြသော သိုင်းသမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

"ဟာ... ပြေးပြီဟေ့၊ လိုက်ကြ... လိုက်ကြ"

သူတို့သည် အော်ဟစ်ရင်းပြေးလာလေသည်။

ဆိုင်လုလင်လေးက စွန်းထင်းလု၏လက်ကိုဆွဲကာ အခန်း တစ်ခုထဲသို့ပြေးဝင်သွား၏။ သူက အခန်းအား မျက်လုံးဝေ့ကြည့်ကာ ခေါင်းခါယမ်းလိုက်လေသည်။

"ဟာ... မဟုတ်သေးပါဘူး"

ပြောပြီး စွန်းထင်းလု၏လက်ကိုဆွဲကာ ပြန်လည်ပြေးထွက် လာပြန်လေသည်။ စွန်းထင်းလု၏ရင်ထဲ၌ ထိတ်လန့်လာလေသည်။

အကြောင်းကား... အောက်ဘက်မှတက်လာကြသောသိုင်း သမားများ လှေကားထိပ်သို့ရောက်ရှိနေပြီကိုတွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူက ဆိုင်လုလင်လေးအားကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်... မြန်မြန် ဟိုမှာ မင်းပထွေးတွေလာကုန်ကြပြီ"

ဆိုင်လုလင်လေးကခေါင်းညိတ်ကာ ကမန်းကတန်း ရှေ့မှ ပြေးသွားနေ၏။ သူသည် စွန်းထင်းလု၏လက်ကိုဆွဲကာပြေးလွှား နေခြင်းဖြစ်လေသည်။

ရုတ်တရက် သူသည် လဲပြိုသွား၏။

အမှန်တွင်.... သူသည် စောစောကအပေါက်ကျုံကျခဲ့သော ကြမ်းပြင်အောက်သို့ခြေထောက်ကျွံသွားခြင်းဖြစ်သည်။

ထိုအခါ စွန်းထင်းလုလည်းလဲကျသွားရလေသည်။

စွန်းထင်းလုက ကမန်းကတန်းလူးလဲထရပ်ပြီး ဆိုင်လုလင် လေးအားဆွဲထူလိုက်ရ၏။ ဆိုင်လုလင်လေးကမျက်နှာတစ်ခုလုံးရှုံ့မဲ့ ကာ ညည်းညူနေ၏။

ယင်းအချိန် သိုင်းသမားများမှာ စကြံလမ်းအတိုင်း အပြေး လာနေကြပြီဖြစ်သည်။

သူကထိတ်လန့်သွားကာ အနီးရှိအခန်းတစ်ခုထဲသို့ဝင်ပြေး လေသည်။ စွန်းထင်းလုလည်း သူ့နောက်မှပြေးဝင်လိုက်ရ၏။ သူက ပြေးဝင်ပြီးသည်နှင့်တံခါးအား မင်းတုပ်ချထားလိုက်၏။

သူက ဆိုင်လုလင်လေးအားလှည့်ကြည့်လိုက်၏။

"ကဲ.... ဘယ်လိုလုပ်မလဲ၊ မင်းက အရာရာနဲ့အကြောင်း ကြောင်းပဲကိုး၊ ကဲ... အခုဘယ်လိုလုပ်ကြမလဲ"



ဆိုင်လုလင်လေးက မျက်နှာတစ်ခုလုံးရှုံ့မဲ့လျက် လက်ကာ ပြလိုက်လေသည်။

"နေပါဦးဗျာ... ကျွန်တော့်ရဲ့ဒူးခေါင်းတွေ စုတ်ပြတ်သွားပြီ ထင်တယ်"

သူကပြောပြီး ဒူးခေါင်းအားပွတ်နေ၏။ ယင်းအချိန် တံခါး အပြင်ဘက်မှတဒုန်းဒုန်းထုရိုက်သံများထွက်ပေါ်လာလေသည်။

စွန်းထင်းလုက မျက်လုံးပြူးသွားရလေသည်။

ထိုအချိန်တွင်... ဆိုင်လုလင်လေးက သူ၏လက်ကိုဆွဲကာ ခုတင်ဆီဆွဲခေါ်လာလေသည်။

စွန်းထင်းလုက ဒေါသကြီးစွာဖြင့်ကြည့်လိုက်၏။

"မင်း အူကြောင်ကြောင်လုပ်တာနဲ့ ငါပါသေတော့မယ်... ဖယ်စမ်း"

ဆိုင်လုလင်လေးကသူ၏လက်ကိုမလွှတ်ပါ။ သူသည် ခုတင် အားဆွဲဖယ်လိုက်လေသည်။ ထိုအခါ ခုတင်အောက်တွင်လျှို့ဝှက်မြေ အောက်လမ်းတစ်ခုရှိနေသည်ကိုတွေ့မြင်လိုက်ရ၏။

ဆိုင်လုလင်လေးက သူ့အားထိုအပေါက်ထဲသို့ထိုးသွင်းလိုက် သည်။

"မြန်မြန်... မြန်မြန်"

စွန်းထင်းလု ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူ၏ဖျပ်စောင်းထည့်ထားသောသေတ္တာသည် အပေါက်ဝနှင့်မဆန့်အောင်ဖြစ်နေလေသည်။ ဆိုင်လုလင်လေးက သူ၏ရင်ဘတ်မှကြိုးများကိုဖြေပေးပြီး ဖျပ်စောင်းအား ကောက်ကိုင်လိုက်၏။ စွန်းထင်းလုက အောက်သို့ဆင်းကာ ဖျပ်စောင်းထည့်ထားသောသေတ္တာအားယူဆောင်သွားလေသည်။

ဆိုင်လုလင်လေးက သူ့အားမျက်စောင်းခဲလိုက်၏။

ထို့နောက်... အပေါက်မှကမန်းကတန်းဆင်းကာ ခုတင်ကိုနေရာတကျဆွဲထားလိုက်ပြီးနောက် သံမဏိပြားအား ဆွဲပိတ်လိုက်သည်။ ထိုအခါ မြေအောက်လမ်းတစ်ခုလုံး မှောင်မိုန်းသွား၏။

ယင်းအချိန်တွင် ဆိုင်လုလင်လေးက သံမဏိပြားကိုစမ်းကာသော့ပိတ်လိုက်လေသည်။

ထို့နောက်... လှေကားအတိုင်းပြေးဆင်းခဲ့၏။

"ဝုန်း...."

"အွန့်...."

သူသည် အရာဝတ္ထုတစ်ခုကိုတိုက်မိကာပြို့လဲကျသွားပြန်လေသည်။ ယင်းအချိန် စွန်းထင်းလု၏ကျိတ်၍ရယ်မောသံကိုကြားလိုက်ရလေသည်။

"ဟား... ဟား... ဟား... မင်းကတော့လေ၊ ငါတစ်ယောက်လုံးရပ်နေတာတောင်မှဝင်တိုက်ရတယ်လို့"



ဆိုင်လုလင်လေးက ဒေါသကြီးစွာဖြင့်....

"ဒီလောက်မှောင်မည်းနေတာ ဘာမြင်ရမလဲ၊ ခင်ဗျားမြင်ရင်ရှောင်ပါလား"

စွန်းထင်းလုကတော့ မပြောနိုင်တော့ပါချေ။ သူသည် ဆိုင်လုလင်လေးဒေါသထွက်နေကြောင်းသိရှိရသဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေသည်။ ဆိုင်လုလင်လေးမှာ ယခုအချိန်အထိ မကျေနပ်သေးပါ။

သူသည် ပါးစပ်မှပွစိပွစိဖြင့်မြည်တွန်ပြောဆိုရင်း ရှေ့မှပြေးသွားလေသည်။ စွန်းထင်းလုပြုံးလိုက်မိသည်။

သူသည် ဤဆိုင်လုလင်လေးက ရုပ်ရည်ချောမောနုနယ်သဖြင့် မိန်းကလေးနှင့်တူရုံသာမက မိန်းကလေးကဲ့သို့ ပွစိပွစိပြောတတ်သည်ကိုတွေ့မြင်လိုက်ရသည်မဟုတ်ပါလော။

သူကပြုံးလျက် ဆိုင်လုလင်လေးနောက်မှလိုက်ပါ၏။

ဆိုင်လုလင်လေးက ပွစိပွစိဖြင့်ပြောလာရာမှ ရုတ်တရက်ခြေလှမ်းရပ်တန့်လိုက်လေသည်။

ထိုအခါ နောက်မှလိုက်လာသောစွန်းထင်းလုက သူ့အားဝင်တိုက်လိုက်၏။

"ဒုန်း...."

ဆိုင်လုလင်လေး အကြီးအကျယ်ဒေါပွသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စွန်းထင်းလုကတိုက်ချလိုက်သဖြင့် ရှေ့ဘက်သို့ လွင့်စဉ်သွားပြီး ရှေ့ဘက်မှသံမဏိပြားဖြင့်ဝင်ရောက်ဆောင့်မိလိုက်သောကြောင့်ဖြစ်သည်။

"ခင်ဗျား ကျွန်တော်တစ်ယောက်လုံးရပ်နေတာတောင်မှ မမြင်ဘူးလား"

ဟုတင်းမာသောလေသံဖြင့်ပြောလိုက်၏။

စွန်းထင်းလုက မျက်မှောင်ကုပ်လိုက်သည်။

"ဟာ... ဒီလောက်မှောင်မည်းနေတာ ကျုပ်ကဘယ်လိုမြင်မှာလဲ၊ မင်းကကော ဆက်မလျှောက်ဘဲဘာရပ်လုပ်နေတာလဲ"

ဆိုင်လုလင်လေးက တင်းမာသောလေသံဖြင့်....

"ခင်ဗျားအတော်ကျေးဇူးကန်းတာပဲ၊ ကျွန်တော်က ခင်ဗျားကိုကယ်လာတာဗျ။ ဒီမှာ အပြင်ကိုထွက်ဖို့တံခါးပေါက်ရှာနေတာကို ဘာအပြစ်တင်နေတာလဲ"

စွန်းထင်းလုကပြုံးရင်း ဆိုင်လုလင်လေးအား တောင်းပန်လိုက်လေသည်။

"ကျုပ် မသိလို့ပြောမိတာခွင့်လွှတ်ပါကွာ"

ယင်းအချိန်မှာပင်... ဆိုင်လုလင်လေးက သံမဏိတံခါးပြားကြီးအားဆွဲဖွင့်လိုက်၏။

"ကျွိ..."



ရှည်လျားသောအော်မြည်သံကြီးနှင့်အတူ အပြင်ဘက်ဆီမှ အလင်းရောင်များကိုတွေ့မြင်လိုက်ရလေသည်။ ထိုအခါကျမှ စွန်းထင်းလုက မိမိတို့သည် အနောက်ဘက်ခြံဝင်းတစ်ခုဆီသို့ရောက်ရှိနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူ အပြင်သို့လှမ်းထွက်လိုက်စဉ် ဆိုင်လုလင်လေးက တံခါးကိုဆွဲပိတ်လိုက်၏။

စွန်းထင်းလုက ဝန်းကျင်အားလျှောက်ကြည့်နေလေသည်။

"ဒီနေရာကဘယ်နေရာလဲ"

ဆိုင်လုလင်လေးက ပြုံးလိုက်လေသည်။

သူက စွန်းထင်းလုအားလက်ကာပြလိုက်ပြီး...

"ခင်ဗျား ကြောက်နေတုန်းပဲလား... စိတ်ချ... ဒီနေရာကို ဘယ်သူမှမမြင်နိုင်ပါဘူး"

သူက တစ်စုံတစ်ခုကိုသတိရကာ မျက်မှောင်ကုပ်လိုက်လေသည်။ အကြောင်းကား ဤနေရာသည် ထွက်ပေါက်မရှိဘဲ လူနှစ်ရပ်ခန့်မြင့်မားသောအုတ်တံတိုင်းတစ်ခုကိုသာ တွေ့မြင်ရသောကြောင့်မဟုတ်ပါလော။

"ဟေ့... မင်းက ဒီနေရာကိုခေါ်လာတာတော့ ဟုတ်ပါပြီ... ဘယ်မှာလဲ ထွက်ပေါက်"

ဆိုင်လုလင်လေးက ပြုံး၍လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှစိတ်မပူပါနဲ့ဗျာ... ဒီအုတ်တံတိုင်းကိုကျော်ပြီးရင် ဂိုထောင်တစ်လုံးကိုရောက်မယ်၊ ဂိုထောင်ဟောင်းကိုကျော်လိုက်ရင် လမ်းမကြီးကိုရောက်သွားမယ်လေ၊ ဒါဆိုရင် အစ်ကိုလေးသွားချင်တဲ့ ကျန်းနန်ကိုရောက်ပြီဗျ"

စွန်းထင်းလုက သူ့အားမျက်လုံးပြူးကာကြည့်လိုက်၏။

"နေပါဦး... ကျုပ်က ကျန်းနန်ကိုသွားမယ်လို့ မင်းက ဘာဖြစ်လို့ပြောနိုင်တာလဲ"

ဤတစ်ကြိမ် မျက်လုံးပြူးကျယ်သွားရသူမှာ ဆိုင်လုလင်လေးပင်ဖြစ်ပေသည်။ သူက စွန်းထင်းလုဘက်သို့လှည့်ကာ ကမန်းကတန်းရှင်းပြလိုက်ရလေသည်။

"ဒီလိုလေ... ဒီနေရာက ကျန်းနန်ကိုသွားမယ့်ခရီးသည်တွေ အများဆုံးရောက်လာတဲ့နေရာဆိုတော့ အစ်ကိုလေးကိုလဲ ကျန်းနန်ကိုသွားမယ်လို့ ခန့်မှန်းပြီးပြောလိုက်တာပါ၊ ကျွန်တော်ပြောတာ မှားနေလို့လား"

စွန်းထင်းလုကခေါင်းခါယမ်းလိုက်သည်။

ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... မမှားပါဘူး၊ မှန်ပါတယ်... သွေးထွက်အောင်ကို မှန်နေလို့ ကျုပ်ကအံ့ဩနေရတာပါ"

ဆိုင်လုလင်လေးကပြုံးလိုက်သည်။



သူက စွန်းထင်းလုအားအုတ်တံတိုင်းကိုညွှန်ပြလိုက်၏။

"ကဲ... အစ်ကိုလေး... ဒီသေတ္တာကြီးကို ကျွန်တော့်ကိုပေးထားပါ၊ ပြီးရင် ဟိုဘက်အုတ်နံရံကိုကျော်ပြီးမှပြန်ယူပေါ့ ဟုတ်လား"

စွန်းထင်းလုကခေါင်းညိတ်လိုက်၏။

"ကောင်းပြီ"

သူက သေတ္တာကြီးအားပေးထားရန်ဟန်ပြင်လိုက်၏။

ဆိုင်လုလင်၏ကြည်လင်တောက်ပသောမျက်လုံးအစုံက ဝင်းလက်တောက်ပလာလေသည်။ သူက သေတ္တာအား လှမ်းယူရန် ဟန်ပြင်လိုက်၏။ သို့သော် စွန်းထင်းလုက လက်ကိုပြန်လည်ရုပ်သိမ်းလိုက်၏။ ဆိုင်လုလင်လေးက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကုပ်သွား၏။

"ဘယ်လိုဖြစ်သွားရတာလဲ"

စွန်းထင်းလုက သူ့အား တစ်ချက်ကြည့်ကာ ပြုံးလိုက်လေသည်။ သူက အုတ်တံတိုင်းဆီသို့လှမ်းကြည့်ကာ ပခုံးတစ်ချက်တွန့်လိုက်လေသည်။

"အင်း... ကျုပ် ဒီအုတ်တံတိုင်းကိုကျော်နိုင်မှာမဟုတ်ဘူးဗျ၊ ပြီးတော့ ဒီအနီးအနားတစ်ဝိုက်မှာလဲ ခုံပြီးတက်ဖို့ဘာလှေကားမှ မရှိဘူး"

သူက စဉ်းစားနေဟန်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"အင်း... တကယ်လို့သာ လှေကားတစ်ခုခုရှိမယ်ဆိုရင် ဟိုဘက်နံရံကိုကျူပ်ကျော်မယ်... ပြီးမှ ဒီသေတ္တာကိုပြန်ယူဖို့ ဟိုဘက်ဂိုထောင်ကိုရောက်သွားမှာသေချာတယ်"

ဆိုင်လုလင်၏မျက်လုံးများက ပို၍ဝင်းလက်တောက်ပလာလေသည်။ သူသည် စွန်းထင်းလုအားလှည့်ကြည့်လိုက်သည်။

"အစ်ကိုလေး တကယ်ပြောတာလား"

စွန်းထင်းလုကပြုံး၍ခေါင်းညိတ်ပြလိုက်၏။

"တကယ်ပေါ့"

ဆိုင်လုလင်လေးက ပြုံးလိုက်သည်။ အလွန်ကျေနပ်သော အပြုံးမျိုးပင်ဖြစ်၏။ သူသည် အုတ်နံရံခြေရင်းသို့ပြေးသွားကာထိုင်ချလိုက်သည်။

"အစ်ကိုလေး... ကျွန်တော့်ပခုံးပေါ် နင်းပြီး ဒီအုတ်နံရံကိုတက်ပါ၊ ပြီးရင် ဟိုဘက်နံရံကိုကျော်လိုက်ပေါ့ဟုတ်လား၊ အစ်ကိုလေး ဟိုဘက်ကိုရောက်မှ ကျွန်တော်က ဒီသေတ္တာကြီးကိုလှမ်းပေးမယ်သိလား"

စွန်းထင်းလုကပြုံးလိုက်သည်။

အလွန်လျှို့ဝှက်သော အပြုံးမျိုးဖြစ်သည်။

ဤဆိုင်လုလင်လေးသည် မိမိ၏သေတ္တာနှင့်ထဲမှဖျပ်စောင်းကိုလိုချင်နေကြောင်း နားလည်သဘောပေါက်ထားသည်။



သို့သော် သူကမသိဟန်ပြုကာ ယခုကဲ့သို့ ပရိယာယ်ဆင်လိုက်ခြင်းဖြစ်လေသည်။ ဆိုင်လုလင်လေးက အုတ်နံရံခြေရင်းတွင် ထိုင်နေရာမှလှမ်းကြည့်လိုက်လေသည်။

"အစ်ကိုလေး... မြန်မြန်လာလေ"

စွန်းထင်းလုခေါင်းညိတ်လိုက်သည်။

"အေး... အေး"

သူက သေတ္တာအား ဆိုင်လုလင်လေးရှေ့တွင် ထောင်ထားလိုက်၏။ ဆိုင်လုလင်လေးက သူ၏သေတ္တာကိုကိုင်ထားလိုက်လေသည်။ ယင်းအချိန်၌ စွန်းထင်းလုက သူ၏ကျောကုန်းပေါ်သို့ တက်နင်းလိုက်၏။

ဆိုင်လုလင်လေးသည် အောက်သို့တစ်ချက်နိမ့်သွားသဖြင့် လက်ကိုမြေပြင်ပေါ်တွင်ထောက်ထားလိုက်ရသည်။

စွန်းထင်းလုက သူ၏ပခုံးသို့ခြေထောက်နှစ်ဖက်ဖြင့်တက်နင်းလိုက်လေသည်။

"ဟော့.... မင်း မတ်တတ်နည်းနည်းလေးရပ်လိုက်ပါလား၊ ဒါမှ ကျုပ်ကအုတ်နံရံကိုမီမှာ"

ဆိုင်လုလင်လေး၏မျက်နှာပေါ်တွင် ကျေနပ်သောဟန်မူရာများ ပေါ်လွင်လာလေသည်။ သို့သော် သူက စွန်းထင်းလုပြောသည့်အတိုင်း အနည်းငယ်မတ်တတ်ရပ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်တွင် စွန်းထင်းလုက အုတ်နံရံပေါ်သို့ ခြေတစ်ဖက်လှမ်းတက်ကာ သေတ္တာလေးအားလှမ်းယူလိုက်၏။

ထို့နောက် တစ်ဖက်သို့ ခုန်ပျံသွားလေသည်။ သူ၏လှုပ်ရှားမှုမှာလျှင်မြန်၍ပေါ့ပါးလှပေသည်။ ဆိုင်လုလင်လေးမျက်လုံးပြူးသွား၏။ အမှန်တွင် သူက ဤသေတ္တာလေးအားလှမ်းယူကာ နောက်သို့ဆုတ်ပြေးကာ သံမဏိဖြင့်ကာရံထားသောမြေအောက်ခန်းထဲသို့ ဝင်၍တံခါးပိတ်ထားလိုက်မည်ဟု ဆုံးဖြတ်ထားသည်မဟုတ်ပါလော။

ယခုအခါ... စွန်းထင်းလုက သေတ္တာအားယူဆောင်သွားပြီဖြစ်သည်။ ထို့ကြောင့် ဆိုင်လုလင်ကလည်း ကမန်းကတန်း အုတ်နံရံပေါ်ခုန်တက်ကာ စွန်းထင်းလုနောက်သို့ ဦးတည်လိုက်ပါသွားလေတော့သည်။

оооо



"ဟော့... ဟော့... နေဦးလေ၊ အစ်ကိုလေး လမ်းသိလို့လား"

ဆိုင်လုလင်းလေးက အော်ဟစ်ကာပြေးလိုက်သွား၏။

စွန်းထင်းလုက သူ့အားလှည့်ကြည့်ကာပြုံးလိုက်သည်။

"မင်းပဲ ဒီဂိုထောင်ပျက်ကိုကျော်လိုက်ရင် ကျွန်းနန်သွားမဲ့မင်းလမ်းမကြီးကိုရောက်မယ်လို့ ပြောခဲ့တယ်မဟုတ်လား"

ဆိုင်လုလင်လေးကခေါင်းခါယမ်းလိုက်သည်။

"ဟာ ဒီဂိုထောင်ကိုကျော်ဖို့ကလွယ်တာမှမဟုတ်ဘဲ၊ လမ်းသွယ်လေးတစ်ရာကျော်လောက်ရှိတယ်ဗျ... အစ်ကိုလေးက ဘယ်လိုလုပ်သွားနိုင်မှာလဲ"

စွန်းထင်းလုကရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

သူ၏ရယ်မောသံကြောင့် ဆိုင်လုလင်လေး မျက်နှာကွက်ခနဲပျက်သွားရလေသည်။

"အစ်ကိုလေးကဘာရယ်တာလဲ"

စွန်းထင်းလုက သူ့အားစိုက်ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျုပ်အပေါ် ဘာဖြစ်လို့ ဒီလောက်တောင် စေတနာထားနေရတာလဲ"

ဆိုင်လုလင်လေး သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ဒါကတော့ အစ်ကိုလေးက ကျွန်တော့်ရဲ့ဆိုင်ကိုလာပြီး အားပေးရင်းနဲ့ ဒီလိုဖြစ်ရတာဆိုတော့ ကျွန်တော့်မှာတာဝန်ရှိတာပေါ့ဗျာ"

စွန်းထင်းလုပြုံးလိုက်သည်။

ထို့နောက် ခေါင်းတညိတ်ညိတ်ဖြင့်....

"ဟုတ်လား"

ဆိုင်လုလင်လေးကခေါင်းညိတ်လိုက်၏။

သူက လက်သီးလက်မောင်းတန်းကာထပ်ပြောလိုက်၏။

"ဟုတ်တာပေါ့... ကျွန်တော်က ကျွန်တော့်ဆိုင်မှာလာပြီး စားသောက်တဲ့လူအတွက် ကာကွယ်ပေးဖို့ တာဝန်အပြည့်ယူထားတာဗျ။ ကျွန်တော့်ဆိုင်ကဖောက်သည်ကို ထိမယ်ဆိုရင် ကျွန်တော်က အသက်စွန့်ပြီးကာကွယ်သွားမှာပါ"

သူ၏စကားကြောင့် စွန်းထင်းလုအားပါးတရရယ်မောလိုက်လေသည်။

သို့သော် သူကစိတ်ကိုထိန်းကာ ဣန္ဒြေဆည်လိုက်ရ၏။

"ဟုတ်တာပေါ့"



သူတို့ စကားတပြောပြောနှင့်လျှောက်လာကြရာ ဂိုထောင်ထဲရှိအခန်းပေါင်းများစွာကိုဖြတ်ကျော်လာခဲ့လေသည်။ ဆိုင်လုလင်လေးက စကားကိုကရားရေလွှတ်တတွတ်တတွတ်ပြောလာလေသည်။

စွန်းထင်းလုမှာနားညည်းလာသော်လည်း လမ်းမသိဘဲဖြစ်မည်ကိုစိုးရိမ်ကာ သည်းခံ၍လိုက်ပါခဲ့ရ၏။

သူသည် ယင်းသို့လျှောက်လာရင်း ရုတ်တရက်မျက်နှာတစ်ခုလုံးရှုံ့မဲ့ကာ ခြေလှမ်းရပ်တန့်လိုက်ရလေသည်။ ဆိုင်လုလင်လေးက သူ့အားမျက်မှောင်ကုပ်ကာကြည့်လိုက်၏။

"အစ်ကိုလေး... ဘာဖြစ်သွားတာလဲ"

စွန်းထင်းလု မျက်နှာတစ်ခုလုံးရှုံ့မဲ့နေသည်။ သူသည် ဆိုင်လုလင်လေး၏နားအနီးသို့တိုးကပ်ကာတိုးတိုးပြောလိုက်၏။ သူ၏စကားကြောင့် ဆိုင်လုလင်လေး၏မျက်နှာတစ်ခုလုံး နီရဲတွတ်သွားလေသည်။ သူသည် ရှက်ရွံ့သွားဟန်ဖြင့်တစ်ဖက်သို့လှည့်လိုက်၏။

"ဒါဆိုရင်လဲ ဟောဟိုအခန်းထဲသွားပြီးကိစ္စပြီးလိုက်ပေါ့"

စွန်းထင်းလု အံ့ဩသွားသည်။

သူသည် ဆိုင်လုလင်လေးအား စိုက်ကြည့်လိုက်ပြီး....

"နေဦး... မင်းက ဘာဖြစ်လို့ ဒီလောက်ရှက်နေရတာလဲ... ကျုပ်က ဒီနေရာကိုမကျွမ်းကျင်လို့ မင်းကိုအကူအညီတောင်းရတာပါ။ လာပါကွာ... ကျုပ်နဲ့လိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်လေး ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ဟာ... မလုပ်ပါနဲ့၊ ကျုပ်မလိုက်ချင်ဘူး... ကျုပ်က အဲဒီအနံ့ဆိုးမျိုးကိုမခံနိုင်ဘူး"

စွန်းထင်းလု ခေါင်းခါယမ်းလိုက်သည်။

"ကောင်းပြီ... ဒါဆိုရင်တော့ ကျုပ်ဘာသာကျုပ်ပဲ သွားပါတော့မယ်၊ ရော့... ဒီသေတ္တာတော့ မင်းယူထားပေးပါ"

ဆိုင်လုလင်လေး၏ကြည်လင်တောက်ပသော မျက်လုံးအစုံသည် ဝင်းလက်သွားလေသည်။ သူသည် သေတ္တာလေးအား ကမန်းကတန်းယူထားလိုက်၏။

စွန်းထင်းလုက အနီးရှိအခန်းတစ်ခုသို့ဝင်ကာ ဗိုက်ထဲမှအန္တရာယ်ကိုရှင်းပစ်ရန်ထိုင်ချလိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်.... ခြေသံတစ်သံအားကြားလိုက်ရလေသည်။ အလွန်ပေါ့ပါးသောခြေသံဖြစ်လေသည်။

သူမျက်မှောင်ကုပ်ကာနားစွင့်လိုက်၏။ ထိုအခါ ခြေသံသည် အဝေးသို့ပြေးလွှားသွားနေသည်ကိုကြားသိလိုက်ရ၏။

သူက နံရံအကွယ်မှဦးခေါင်းပြူ၍ကြည့်လိုက်သည်။

ထိုအခါ ဆိုင်လုလင်လေးက သေတ္တာကိုသယ်မပြေးလွှားသွားနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူ ကမန်းကတန်းအော်ဟစ်ဟန့်တားလိုက်၏။



"ပော့... ရပ်လိုက်စမ်း"

ရပ်ခိုင်းကာမှ ဆိုင်လုလင်လေးက ပို၍လျင်မြန်စွာပြေးသွားသည်ကိုတွေ့မြင်လိုက်ရလေသည်။

စွန်းထင်းလု မဲ့ပြုံးပြုံးလိုက်သည်။

ရုတ်တရက် ခန္ဓာကိုယ်အား လေထဲတွင် တစ်ပတ်ကျွမ်းပစ်ကာ ဆိုင်လုလင်လေး၏ရှေ့သို့ရောက်ရှိသွားကာ ပိတ်ဆို့ရပ်တန့်လိုက်သည်။ ဆိုင်လုလင်လေး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

စွန်းထင်းလု မိမိရှေ့သို့ မည်သို့မည်ပုံရောက်ရှိလာသည်ကိုပင် မသိလိုက်ချေ။ စွန်းထင်းလုမဲ့ပြုံးပြုံးလိုက်သည်။

ဆိုင်လုလင်ခမျာမထူးတော့သဖြင့် စွန်းထင်းလုအား တိုက်ခိုက်ရန်ဟန်ပြင်လိုက်ရတော့သည်။

ဆိုင်လုလင်က စွန်းထင်းလု၏ရင်ဝအား လက်ဝါးဖြင့်ရိုက်ချလိုက်သည်။ စွန်းထင်းလုက သူ၏လက်ဝါးအား လက်တစ်ဖက်ဖြင့်ဖယ်ထုတ်လိုက်၏။ ထို့နောက် သေတ္တာအားလုယူလိုက်သည်။

သို့သော် ဆိုင်လုလင်လေးက ခန္ဓာကိုယ်အား နောက်သို့ခုန်ဆုတ်လိုက်သောကြောင့် သူ၏လက်က လေကိုသာဖမ်းမိသွားသည်။

ယင်းတဒင်္ဂအချိန်မှာပင် စွန်းထင်းလုက ဆိုင်လုလင်လေး၏ရင်ဝသို့ လက်သီးတစ်လုံးပစ်သွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်လေးသည် သူ၏လက်သီးကို သေတ္တာကြီးဖြင့်ခံပေးကာ နောက်သို့ခုန်ဆုတ်လိုက်ပြန်လေသည်။

ထို့နောက် ဆိုင်လုလင်ကလက်သီးတစ်လုံးကို စွန်းထင်းလုထံသို့ပစ်သွင်းလိုက်လေသည်။ စွန်းထင်းလုစိတ်မရှည်တော့ပါ။

သူသည် ရုတ်တရက် လက်ဝါးနှစ်ဖက်အားဝှေ့ယမ်းကာ ဆိုင်လုလင်လေး၏ရင်ဝသို့ရိုက်ချလိုက်လေသည်။

"ဝုန်း...."

ရုတ်တရက် ဆိုင်လုလင်လေး၏ခန္ဓာကိုယ်က နောက်သို့လွင့်စဥ်ကျသွားလေသည်။ တစ်ချိန်တည်းမှာပင် သူ၏ဦးခေါင်းပေါ်မှခေါင်းပေါင်းကကျွတ်ကျသွားပြီး ရှည်လျားနက်မှောင်သောဆံပင်ထွေးကြီးများက ဖွာခနဲပြုတ်ကျလာလေသည်။ ထိုအခါ အလွန်ချောမောလှပသောမိန်းကလေးတစ်ယောက်၏ဟန်မူရာက ပေါ်လွင်လာလေသည်။ သူမကား တခြားသူမဟုတ်ပါ။

မီးလျှံကိုဏ်းချုပ်ကြီး၏မြေးမလေး အိုစမ်းကေ့ကေ့ပင်ဖြစ်ပေသည်။ သူမ၏ရင်ဘတ်အား တခြားသူစိမ်းယောကျ်ားလေးတစ်ယောက်ကရိုက်ချလိုက်သဖြင့် မျက်နှာတစ်ခုလုံးနီရဲသွားသည်။

"ခင်... ခင်ဗျား...."

စွန်းထင်းလုကလည်း သူမ၏ရင်ဘတ်ကိုရိုက်မိသဖြင့် ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားရလေသည်။



သူသည် အိုစမ်းကေ့ကေ့၏ အလှကိုငေးငိုင်ကာကြည့်ရင်းအားတုံ့အားနာဖြစ်နေမိလေသည်။ ရုတ်တရက် အိုစမ်းကေ့ကေ့က လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဖြန်း....."

သူမ၏လက်ဝါးက စွန်းထင်းလု၏ပါးပြင်ပေါ်သို့ရောက်ရှိသွားလေသည်။ စွန်းထင်းလုကငေးငိုင်နေသဖြင့် အရိုက်ခံလိုက်ရခြင်းဖြစ်သည်။ သူသည် အိုစမ်းကေ့ကေ့၏လက်နှစ်ဖက်အား ချုပ်နှောင်ထားလိုက်လေသည်။

"မင်းက ကျုပ်ရဲ့ပါးကိုဘာဖြစ်လို့ရိုက်ရတာလဲ"

အိုစမ်းကေ့ကေ့က သူ၏လက်ထဲမှရုန်းထွက်လိုက်သည်။ သို့သော် ရုန်းထွက်၍မရဘဲရှိနေလေသည်။

သူမက အကြီးအကျယ်ဒေါသထွက်လျက်ရှိနေသည်။

"ခင်ဗျားကျုပ်ကိုဘာလို့ချုပ်ထားတာလဲ... သတ္တိရှိရင် ကျုပ်တို့ရင်ဆိုင်တိုက်ခိုက်ကြမယ်"

စွန်းထင်းလုကခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မင်းလိုမိန်းမတစ်ယောက်နဲ့မယှဉ်ပြိုင်ချင်ဘူး"

အိုစမ်းကေ့ကေ့က သူ့အားပြူးကျယ်သောမျက်လုံးအစုံဖြင့်ကြည့်ကာ....

"ဘာမိန်းကလေးလဲ... ကျုပ်ကမိန်းကလေးမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းလုက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။ သူသည် ယခုမှ ဤမိန်းကလေးက ယောကျ်ားလေးတစ်ယောက်၏စိတ်မျိုး ဖြစ်နေသည်ကိုနားလည်လိုက်၏။

"ကောင်းပြီ... မင်းကယောကျ်ားလေးဆိုရင် ကျုပ်ကိုပါ ရိုက်ခဲ့တဲ့အတွက်အဖြစ်ပေးရမယ်"

သူကပြောပြီး အနီးတွင်ရှိနေသောဂုန်လျှော်ဖြင့် ကျစ်ထားသည့်ကြိုးတစ်ချောင်းကိုဆွဲယူလိုက်၏။ သူသည် လက်တစ်ဖက်ဖြင့် အိုစမ်းကေ့ကေ့၏လက်နှစ်ဖက်ကိုပူး၍ကြိုးချည်လိုက်၏။ ပြီးနောက် ခြေထောက်နှစ်ဖက်ကို ကြိုးချည်လိုက်ပြန်လေသည်။ ယင်းနောက် ရုတ်တရက်ထုပ်တန်းဆီသို့ခုန်တက်သွား၏။

ယင်းသို့ခုန်တက်ရာတွင် အိုစမ်းကေ့ကေ့ကိုချည်နှောင်ထားသည့်ကြိုးစကိုပါဆွဲယူသွားရာ အိုစမ်းကေ့ကေ့လဲကျသွား၏။ ယင်း တဒင်္ဂအချိန်လေးမှာပင် စွန်းထင်းလုက ထုပ်တန်းပေါ်တွင် ကြိုးကို တစ်ပတ်ရစ်ကာတစ်ဖက်သို့ခုန်ချလိုက်လေသည်။

"အား..."

အိုစမ်းကေ့ကေ့ စူးရှစွာအော်ဟစ်လိုက်၏။ အကြောင်းကား စွန်းထင်းလုက တစ်ဖက်သို့ခုန်ချသွားသောအခါ ကြိုးစကိုတစ်ပါ တည်းဆွဲယူသွားသဖြင့် အိုစမ်းကေ့ကေ့မှာ ဇောက်ထိုးအနေအထား ဖြင့်လေထဲတွင်တန်းလန်းဖြစ်သွားလေသည်။



စွန်းထင်းလုက သူမအားလှမ်းကြည့်လိုက်၏။

"မင်းက မိန်းကလေးလား ယောကျ်ားလေးလား"

အိုစမ်းကေ့ကေ့၏ဝိုင်းစက်သောမျက်လုံးအစုံတွင် မျက်ရည်များရစ်ဝဲလာလေသည်။

သို့သော် သူမကအံတင်းတင်းကြိတ်ကာ...

"ယောကျ်ားလေး..."

ဟုပြောလိုက်၏။ စွန်းထင်းလုက ဆွဲယူထားသောကြိုးစကို တိုင်တစ်လုံးတွင်ရစ်ပတ်လိုက်လေသည်။

ထို့နောက် အိုစမ်းကေ့ကေ့ထံလျှောက်လာ၏။

အိုစမ်းကေ့ကေ့အနီးသို့ရောက်သောအခါ နက်မှောင်ရှည်လျားသောဆံပင်များကို တယုတယကိုင်ကြည့်လိုက်လေသည်။

ထို့နောက် ခေါင်းခါယမ်းလိုက်၏။

"မင်းလိုယောကျ်ားလျာဆီမှာ ဒီလိုလှပတဲ့ဆံပင်ရှည်ကြီး တွေရှိနေတာ တကယ်နှမြောစရာပဲကွာ၊ မင်းဟာ တကယ်လှပတဲ့ မိန်းကလေးပဲ... မင်းကိုယ်မင်း မိန်းကလေးဆိုတာလက်ခံစမ်းပါ"

အိုစမ်းကေ့ကေ့က မျက်လုံးကိုမှိတ်ထားလိုက်၏။

ထိုအခါ ရှည်လျားသောမျက်တောင်များကို ထင်ရှားစွာ တွေ့မြင်ရလေသည်။ စွန်းထင်းလုသည် သူမအားကြည့်ကာတစ်ချက် ငေးငိုင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မင်းကိုနောက်ဆုံးအကြိမ်မေးမယ်၊ မင်း မိန်းကလေး လား... ယောကျ်ားလေးလား၊ မိန်းကလေးဆိုရင် ကျုပ်ကြိုးဖြေပေး မယ်"

အိုစမ်းကေ့ကေ့က မျက်လုံးကိုစုံမှိတ်ထားရင်း ရှတ်တရက် စူးရှစွာအော်ဟစ်လိုက်လေသည်။

"ကယ်ကြပါဖို့... ကယ်ကြပါ"

ဇွန်းထင်းလှသည် ခေါင်းမာလွန်းသော သူမကိုကြည့်ကာ ပြုံးလိုက်မိလေသည်။ ပြီးနောက် ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ကောင်းပြီ... ဒီလောက်ခေါင်းမာတဲ့မိန်းကလေးမျိုးကို ကျုပ်သက်ညှာစရာမလိုတော့ဘူး"

ဟုပြောကာ သေဗ္ဗာအားကျောပေါ်ထမ်းကာ တစ်လှမ်း ချင်းထွက်ခွာခဲ့လေတော့သည်။

oooo



"ကယ်တော်မူကြပါ... ကယ်တော်မူကြပါ"

အိုစမ်းကေ့ကေ့ကမျက်လုံးကိုစုံမှိတ်ကာ စူးရှစွာအော်ဟစ် နေ၏။ အမှန်တွင် သူမသည် ဇွန်းထင်းလှကိုအရွဲ့တိုက်ကာအော်ဟစ် နေခြင်းဖြစ်လေသည်။

ယင်းအချိန် ရှတ်တရက် သူမအနီးသို့လူနှစ်ယောက်ရောက် ရှိလာ၏။

"ဟဲ... ဟဲ... ဟဲ အစ်ကိုကြီးတို့က ညီမလေးကိုဘယ်ထား ရက်ပါ့မလဲကွာ... ကူညီမှာပါ"

ယင်းအသံကိုကြားလိုက်ရသည်နှင့် အိုစမ်းကေ့ကေ့၏ခန္ဓာ ကိုယ်တစ်ခုလုံးတောင့်တင်းသွားမိ၏။

အကြောင်းကား ထိုလူနှစ်ယောက်သည် ဝိဇ္ဇာဥ်ဖြူဂိုဏ်း ကိုယ်ရံတော်နှစ်ယောက်ဖြစ်သော ချူးယုံနှင့်ချူးဟုန်တို့ဖြစ်ကြောင်း သိလိုက်သည်မဟုတ်ပါလော။

သူတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံး လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးချူးဟုန်... အစ်ကိုကြီးတို့ကတော့ စားရကံကြုံလို့ မှတ်ဆိတ်ပျားစွဲတာပဲ၊ ဒီလောက်လှတဲ့ကောင်မလေးကိုပိုင်ဆိုင်နိုင်မဲ့ အခွင့်အရေးမျိုး နှောင်ဘယ်တော့မှာမဟုတ်ဘူးနော်"

ချူးယုံ၏မျက်လုံးအစုံသည် ပို၍နီရဲလာလေသည်။ သူက အိုစမ်းကေ့ကေ့၏ပါးလေးအား ပွတ်သပ်ကြည့်လိုက်၏။

"ဟုတ်တယ်... ကျုပ်တို့ကမရဏာဗျပ်စောင်းထက်ပိုတန်ဖိုးရှိတဲ့ရတနာတစ်ပါးကိုရနေပြီပဲ၊ ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ခံလို့ဘယ်ဖြစ်မလဲ"

အိုစမ်းကေ့ကေ့မှာ ရင်ထိတ်သွားရလေသည်။ ယခုအချိန်တွင် စွန်းထင်းလုအနေဖြင့် အဝေးသို့ရောက်ရှိဦးမည်မဟုတ်ဟု သူမ ယုံကြည်မိသည်။

ထို့ကြောင့် အသံကုန်အော်ဟစ်လိုက်လေတော့၏။

ဝဝဝဝ



"ကယ်ကြပါ... ကယ်ကြပါ"

အိုစမ်းကေ့ကေ့၏အော်ဟစ်သံသည် စူးရှစွာ ထွက်ပေါ်လာလေသည်။ စွန်းထင်းလုက ပြုံးလိုက်မိ၏။ ဤမိန်းကလေးသည် ရုပ်ရည်လေးချောမောသလောက် ခေါင်းမာသည်ဟုတွေးမိလိုက်သည် မဟုတ်ပါလော။

ထို့ကြောင့် သူသည်ဆက်လက်လျှောက်လာခဲ့လေသည်။

"ကယ်ကြပါ... ကယ်ကြပါ"

ဤတစ်ကြိမ် အိုစမ်းကေ့ကေ့၏အော်ဟစ်သံကပို၍စူးရှလာသည်။ ထို့ပြင် အသံမှာလည်းတုန်ခါနေလေသည်။ ကြောက်ရွံ့တုန်လှုပ်နေသောအသံမျိုးဖြစ်၏။ စွန်းထင်းလု မျက်မှောင်ကုပ်ကာ ခြေလှမ်းတုံ့ခနဲရပ်တန့်လိုက်မိ၏။

"သူတစ်ခုခုများ ဖြစ်နေလို့လား"

သူသည် စိုးရိမ်စွာဖြင့်ရေရွတ်လိုက်မိသည်။ ယင်းအချိန်လေးမှာပင် အိုစမ်းကေ့ကေ့၏အသံက စူးရှစွာထွက်ပေါ်လာပြန်၏။

"ကယ်ကြပါ... ကယ်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ကြိမ် သူမ၏အသံသည် ပထမတစ်ကြိမ်ကထက် ပို၍တုန်ခါလာ၏။ အလွန်အမင်းကြောက်ရွံ့နေပုံဖြစ်လေသည်။

စွန်းထင်းလုရင်ထဲစိုးရိမ်ထိတ်လန့်လာမိသည်။ ထို့ကြောင့် ချာခနဲလှည့်ကာ တစ်ဟုန်ထိုးပြန်ပြေးလာခဲ့လေသည်။

ဝဝဝဝ

မျက်နှာများဖြူဖပ်ဖြူရော်ဖြစ်ကာ မျက်လုံးများရဲရဲနီနေသည့်လူနှစ်ယောက်က အိုစမ်းကေ့ကေ့အား ဝိုင်း၍နမ်းရှုံ့ရန်ကြိုးစားနေကြ၏။ အိုစမ်းကေ့ကေ့က အတင်းရုန်းကန်ကာ အော်ဟစ်နေလေသည်။

ယင်းမြင်ကွင်းကိုတွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် စွန်းထင်းလု၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန်ခံစားရဟန်ပေါ်လွင်လာလေသည်။

သူသည် အိုစမ်းကေ့ကေ့၏အဖြစ်ကိုကြည့်ကာ မိမိ၏အသည်းနှလုံးများကွဲအက်ကြေကွဲသွားသည့်အလား ခံစားလိုက်ရ၏။

"ရပ်လိုက်စမ်း"

သူသည် တင်းမာခက်ထန်သောအသံဖြင့်အော်ဟစ်ကာ ထိုလူနှစ်ယောက်ထံသို့ပြေးဝင်တိုက်ခိုက်လိုက်၏။

အိုစမ်းကေ့ကေ့မှာ သူ့အတွက်စိုးရိမ်သွားလေသည်။



"အစ်ကိုလေး... အစ်ကိုလေး ခင်ဗျားနဲ့တိုက်နေတာ ဝိဇ္ဇာဥ်ဖြူဝိုဏ်းကကိုယ်ရံတော်နှစ်ယောက်နော်... သတိထားပါ"

စွန်းထင်းလုက ချူးယုံနှင့်ချူးဟုန်တို့အား တိုက်ခိုက်နေရင်းမှ သူမအားချာခနဲလှည့်ကြည့်လိုက်သည်။ အိုစမ်းကေ့ကေ့က သူ၏အကြည့်ကိုသဘောမပေါက်ချေ။

သူမသည် ကြိုးတန်းလန်းဖြင့် ဇောက်ထိုးအနေအထားမှ အဆက်မပြတ်အော်ဟစ်နေ၏။

"အဲဒီလူတွေကို အရှင်မထားနဲ့... သတ်ပစ်လိုက်"

စွန်းထင်းလုသည် သူမအားမကြည့်နိုင်တော့ပါ။

အကြောင်းကား ချူးယုံနှင့်ချူးဟုန်တို့ညီအစ်ကိုက ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လာကြသည်မဟုတ်ပါလော။

သူလက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဝုန်း....."

"ဝုန်း....."

ချူးဟုန်နှင့်ချူးယုံတို့ညီအစ်ကိုနှစ်ယောက် အဝေးသို့လွင့်စဉ်သွားကြကုန်၏။ ယင်းအချိန် စွန်းထင်းလုက အိုစမ်းကေ့ကေ့အား လက်တစ်ဖက်ဖြင့်ပွေ့ချီကာ ကျန်လက်တစ်ဖက်က အိုစမ်းကေ့ကေ့၏ခြေထောက်မှကြိုးကိုခုတ်ချလိုက်သည်။ တစ်ဖန် လက်တွင်ချည်နှောင်ထားသောကြိုးများကိုဖြုတ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု အိုစမ်းကေ့ကေ့မှာ အနှောင်အဖွဲ့မှကင်းလွတ်သွားပြီ ဖြစ်လေသည်။ ထို့ကြောင့် စွန်းထင်းလုနှင့်အတူ တိုက်ပွဲဝင်ရန်ဟန်ပြင် လိုက်သည်။

သို့သော် ချူးဟုန်နှင့်ချူးယုံတို့ ညီအစ်ကိုနှစ်ယောက်က ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲဒူးထောက်လိုက်ကြသည်။

စွန်းထင်းလု၏သိုင်းပညာမှာ သူတို့ထက်များစွာ သာလွန် ကြောင်းနားလည်သဖြင့် ယခုကဲ့သို့တောင်းပန်လိုက်ခြင်းဖြစ်သည်။

"ကျူပ်… ကျူပ်တို့မှားပါတယ်"

စွန်းထင်းလုကစကားမပြောတော့ပါ။ သူသည် ထိုနေရာမှ ထွက်ခွာသွားသည်။

အိုစမ်းကေ့ကေ့က သူ့နောက်သို့ပြေးလိုက်လာ၏။

"ဟေ့… နေဦးလေ… ကျူပ်လဲလိုက်မှာပေါ့"

ယင်းအချိန်မှာပင် ချူးဟုန်က လက်တစ်ချက်ဝှေ့ယမ်းလိုက် သည်။ အဆိပ်အပ်ကလေးတစ်ချောင်းသည် စွန်းထင်းလု၏ကျော အားစိုက်ဝင်သွားလေသည်။ စွန်းထင်းလုကဒေါသကြီးစွာဖြင့် လှည့်၍ တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သို့သော် မဟန်နိုင်တော့ဘဲ လဲကျသွားရလေသည်။

ချူးဟုန်နှင့်ချူးယုံတို့က အားပါးတရ ရယ်မောလိုက်ကြ၏။

"ဟား… ဟား… ဟား"



"ဟီး… ဟီး… ဟီး"

သူတို့သည် ယင်းသို့ရယ်မောရင်း စွန်းထင်းလုထံသို့တစ် လှမ်းချင်းလျှောက်လာကြ၏။ အိုစမ်းကေ့ကေ့၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားရလေသည်။

သူမသည် စွန်းထင်းလု၏ရှေ့သို့သွားရောက်ကာ လက်နှစ် ဖက်ကိုဆန့်တန်း၍ ကာကွယ်ထားလိုက်၏။

"ခင်ဗျားတို့ ရှေ့မတိုးနဲ့နော်… သတ္တိရှိရင် သူ့အတွက်ဖြေ ဆေးပေးပြီးမှရင်ဆိုင်ပါ"

ချူးဟုန်ကမဲ့ပြုံးပြုံးလိုက်သည်။

"ဒီလောက်လွယ်တဲ့ကိစ္စကို ဘာမှခက်အောင် မလုပ်ချင်ပါ ဘူး။ သူ့ကိုသတ်ပြီးမင်းကိုရယူရုံပဲ"

အိုစမ်းကေ့ကေ့ အကြီးအကျယ်ဒေါသထွက်သွားသည်။

သူမက ခြေထောက်တစ်ချက်ဆောင့်လိုက်၏။

"စိတ်ချ… ကျွန်တော်မသေမချင်း ခင်ဗျားတို့ သူ့ကိုသတ်လို့ မရစေရဘူး"

သူမကပြောပြီး ချူးဟုန်နှင့်ချူးယုံတို့အား ဝင်ရောက်တိုက် ခိုက်လိုက်လေသည်။

ချူးဟုန်နှင့်ချူးယုံတို့က ရယ်မောလိုက်ကြ၏။

"ညီမလေးရယ်… ပင်ပန်းနေပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကပြောပြီး အိုစမ်းကေ့ကေ့အား ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လိုက်ကြ၏။ စွန်းထင်းလုကဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည့်ကြားမှဓားကို မြေပြင်တွင်ထောက်ကာ အားယူ၍ထရပ်လိုက်၏။ သူသည် အိုစမ်းကေ့ကေ့အတွက် စိုးရိမ်ကြီးနေမိသော်လည်း မည်သို့မျှမတ်တတ်မရပ်နိုင်ဘဲ ပြန်လည်လဲပြိုကျသွားရ၏။

ယင်းအချိန် ချူးဟုန်နှင့်ချူးယုံတို့သည် အိုစမ်းကေ့ကေ့အား ဖမ်းချုပ်ထားလိုက်ကြပြီဖြစ်သည်။ သူတို့သည် အိုစမ်းကေ့ကေ့အား မြေပြင်ပေါ်လှဲချလိုက်ကြ၏။ စွန်းထင်းလုမှာဒေါသထွက်လွန်းသဖြင့် အက်ကွဲခြောက်သွေ့သောအသံဖြင့်အော်ဟစ်လိုက်လေသည်။

"လွှတ်လိုက်စမ်း... လွှတ်လိုက်စမ်း"

သူကဒေါသတကြီးအော်ဟစ်နေ၏။

သို့သော် ဝေဒနာကြောင့် မည်သို့မျှဝင်ရောက်ကူညီနိုင်ခြင်းမရှိပါချေ။ ချူးဟုန်နှင့်ချူးယုံတို့ကရယ်မောရင်း အိုစမ်းကေ့ကေ့၏ အင်္ကျီအားဆွဲဖြဲရန်ဟန် ပြင်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်... ရုတ်တရက် အေးစိမ့်သော အသံတစ်သံကိုကြားလိုက်ရလေတော့သည်။

၀၀၀၀



"ရပ်လိုက်စမ်း"

အသံသည် အေးစိမ့်ပြီးတင်းမာလှ၏။ ယင်းအသံကိုကြားလိုက်သည်နှင့် ချူးဟုန်နှင့်ချူးယုံတို့၏ကျောပြင်တစ်လျှောက်မှာ အေးစိမ့်သွားသည်ဟုခံစားလိုက်မိလေသည်။

သူတို့က ဖြုံ်တူလှည့်ကြည့်လိုက်ကြ၏။

အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်က တစ်လှမ်းချင်း လှမ်းလာနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူတို့က ထိုအမျိုးသမီးအားအကဲခတ်ကြည့်လိုက်သည်။ အိုစမ်းကေ့ကေ့ကလည်းအကဲခတ်ကြည့်နေ၏။ စွန်းထင်းလုကမူ ထိုအမျိုးသမီးအားကြည့်ကာ အံ့သြသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

အကြောင်းကား ဤအမျိုးသမီးသည် တစ်ချိန်က မိမိအား ဝါးရုံတောထဲတွင်ကယ်ဆာင်ခဲ့ဖူးသည်မဟုတ်ပါလော။

ယခု သူမသည် မိမိဒုက္ခရောက်သည့်အချိန်မျိုးတွင် ရောက်ရှိနေပြန်သည်ကိုတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ဤအမျိုးသမီးအား လုံးဝမသိပါချေ။

သူအကဲခတ်ကြည့်နေစဉ်မှာပင် အမျိုးသမီးက သူ့ထံသို့တစ်ချက်လှမ်းကြည့်လိုက်၏။ သူမ၏မျက်နှာပေါ်တွင် စိုးထိတ်သောဟန်မူရာများပေါ်လွင်လာလေသည်။

"မင်း ဘာဖြစ်သွားတာလဲ"

စွန်းထင်းလုကစကားပြောရန် ဟန်ပြင်လိုက်၏။

သို့သော် သူ့ထက်ဦး၍အိုစမ်းကေ့ကေ့ကပြောလိုက်သည်။

"သူ အဆိပ်မိထားတယ်… ဝိညာဉ်ဖြူတွေရဲ့အဆိပ်မိထားတယ်"

အမျိုးသမီး၏အေးစက်စက်မျက်လုံးအစုံသည် ချူးယုံနှင့်ချူးဟုန်တို့ထံသို့ရောက်ရှိသွားလေသည်။

"ပေးစမ်း"

ချူးဟုန်က မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"ကျုပ်တို့ကဘာပေးရမှာလဲ"

"ဖြေဆေး"

ချူးဟုန်ကမဲ့ပြုံးပြုံးလိုက်သည်။ သူကအမျိုးသမီးအား မထီလေးစားဟန်ဖြင့်ကြည့်လိုက်၏။

"ကျုပ်က သူ့ကိုသေစေချင်လို့ အခုလိုလုပ်ထားတာ ဘာဖြစ်လို့ဖြေဆေးပေးရမှာလဲ"



လောကျင်းစုက အေးတိအေးစက်လေသံဖြင့်….

"တာဝန်မကျေတဲ့လူရဲ့အပြစ်ကို မင်းသိတယ်မဟုတ်လား"

ချူးယုံ၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။ လောကျင်းစုက အေးစက်စက်မျက်လုံးအစုံဖြင့်စိုက်ကြည့်ကာ….

"မင်းသေဖို့ အသင့်ပြင်ထားပေတော့"

ပြောပြီး ချူးယုံ၏ဦးခေါင်းအား ရုတ်တရက် လက်ဝါးဖြင့်အုပ်လိုက်လေသည်။ သူ၏ရှည်လျားလှသောလက်ချောင်းများက ချူးယုံ၏ဦးခေါင်းအား ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်လိုက်၏။

တစ်ခဏအကြာတွင် ချူးယုံ၏မျက်လုံးများ ပြူးကျယ်လာသည်။ တစ်ဆက်တည်းမှာပင် လောကျင်းစု၏လက်ချောင်းများကြားမှသွေးများယိုစီးကာကျလာလေတော့သည်။

သူ လက်ကိုပြန်လည်ဖယ်ရှားလိုက်သည့်အခါ ချူးယုံမှာ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။ ဝိုင်းအုံကြည့်နေကြသော ဝိညာဉ်ဖြူဂိုဏ်းသားများ လွန်စွာကြောက်ရွံ့တုန်လှုပ်သွားကြ၏။

သူတို့သည် ချက်ချင်းပင် ဒူးထောက်လိုက်ကြလေသည်။

"ဂိုဏ်းချုပ်ကြီးကိုဂါရဝပြုပါတယ်… ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

သူတို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကျင်းစုက အေးစက်စက်လေသံဖြင့်ပြောလိုက်၏။

"မင်းတို့ထဲက တာဝန်မကျေခဲ့ရင် အဲ့ဒီလမ်းကိုပဲသွားရမယ် ဆိုတာမှတ်ထား၊ တာဝန်မကျေတဲ့လူဟာ ဒီလိုပဲအဆုံးသတ်ရမယ်"

ဟုပြောကာ အဆောင်ထဲသို့ပြန်လည်ဝင်ရောက်သွားလေ တော့သည်။

၀၀၀၀

အချိန်များ တရွေ့ရွေ့ကုန်ဆုံးခဲ့လေသည်။ ယနေ့ဆိုလျှင် အိုစမ်းကေ့ကေ့က စွန်းထင်းလုအား ဂိုထောင်ပျက်ထဲရှိ ခုတင်ပေါ် တွင်တင်ကာထိုင်စောင့်နေခဲ့သည်မှာ သုံးရက်တိတိရှိခဲ့ပြီဖြစ်သည်။

သူမသည် ယနေ့အချိန်အထိ တစ်မှေးမှပင်မအိပ်ရသေးပါ။

အကြောင်းကား စွန်းထင်းလု တစ်စုံတစ်ခုဖြစ်သွားမည်ကို စိုးရိမ်ပူပန်နေမိသောကြောင့်ဖြစ်သည်။

အဘယ်ကြောင့် သူမဤသို့စိုးရိမ်နေရပါသနည်း။

ဤအချက်ကို သူမလုံးဝမစဉ်းစားမိပါချေ။

စဉ်းစားချိန်လည်းမရပါ။ အဘယ်ကြောင့်ဆိုသော်... သူမ သည် စွန်းထင်းလုကိုကြည့်ရင်း ရင်ထဲ၌စိုးရိမ်နေမိသောကြောင့် မ ဟုတ်ပါလော။ သူမသည် စွန်းထင်းလုကိုကြည့်ရင်း အကြံတစ်ခုရရှိ လာလေသည်။



ထိုအကြံကိုချက်ချင်းပင် အကောင်အထည်ဖော်လိုက်လေ သည်။ ရုတ်တရက် ခုတင်ပေါ်တွင် ပက်လက်အနေအထားနှင့် အိပ် ပျော်နေသောစွန်းထင်းလုအား ဆွဲ၍မှောက်ချလိုက်၏။ ယင်းနောက် သူ၏ကျောပြင်အား လက်ဝါးနှစ်ဖက်ဖြင့်ဖိကပ်ကာ အတွင်းအားများ ကိုပို့လွှတ်ပေးလိုက်လေသည်။

၀၀၀၀

မည်မျှအချိန်ကြာမြင့်သွားသည်ကိုဖြင့် မသိပါချေ။

အိုစမ်းကေ့ကေ့၏ဦးခေါင်းပေါ်မှအငွေ့များက တထောင်း ထောင်းထလာနေလေပြီ။

သူမက အတွင်းအားပို့၍ကုသမှုကိုရပ်တန့်လိုက်ချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံးနွမ်းလျကာ လဲကျသွားတော့၏။

သူမသည် တစ်ခဏကြာအောင်အမောဖြေနေပြီးမှ စွန်း ထင်းလု၏အခြေအနေကိုကြည့်လိုက်သည်။ စွန်းထင်းလုမှာ တုတ် တုတ်မျှမလှုပ်သေးချေ။

ကေ့ကေ့သည် သူ၏စွမ်းဆောင်ချက်ကိုအားမရဖြစ်ကာ ခေါင်းတွင်တွင်ခါယမ်းလိုက်မိ၏။

"မဖြစ်ဘူး... ငါ့အဘိုးကိုပြန်ခေါ်ပြီး သူ့ကိုဆေးကုခိုင်းမှဖြစ် မယ်၊ တော်ကြာ သူသေသွားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ယင်းသို့စဉ်းစားမိလိုက်သည်နှင့်သေတ္တာအား ကောက်ကိုင်လိုက်လေသည်။ ထို့နောက် သေတ္တာအား သယ်ပိုးကာ ထွက်ခွာရန်ဟန်ပြင်လိုက်၏။

ယင်းအချိန်... ရုတ်တရက် အေးတိအေးစက်အသံတစ်ခုက ထွက်ပေါ်လာလေသည်။

"တကယ်တော်တဲ့မိတ်ဆွေပဲ ကိုယ့်မိတ်ဆွေက သေမလား ရှင်မလားမသိတဲ့အချိန်မှာတောင်မှပစ်ထားပြီး ပစ္စည်းခိုးပြေးတော့ မလို့လား"

ထိုစကားသံဆုံးသွားသည်နှင့် အမျိုးသမီးတစ်ယောက်က သူ့ထံသို့လျှောက်လာလေသည်။ အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီးဖြစ်၏။ သူမ၏မျက်နှာက ပကတိအေးစက်နေလေသည်။

အိုစမ်းကော့ကော့၏မျက်နှာတစ်ခုလုံးမှာ နီရဲသွားလေသည်။

"ခင်ဗျား ဘာတွေလာပြောနေတာလဲ... ကျွန်တော်က သူ့ကိုမအိပ်မနေစောင့်နေခဲ့တာသုံးရက်ရှိနေပြီ၊ ဒါပေမယ့် အကြောင်း မထူးလို့ ကျုပ်ရဲ့အဘိုးကိုပြောပြပြီးပြန်လာမလို့ပဲ"

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသောအမျိုးသမီးက မဲ့ပြုံး ပြုံးလိုက်၏။

"ဒါဆို ညည်း ဘာဖြစ်လို့ မရဏဗျပ်စောင်းကိုသယ်သွားရ တာလဲ၊ ညည်းအဘိုး မီးလျှံဂိုဏ်းချုပ်ကြီးကိုပေးဖို့မဟုတ်လား"



အမျိုးသမီး၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။ သူမက ရုတ်တရက် ချူးဟုန်အနီးသို့ခုန်ပေါက်ရောက်လာပြီး လက်ဝါးဖြင့်ရိုက်ချလိုက်၏။ သူမ၏တိုက်ခိုက်မှုမှာ လျှပ်စီးလက်သည့်အလား လျင်မြန်ပြီးရက်စက်ကြမ်းကြုတ်လှပေသည်။

ချူးဟုန်ကခုခံနိုင်စွမ်းပင် မရှိပါချေ။ သူသည် အမျိုးသမီး လက်ဝါးရိုက်ချက်ကြောင့် ရုတ်တရက် အရှပ်ကြိုးပြတ်လဲကျသွားလေသည်။ သူ၏နှုတ်ခမ်းထောင့်မှသွေးများယိုစီးကာ ကျလာလေသည်။

"ချူးဟုန်...."

ချူးယိုက စူးရှစွာအော်ဟစ်လိုက်၏။ သို့သော် ချူးဟုန်က သူ၏အော်သံကိုမကြားရတော့ပါချေ။ ချူးယိုက အလွန်အမင်းထိတ်လန့်သွားလေသည်။

သူက အင်္ကျီအိတ်ထဲမှဆေးထုပ်တစ်ထုပ်ကို ကမန်းကတန်း ထုတ်ကာ အမျိုးသမီးထံသို့လှမ်းပေးလိုက်၏။

အမျိုးသမီးကသူ့ထံမှအထုပ်ကိုလှမ်းယူကာ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"သွားတော့... ဒီကိုနောက်တစ်ကြိမ်ပြန်လာရင် မင်း သေဖို့ သာပြင်ထားပေတော့"

ချူးယိုကအကြိမ်ကြိမ်ဦးညွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... စိတ်ချပါ၊ ဒီကိုလုံးဝပြန်မလာတော့ပါဘူး... အခုလိုအသက်ကိုချမ်းသာပေးတာကိုပဲ ကျေးဇူးတင်ပါတယ်"

သူက ယင်းသို့ပြောပြီး ချူးဟုန်၏အလောင်းကိုထမ်းကာ ကမန်းကတန်းပြေးထွက်သွားလေသည်။ အမျိုးသမီးက ဖြေဆေးထုပ်အား အိုစမ်းကေ့ကေ့ထံသို့လှမ်းပေးလိုက်သည်။

"ရော့... သူ့ကို ဒီဆေးတိုက်လိုက်ပါ"

ပြောပြီး နောက်သို့ချာခနဲလှည့်ကာ သူတို့အနီးမှထွက်ခွာသွားလေတော့သည်။ အိုစမ်းကေ့ကေ့က ကြောင်အမ်းအမ်းဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ယင်းအချိန်တွင်... စွန်းထင်းလုက မှုးနောက်နေသော ဦးခေါင်းကိုဖိနှိပ်ရင်းမှ တစ်ချက်ညည်းညူလိုက်၏။

"အား... ကျွတ်... ကျွတ်"

အိုစမ်းကေ့ကေ့က စွန်းထင်းလု၏ညည်းညူသံကိုကြားမှ သူ့အားဆေးတိုက်ရန်သတိရလာလေသည်။ သူမသည် ကမန်းကတန်းဒူးထောက်ကာ စွန်းထင်းလု၏ပါးစပ်ထဲသို့ဆေးများ ထည့်ပေးလိုက်လေသည်။

စွန်းထင်းလုက ဆေးများကိုမျိုချလိုက်၏။

သူ ဝေဒနာကြားမှ အိုစမ်းကေ့ကေ့အားကြည့်လိုက်သည်။

"မင်း... မင်းဘာမှမဖြစ်ဘူးနော်"



အိုစမ်းကေ့ကေ့ကခေါင်းညိတ်လိုက်၏။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး"

စွန်းထင်းလုကပြုံးလိုက်သည်။

ကျေနပ်သောအပြုံးမျိုးဖြစ်သည်။

ထို့နောက် သူက တင်းထားသမျှစိတ်ကိုလျှော့ချလိုက်ရာ သူ၏မြင်ကွင်းတစ်ခုလုံး မှောင်အတိကျသွားလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ချူးယုံသည် ချူးဟုန်၏အလောင်းကိုထမ်းကာ ဝိဉာဉ်ဖြူ ဂိုဏ်းသို့ပြန်လည်ရောက်ရှိလာပြီဖြစ်၏။ ဂိုဏ်းချုပ်ကြီးလောကျင်း စု အကြီးအကျယ်ဒေါသထွက်နေလေသည်။ သူသည် ချူးဟုန်သေ ဆုံးရခြင်းအတွက် ဒေါသထွက်နေခြင်းမဟုတ်ပါ။

သူသည် ဗျပ်စောင်းကိုရယူစေရန် ချူးဟုန်တို့နှစ်ယောက် အားစေလွှတ်လိုက်ရာ အကြံမအောင်မြင်သဖြင့် ဒေါသထွက်နေခြင်း ဖြစ်၏။

သူ၏လူသေအလောင်းတစ်လောင်းပမာ ဖြူဖပ်ဖြူရော်ဖြစ် နေသောမျက်နှာသည် ယခုအခါ စက္ကူတစ်ချပ်ကဲ့သို့ရှိနေလေသည်။

သူသည် ချူးယုံအား အေးစက်စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

"ချူးယုံ.. မင်းတာဝန်ကျေသလား မကျေဘူးလား"

ချူးယုံ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူက ခေါင်းငုံ့ကာမဝံ့မရဲပြောလိုက်၏။

"ကျွန်... ကျွန်တော် တာဝန်မကျေပါဘူး"



အိုစမ်းကေ့ကေ့က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ကေ့ကေ့က အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီး အား မပြောလိုတော့ပါ။ မည်သို့ပြောပြစေကာမူ ယုံကြည်မည် မဟုတ်ကြောင်း သဘောပေါက်ထားမိသည်။

ထို့ကြောင့်.... သူမကရှင်းပြမနေတော့ဘဲ မိမိသိချင်သော စကားကိုမေးလိုက်လေသည်။

"နေပါဦး... ခင်ဗျားက ဒီလောက်စစ်ဆေးမေးမြန်းနေတာ သူနဲ့ခင်ဗျားကဘယ်လိုပတ်သက်နေလို့လဲ"

အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီးက သူမအား စူးစူးစိုက်စိုက်ကြည့်လိုက်လေသည်။

"ညည်းက ကျုပ်မေးတဲ့မေးခွန်းကိုမဖြေရသေးဘူးနော်"

အိုစမ်းကေ့ကေ့ ဒေါသထွက်လာလေသည်။

စကားပြောရန် ပါးစပ်ဟလိုက်စဉ်....

ထိုတဒင်္ဂအချိန်လေးမှာပင် စွန်းထင်းလု လူးလွန့်လာလေ သည်။ အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီး၏မျက်နှာပေါ် တွင်ထူးခြားသည့်ဟန်မူရာများပေါ်လွင်လာ၏။ အိုစမ်းကေ့ကေ့က သူမ၏ထူးခြားသောဟန်မူရာကြောင့် မျက်မှောင်ကြုတ်လိုက်၏။ အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီး၏ မျက်လုံးရွှေ့လျားရာ ဘက်ဆီသို့လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးလေးများက ဝင်းလက်တောက်ပသွားလေသည်။ သူမသည် လှုးလွန့်လာသော စွန်းထင်းလုအား ပြေး၍ပွေ့ထူလိုက်၏။

"ခင်ဗျားသတိရပြီလား"

စွန်းထင်းလုကမျက်လုံးကိုဖွင့်ကြည့်လိုက်၏။

သူ၏အမြင်အာရုံများမှာ မဝီဝိုးတဝါးဖြစ်နေရာမှ တဖြည်းဖြည်းကြည်လင်လာလေသည်။ ထိုအခါ သူသည် ဆိုင်လုလင်လေးအား အရင်ဆုံးတွေ့မြင်လိုက်ရလေသည်။

တစ်ဖန် မိမိအား စိုးရိမ်ကြီးစွာစောင့်ကြည့်နေသော အဖြူရောင်ဝတ်အမျိုးသမီးအားတွေ့မြင်လိုက်ရ၏။

သူက ထိုအမျိုးသမီးအားတစ်ချက်ကြည့်ကာ အိုစမ်းကျေကျေဘက်သို့လှည့်၍....

"သူကဘယ်သူလဲ"

ဟုမေးလိုက်လေသည်။ အိုစမ်းကျေကျေ၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရလေသည်။

"ဗျာ... ခင်ဗျားက သူ့ကိုမသိဘူးလား"

စွန်းထင်းလုက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။

"မသိဘူး"

အိုစမ်းကျေကျေက အလွန်အံ့ဩသွားမိလေသည်။



သူက စွန်းထင်းလုအားကြည့်လိုက်၏။

"ကျုပ်တော့ တကယ်အံ့ဩမိတယ်... သူက ခင်ဗျားကိုကူညီခဲ့လို့ ခင်ဗျား အခုလိုအသက်ရှင်နေနိုင်တာဗျ။ ကျုပ်လဲ ကံကောင်းတာပဲ... ခင်ဗျား သူ့ကိုကျေးဇူးတင်စကားပြောဖို့သင့်တယ်"

သူ့စကားကြောင့် စွန်းထင်းလုခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူဟာ ကျုပ်ကိုအမြဲတမ်းကူညီခဲ့တဲ့လူ၊ သူ့ကိုကျေးဇူးတင်ရမယ်"

ဟုပြောပြီး ကျေးဇူးတင်စကားပြောရန်ပာန်ပြင်လိုက်၏။

သို့သော် သူ၏မျက်လုံးများပြူးကျယ်သွားမိလေသည်။ သူသည် အဖြူရောင်ဝတ်အမျိုးသမီးက မည်သည့်အချိန်က ထွက်သွားမှန်းမသိခဲ့ပါချေ။ သူက ပတ်ဝန်းကျင်အား မျက်လုံးဝေ့ကာကြည့်လိုက်၏။

သို့သော် အဖြူရောင်ဝတ်အမျိုးသမီး၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

အိုစမ်းကျေကျေ မျက်မှောင်ကုပ်လိုက်သည်။

"ဒီအမျိုးသမီးက ဘယ်လိုလဲမသိဘူးနော်... သူက ရှင်ဒုက္ခရောက်တိုင်း အလိုအလျောက်ပေါ်လာတယ်၊ နောက်ပြီး အလိုအလျောက်ပျောက်သွားပြန်တယ်"

စွန်းထင်းလုခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ရာမှထလိုက်၏။

"ဒါနဲ့ဒီနေရာကဘယ်နေရာလဲ"

အိုစမ်းကေ့ကေ့ကရှင်းပြလိုက်၏။

"ဒီနေရာကဂိုထောင်အပေါင်းပဲလေ၊ ခင်ဗျား ဒီမှာ သတိမေ့နေတာသုံးရက်ရှိနေပြီ"

စွန်းထင်းလုထခုန်လိုက်သည်။

"ဘယ်လို... ကျုပ် ဒီမှာသတိမေ့နေတာ သုံးရက်ရှိပြီဟုတ်လား"

အိုစမ်းကေ့ကေ့ကခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဒုက္ခပဲ... ခုလောက်ဆိုရင် ကျုပ်အဖေက မျှော်နေတော့မယ်"

အိုစမ်းကေ့ကေ့က သူ့အားကြည့်လိုက်၏။

"နေပါဦး... ခင်ဗျားအဖေကဘယ်သူလဲ"

"ကျုပ်အဖေက ရွှေမြားဂိုဏ်းကဒုဂိုဏ်းချုပ်ကြီးစွန်းကုဝေပါ"

"ဩော်... ရှင်က ရွှေမြားဂိုဏ်းကဒုဂိုဏ်းချုပ်ရဲ့သားကိုး"

စွန်းထင်းလုက ခေါင်းညိတ်လိုက်သည်။

ပြီးတော့ အိုစမ်းကေ့ကေ့အားကြည့်ကာ....



"မင်းက ကျုပ်အဖေကိုသိလို့လား"

အိုစမ်းကေ့ကေ့ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း... မသိပါဘူး"

စွန်းထင်းလုက သူမ၏အူကြောင်ကြောင်နိုင်ပုံကိုကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။

စွန်းထင်းလုသည် ခုတင်ပေါ်မှကမန်းကတန်းဆင်းကာ မရလာဗျပ်စောင်းထည့်ထားသောသေတ္တာအားကောက်၍ ကျောပေါ်တွင်ပိုးလွယ်လိုက်၏။ အိုစမ်းကေ့ကေ့က ကမန်းကတန်း သူ့ထံသို့လျှောက်လာလေသည်။

"ခင်ဗျား ဘယ်သွားမလို့လဲ"

စွန်းထင်းလုက....

"ကျုပ်က ဗျပ်စောင်းသေတ္တာကို ဂိုဏ်းချုပ်ကြီးဆီရောက်အောင်ပို့ပေးရမယ့်ရက်တောင် ကျော်လွန်နေပြီဗျ"

အိုစမ်းကေ့ကေ့ မျက်မှောင်ကုပ်လိုက်သည်။

"နေပါဦးလားဗျာ... ခင်ဗျားက စောစောကမှပြန်သတိရလာတာမဟုတ်လား"

စွန်းထင်းလုခေါင်းခါယမ်းလိုက်၏။

"မဖြစ်ဘူး... ကျုပ်ကယောကျ်ားပါ... ခံနိုင်ရည်ရှိပါတယ်"

ပြောပြီး ခရီးထွက်ရန်ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ.... သူသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရကာ နောက် ပြန်လှည့်လာလေသည်။ ထို့နောက် အိုစမ်းကေ့ကေ့အား စိုက်ကြည့်လိုက်လေသည်။

အိုစမ်းကေ့ကေ့ကလည်း သူ၏မျက်နှာအား ငေးမောကြည့်နေမိလေသည်။

သူတို့သည် စကားတစ်ခွန်းမှမပြောကြသော်လည်း ရင်ထဲတွင် တစ်ယောက်၏သဘောကိုတစ်ယောက်ကသိရှိနေကြသည်။

သူတို့၏ရင်ထဲတွင် ဖော်မပြနိုင်သောခံစားချက်များသည် တစ်ယောက်ရင်မှတစ်ယောက်သို့ကူးစပ်ကာ လှိုက်လှိုက်လှဲလှဲခံစားနေမိကြ၏။

စွန်းထင်းလုက သူမအား လက်နှစ်ဖက်ဖြင့်သိုင်းဖက်ထားလိုက်၏။ အိုစမ်းကေ့ကေ့၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

သို့သော် သူမက စွန်းထင်းလု၏ရင်ခွင်ထဲတွင် ငြိမ်သက်နေလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် သူတို့သည် ပတ်ဝန်းကျင်ကိုလည်းကောင်း၊ အရာခပ်သိမ်းကိုလည်းကောင်း အဆုံးကိုပြောရလျှင် အသက်ရှုရန်ပင် မေ့လျော့သွားကြသည်။

အတန်ကြာမှ စွန်းထင်းလုက ရင်ခွင်ထဲရှိ အိုစမ်းကေ့ကေ့အားငုံ့ကြည့်လိုက်လေသည်။



"အိုစမ်းကေ့ကေ့...."

အိုစမ်းကေ့ကေ့က အလွန်ပင်အံ့ဩသွားမိလေသည်။ သူမက ကြည်လင်ဝိုင်းစက်သောမျက်လုံးအစုံဖြင့်ကြည့်ကာ....

"ဟင်... ရှင်က ကျွန်မနာမည်ကိုသိတယ်ဟုတ်လား"

စွန်းထင်းလုကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အစ်ကိုသတိရပြီး မျက်လုံးမဖွင့်နိုင်မီမှာ ဟိုအမျိုးသမီးနဲ့အပြန်အလှန်ပြောနေသံကိုကြားနေရတယ်၊ ဒါကြောင့် ညီမက မီးလျှံဂိုဏ်းချုပ်ရဲ့မြေး အိုစမ်းကေ့ကေ့ဆိုတာသိလိုက်တာပဲ"

အိုစမ်းကေ့ကေ့ မျက်မှောင်ကြုတ်လိုက်သည်။

"ဒါနဲ့ အစ်ကို ကျွန်မဆီပြန်လာတာ ဘယ်လိုကိစ္စရှိလို့လဲ"

စွန်းထင်းလုကပြုံးလိုက်သည်။

"ဒီလိုပါ... ညီမရဲ့ဘိုးဘိုးကို အစ်ကိုတို့ရဲ့ရွှေမြားဂိုဏ်းက ဖိတ်ခေါ်တယ်ဆိုတဲ့အကြောင်းပြောပေးပါ၊ ပြီးရင် ဗျပ်စောင်းရသွားတဲ့အကြောင်းကိုပါပြောပေးပါ"

အိုစမ်းကေ့ကေ့ကခေါင်းညိတ်လိုက်၏။

"စိတ်ချပါ... ကျွန်မပြောလိုက်ပါ့မယ်"

စွန်းထင်းလုက သူမအား စိုက်ကြည့်လိုက်သည်။

အိုစမ်းကေ့ကေ့၏မျက်နှာတစ်ခုလုံးကား ရဲရဲနီမြန်ပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းလုကပြုံး၍ အိစမ်းကေ့ကေ့အား စိုက်ကြည့်လိုက်လေသည်။

"ကဲ… အစ်ကိုသွားမယ်၊ တကယ်လို့ ညီမက ညီမရဲ့အဘိုးနဲ့ အစ်ကိုတို့ဂိုဏ်းကိုလာမယ်ဆိုရင် ညီမရဲ့ခန္ဓာကိုယ်မှာ မိန်းကလေး အဝတ်အစားပဲတွေ့ပါရစေ"

အိစမ်းကေ့ကေ့က ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။ စွန်းထင်းလုက သူမအား တစ်ချက်စိုက်ကြည့်ကာ ချာခနဲလှည့်၍ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

သူ၏ခန္ဓာကိုယ်သည် ဝေးသည်ထက်ဝေးကာ နောက်ဆုံး ပျောက်ကွယ်သွားလေတော့၏။

ဝဝဝဝ

BURMESE CLASSIC .com



ရွှေမြားဂိုဏ်းသည် ကျန်းနန်ဒေသတွင် အခြေစိုက်ထားလေသည်။ စွန်းထင်းလုက ရွှေမြားဂိုဏ်းသို့ပြန်လည်ရောက်ရှိလာသော အခါ ရွှေမြားဂိုဏ်းချုပ်စွန်းပုချူးနှင့်ဒုဂိုဏ်းချုပ်စွန်းကုဝေတို့က သူ့အား ဝမ်းသာအားရဆီးကြိုကြလေသည်။

သူတို့သည် စွန်းထင်းလုက မရဏဗျပ်စောင်းသည့်ထား သောသေတ္တာနှင့်အတူ ပြန်လည်ရောက်ရှိလာသောကြောင့် အလွန် ပင် ဝမ်းသာနေမိလေသည်။

ဂိုဏ်းချုပ်ကြီးစွန်းပုချူးသည် မိမိ၏လက်နက်ဖြစ်သော လင်ကွင်းနှစ်ချပ်ကိုတခြိမ်းခြိမ်းတီးခတ်လိုက်၏။ သူသည် ဝဖိုင့်သော ခန္ဓာကိုယ်ရှိပြီး ဦးခေါင်းထိပ်ပိုင်းတွင်ဆံပင်မရှိပါ။

သူ၏ဆံပင်သည် နားရွက်အပေါ်ရှိ နားထင်နှစ်ဖက်တွင် သာရှိလေသည်။

ထို့ကြောင့် သူ့ကိုကြည့်လိုက်ပါက ဝက်ကြီးတစ်ကောင်နှင့် ပင်တူလှပေသည်။ သို့သော် သူ့ကိုသိုင်းလောကသားများက လိပ် ကြီးဟုခေါ်ကြ၏။ အကြောင်းကား….

www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သည့်ကိစ္စတွင်မဆို အမြဲတစေနောက်ကျနေ တတ်သောကြောင့်ဖြစ်သည်။

သူသည် စွန်းထင်းလုအားကြည့်ကာပြုံးလိုက်၏။

"စွန်းထင်းလု… မင်းကို ကျုပ်တို့ကစိတ်ပူနေကြတာကွ၊ ကဲ လာ… လာ… ထိုင်ပါဦး"

ယင်းအချိန် စွန်းထင်းလုက ဧည့်သည့်နှစ်ယောက်ရောက်ရှိ နေသည်ကိုတွေ့မြင်လိုက်လေသည်။ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ဖြစ်ကြ၏။

ထိုလူများကိုတွေ့မြင်လိုက်ရသောအခါ သူ၏ရင်ထဲ၌ မကျေ မနပ်ဖြစ်မိသွားလေသည်။

BURMESE CLASSIC .com

အကြောင်းကား…

ထိုလူနှစ်ယောက်အနက် အမျိုးသားမှာ မျက်နှာဖြူဖပ်ဖြူ ရော်ရှိပြီး မျက်လုံးများနီရဲနေသည်။ ကျန်အမျိုးသမီးကမူ ကျော့ပွတ် ရှည်ကိုကိုင်ဆောင်ထားလေသည်။

"ဝိဇ္ဇာဥ်ဂိုဏ်း…"

သူကတီးတိုးရေရွတ်လိုက်၏။

ဂိုဏ်းချုပ်ကြီးစွန်းပုချုးက အလွန်အံ့သြသွားမိသည်။

"သြော်… မင်းက သူတို့ကိုတောင်မှသိနေပြီကိုး"

စွန်းထင်းလုကမဲ့ပြုံးပြုံးလိုက်သည်။



"သိပြီလားဗျာ… သူတပည့်နှစ်ယောက်ကြောင့် ကျွန်တော် တောင် သေရတော့မလိုဖြစ်ခဲ့သေးတာ၊ မီးလျှံဂိုဏ်းက အိုစမ်းကေ့ ကေ့နဲ့အမျိုးသမီးတစ်ယောက်က ဝင်ကယ်လို့ဗျ"

သူ၏ကားကြောင့် စွန်းပုချုးနှင့်စွန်းကုဝေတို့၏မျက်လုံး များက ဝိဇ္ဇာဥ်ဖြူဂိုဏ်းချုပ်ကြီးတို့ဇနီးမောင်နှံဆီရောက်ရှိသွား၏။ ဝိဇ္ဇာဥ်ဖြူဂိုဏ်းချုပ်ကြီး လောကျင်းစု၏မျက်နှာကွက်ခနဲပျက်သွား သည်။ သို့သော် သူက အေးတိအေးစက်အသံဖြင့်ရယ်မောလိုက်၏။

"ဟုတ်ပါတယ်… ကျုပ်တို့က ဂိုဏ်းညီအစ်ကိုချင်း ဒီလိုလုပ် ရမလားဆိုပြီး ချူးယုံကိုသတ်ပြီးခဲ့ပါပြီ"

စွန်းထင်းလုက မဲ့ပြုံးပြုံးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး… သူက ဂိုဏ်းချုပ်ကြီးပေးအပ်လိုက်တဲ့ တာဝန်ကိုမကျေပွန်လို့ သတ်လိုက်တာမဟုတ်လား"

ဝိဇ္ဇာဥ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစု၏မျက်နှာကွက်ခနဲ ထပ်မံပျက်သွားလေသည်။ စွန်းပုချုးက ကြားမှဝင်၍ အခြေအနေ ကိုထိန်းသိမ်းသည့်အလား လက်ကာပြလိုက်သည်။

စွန်းထင်းလုနှင့် ဝိဇ္ဇာဥ်ဖြူဂိုဏ်း ရန်ငြိုးဖွဲ့သွားကြမည်ကို မလိုလားပါချေ။

ထို့ကြောင့် လက်ကာ၍တားလိုက်ခြင်းဖြစ်ပါသည်။

"ကဲ… ကဲ… တော်လောက်ပါပြီ၊ တော်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



စွန်းကုဝေကလည်း အခြေအနေကိုဝင်ထိန်းလိုက်၏။

"ကဲ… ကဲ… သားစွန်းထင်းလု၊ သူတို့က မရဏဖျပ်စောင်းကိုကြည့်ချင်လို့ရောက်နေတာကွ၊ ဒါကြောင့် ဖွင့်ပြလိုက်ပါ"

စွန်းထင်းလုကလည်း ဖခင်၏ဆန္ဒကိုမလွန်ဆန်ချင်သဖြင့် ဖျပ်စောင်းသေတ္တာအားစားပွဲပေါ်တင်ကာ ရုတ်တရက် သေတ္တာကိုဆွဲလှန်လိုက်လေသည်။ ယင်းသို့သေတ္တာကိုဆွဲဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် အလွန်ဆိုးရွားသောအနံ့အသက်တစ်မျိုးသည် အသက်ရှူရပ်မတတ်ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် သေတ္တာထဲ၌ လူတစ်ယောက်သေဆုံးနေသည်ကိုတွေ့မြင်လိုက်ရလေသည်။ ထိုလူ၏မျက်နှာနှင့် အသားအရေမှာပြာနှမ်းနေပြီး တချို့နေရာများမှာ အသားစများပွဲ့ကျနေ၏။ စွန်းထင်းလုက ထိုလူသေကြီးအားကြည့်ကာ မျက်လုံးများပြူးကျယ်သွားရလေသည်။

အားလုံးသောလူများသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်ကုန်ကြလေသည်။ သူတို့သည် မိမိတို့၏နှာခေါင်းများကိုပိတ်ကာ သေတ္တာထဲမှလူသေကြီးအား ငေးငိုင်ကာကြည့်နေလေသည်။

စွန်းထင်းလု၏မျက်နှာတစ်ခုလုံးနီရဲနေသည်။ သူတို့သည် မရဏဖျပ်စောင်းရောင်းသူ၏လှည့်စားမှုကို ကောင်းစွာခံလိုက်ရပြီဟုနားလည်လိုက်လေသည်။



ယင်းတခဏအချိန်မှာပင် ရုတ်တရက် လေတာဟူးဟူးတိုက်ခတ်လာ၏။ လေတိုက်ခတ်မှုသည် အရှိန်အဟုန်ပြင်းစွာတိုက်ခတ်နေသောကြောင့် ကြားရသူများအဖို့နားထဲတွင်စူးရှသော လေတိုးသံကိုနားခံရခက်လာ၏။

လေတိုးသံနှင့်အတူ မိန်းကလေးတစ်ယောက်၏စူးရှသောရယ်မောသံကိုပါ ကြားလိုက်ရလေသည်။

"ဟား… ဟား… ဟား"

အားလုံးသောလူများသည် ယင်းရယ်မောသံကြောင့် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။ အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး အလွန်ချောမောလှပသောမိန်းကလေးတစ်ယောက်က သေတ္တာနီတစ်လုံးကိုကိုင်ကာ အဆောင်ခေါင်မိုးများပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့်ခုန်ကူးကာ ပြေးလွှားလာနေသည်ကိုတွေ့မြင်လိုက်ရ၏။

သူမ၏ရွေ့လျားနေပုံမှာ မြန်ဆန်လွန်းလှသဖြင့် လေပွေတစ်ခုရွေ့လျားလာသည်နှင့်တူလှပေသည်။ အားလုံးသောလူများက ခုံင်တက်ကာ ငေးငိုင်မနေကြစဉ် အနက်ရောင်ဝတ်ဆင်ထားသော အမျိုးသမီးက အဆောင်တစ်ခု၏ခေါင်မိုးပေါ်တွင်ထိုင်ချလိုက်၏။

ပြီးလျှင် အားပါးတရရယ်မောလိုက်ပြန်သည်။

"ဟား… ဟား… ဟား ဘယ်လိုလဲ၊ မရဏဖျပ်စောင်းက အစွမ်းထက်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းလုက အကြီးအကျယ်ဒေါသထွက်လာလေသည်။

သူက ခေါင်မိုးပေါ်မှအမျိုးသမီးအား လှမ်းကြည့်ကာ....

"ဟေ့... ခင်ဗျားက အတော်လိမ်ညာတတ်တဲ့မိန်းကလေးပဲ၊ ခင်ဗျားကြောင့် ကျုပ် ဘယ်လောက်ဒုက္ခရောက်ခဲ့ရတယ်ထင်သလဲ"

သူကပြောရင်း ဓားကိုဆွဲထုတ်ကာ ခေါင်မိုးပေါ် ခုန်တက်ရန် ဟန်ပြင်လိုက်လေသည်။ ဖခင်ဖြစ်သူ စွန်းကုဝေက ကမန်းကတန်း လှမ်းဆွဲထားလိုက်၏။ သားဖြစ်သူစွန်းထင်းလုမှာ အလွန်ဒေါသထွက်နေသဖြင့် အတင်းရုန်းကန်ရာ သူ၏အင်္ကျီရင်ဘတ်တစ်ခြမ်းမှာ ပြဲသွားလေသည်။

ယင်းအချိန်... ဝိညာဉ်ဖြူဂိုဏ်းချုပ်လောကျင်းစုက အမျိုးသမီးအားမော့ကြည့်ကာမေးလိုက်လေသည်။

"ဟေ့... မင်းက ဘယ်သူလဲ၊ ဘာကြောင့် ဖျပ်စောင်းရောင်းမယ်ဆိုပြီး လူသေအလောင်းကိုထည့်ပေးရတာလဲ"

မိန်းကလေးက စူးရှကျယ်လောင်စွာ ရယ်မောလိုက်ပြန်၏။

"ဟား... ဟား... ဟား ကျွန်မက ဒီဖျပ်စောင်းရောင်းတာကိုငွေယူသွားခဲ့လို့လား၊ နောက်ပြီး ရှင်တို့က ရမ္မက်ရဲ့ကျေးကျွန်တွေ ဖြစ်နေကြလို့ ဒီဖျပ်စောင်းအတွက် ဒုက္ခရောက်ရတာပဲ၊ ဘာနဲ့မှ နှိုင်းယှဉ်နားလည်စရာမလိုပါဘူး"

သူမကစကားဆက်လိုက်သည်။



"ရှင်တို့မှတ်မိကြသေးရဲ့လား တစ်ချိန်က ရှင်တို့ ဖျပ်စောင်းကိုမက်မောခဲ့လို့ ကျွန်မတို့မိသားတစ်စုလုံး ဒုက္ခရောက်ခဲ့ရတယ်၊ ဒါပေမယ့် ဒီတစ်ကြိမ် မရဏဖျပ်စောင်းကြောင့် ဒုက္ခရောက်ရမယ့်လူဟာ ရှင်တို့ပဲ၊ ကြမ္မာရဟတ်တစ်ပတ်လည်လာပြီလို့ နားလည်ထားကြစမ်းပါ"

သူမသည် စကားဆုံးသည်နှင့်ဖျပ်စောင်းကို စတင်တီးခတ်လေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ဗျပ်စောင်းသံသည် ငြိမ့်ညောင်းသာယာလှ၏။

အားလုံးသောလူများသည် ထိတ်လန့်ကာနောက်ဆုတ်သွားကြ၏။ စွန်းထင်းလုကမူ ဤဗျပ်စောင်းအကြောင်းကိုမသိပါ။ ထို့ကြောင့် ဒေါသကြီးစွာဖြင့်ရှေ့တိုးလာလေသည်။ စွန်းကုဝေက သူ့အားဆွဲထားလိုက်ရ၏။

ယင်းတခဏ်အချိန်မှာပင်... စွန်းကုဝေက စွန်းထင်းလုအားလိုက်ဆွဲရင်း ရှေ့သို့အရှိန်ဖြင့်ရောက်ရှိသွားသည်။ ထိုအချိန်မှာပင် ဗျပ်စောင်းသည် အလွန်ကြမ်းတမ်းခက်ထန်သောသံစဉ်သို့ပြောင်းလဲသွားပြီဖြစ်လေသည်။

ဗျပ်စောင်းရှင်သခင်မသည် ရုတ်တရက် စွန်းကုဝေထံသို့ ဦးတည်ကာ ဗျပ်စောင်းကိုတစ်ချက်ပြင်းထန်စွာခတ်ချလိုက်၏။

ထိုအခိုက်....

ဗျပ်စောင်းမှ အလွန်ကြီးမားသောအတွင်းအားတစ်ခု ဖြစ်ပေါ်လာပြီး စွန်းကုဝေထံသို့ပြေးဝင်သွားလေသည်။

"ဝုန်း...."



စွန်းကုဝေသည် ကြီးမားသောအင်အားတစ်ခုက ရင်ဝသို့လာရောက်ထိမှန်ခြင်းကိုခံလိုက်ရပြီး နောက်သို့ လွင့်စဉ်လဲကျသွားလေသည်။ စွန်းထင်းလု ထိတ်လန့်တုန်လှုပ်သွားရလေသည်။

"ဖေဖေ...."

သူကအော်ဟစ်ကာ ဖခင်စွန်းကုဝေအား ပြေးပွေ့ချီလိုက်၏။ ဖခင်ဖြစ်သူ စွန်းကုဝေက ခေါင်မိုးပေါ်တွင်ရောက်နေသောအနက်ရောင်ဝတ်ဆင်ထားသည့်အမျိုးသမီးအား ညွှန်ပြကာ...

"သူ... သူက... မင်း... မင်းရဲ့...."

စွန်းကုဝေမှာ စကားပင်ဆုံးအောင်ပြောနိုင်ခြင်းမရှိတော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေသည်။ ဝိညာဉ်ဖြူဂိုဏ်းချုပ် လောကျင်းစုနှင့် အဆိပ်ကျာပွတ်မယ်ကွမ်းစုစုတို့၏မျက်နှာပေါ်တွင် သွေးရောင်မရှိကြတော့ပါ။

သူတို့က နောက်သို့တစ်လှမ်းချင်းဆုတ်နေကြ၏။

ယင်းအချိန်မှာပင် ဗျပ်စောင်းရှင်သခင်မ၏အေးစက်စက်မျက်လုံးများက သူတို့ဇနီးမောင်နှံသို့ရောက်ရှိလာလေသည်။ သူမသည် မိမိ၏ဖခင်နှင့်မိခင်တို့အား ရက်ရက်စက်စက်သတ်ဖြတ်သွားကြပုံကိုမမေ့ပါချေ။

ထို့ပြင် မိမိထံမှမရဏာဗျပ်စောင်းကိုဝိုင်း၍တောင်းခံခဲ့ပုံများကိုလည်း ပြန်လည်မြင်ယောင်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမက ဝိညာဉ်ဖြူဂိုဏ်းချုပ်တို့ထံသို့ ဗျပ်စောင်းကို အတွင်းအားဖြင့်တီးခတ်ရင်း ဦးတည်တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်၏။ ထိုတခဏအချိန်လေးမှာပင် စွန်းထင်းလုသည် စွန်းကုဝေ၏အလောင်းကိုမြေပေါ်သို့ချလိုက်လေသည်။ ထို့နောက် ဓားကိုဝှေ့ယမ်းကာ ဗျပ်စောင်းရှင်သခင်မထံသို့စူးရှအေးစက်သည့်မျက်လုံးအစုံဖြင့်ကြည့်လိုက်သည်။

"ခင်ဗျားကို ကျုပ်အဖေသေသလိုသေစေရမယ်"

သူကပြောပြီး ဓားကိုဝှေ့ယမ်းကာခုန်တက်ရန်ဟန်ပြင်လိုက်၏။ ထိုစဉ် စွန်းပုချူးကသူ့အားဟန့်တားလိုက်သည်။

"မလုပ်နဲ့မှားမယ်"

မရဏဗျပ်စောင်းရှင်သခင်မသည် စွန်းထင်းလုအား အေးစက်စက်မျက်လုံးအစုံဖြင့်ကြည့်လိုက်၏။ ဗျပ်စောင်းသံနှင့်အတွင်းအားကိုပေါင်းစပ်ကာ စွန်းထင်းလုထံသို့ချိန်ရွယ်လိုက်၏။

ရုတ်တရက် သူမ၏မျက်လုံးအစုံက စွန်းထင်းလု၏အင်္ကျီအပြကြား ထင်းထင်းကြီးပေါ်နေသောရင်ဘတ်ပေါ်ရှိအနီရောင်အမှတ်လေးတစ်ခုကိုတွေ့မြင်လိုက်ရလေသည်။

ယင်းတခဏအချိန်လေးအတွင်းမှာပင် သူမသည် မြင်ကွင်းတစ်ခုကိုပြန်လည်မြင်ယောင်လာမိ၏။ သူမငယ်စဉ်က နေ့စဉ်နေ့တိုင်းရေချိုးပေးခဲ့ရသောမောင်လေးဖူနိုင်ဆင်း၏ရင်ဘတ်ပေါ်ရှိ အနီရောင်



အမှတ်ကလေးပင်ဖြစ်သည်။ သူမသည် အခြေအနေကိုနားလည်လိုက်ပြီဖြစ်၏။

သေဆုံးသွားပြီဟုမှတ်ယူထားသောမောင်လေးဖူနိုင်ဆင်းသည် အသက်သေဆုံးခြင်းမရှိသေးပါ။ ဤသို့ဆိုပါလျှင် အထီးကျန်ဆန်ခဲ့ရသောသူမ၏ဘဝတွင် အိုအေစစ်လေးတစ်ခုအဖြစ်မောင်လေးတစ်ယောက်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

သူမ၏အေးစက်စက်နိုင်လှသော မျက်နှာချောချောလေးပေါ်တွင် ချိုကြည်သောအပြုံးရိပ်တစ်ခုပေါ်ပေါက်လာလေသည်။ ထိုစဉ်တွင် သူမသည် စွန်းထင်းလု(ဝါ)ဖူနိုင်ဆင်း၏ ဝှေ့ယမ်းနေသောဓားဆီသို့ အတွင်းအားကိုတွန်းပို့လိုက်၏။

"ဖောက်...."

ရုတ်တရက် ဖူနိုင်ဆင်း(ဝါ) စွန်းထင်းလု၏ဓားက ခါးလယ်မှကျိုးပြတ်သွား၏။ စွန်းထင်းလု(ဝါ)ဖူနိုင်ဆင်း ထိတ်လန့်သွားမိလေသည်။ သူသည် ဗျပ်စောင်းရှင်သခင်မက မိမိအပေါ် သက်ညှာလိုက်သည်ကိုသဘောပေါက်လိုက်၏။

သို့သော် ဖခင်ဖြစ်သူသေဆုံးသွားရခြင်းအတွက် ရင်ထဲ၌ကြေကွဲဝမ်းနည်း၍မဆုံးပါ။ သူသည် ဗျပ်စောင်းရှင်သခင်မ(ဝါ) ဖူယိုဟွာအား မယှဉ်နိုင်မှန်းသိသော်လည်း အသက်စွန့်၍တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ခေါင်မိုးပေါ်ခုန်တက်ရန်ဟန်ပြင်လိုက်၏။ ယင်းတခဏ်အချိန်လေးမှာပင် ဗျပ်စောင်းရှင်သခင်မ(ဝါ)ဖူယို့ဗှာက ဗျပ်စောင်းသေတ္တာအားပိတ်လိုက်လေသည်။

ယင်းနောက် ရုတ်တရက် လေထဲတွင် လှုပဗ္ဗာပျံဝဲထွက်ခွာသွားရင်း....

"ရှင်တို့အားလုံးနားလည်ထားဖို့က ကျွန်မ ဒီနေ့လူမသတ်ချင်တော့ဘူး... ဒါပေမယ့် မကြာခင် ကျွန်မမိဘတွေရဲ့အသက်အတွက် ရှင်တို့ရဲ့အသက်တွေကိုလျော်ပေးရမယ်"

သူမက ယင်းစကားဆုံးသွားသည်နှင့်တစ်ပြိုင်နက် အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

အားလုံးသောလူများက သူမအားကြည့်ကာ ငေးငိုင်နေကြ၏။ ဝိဇ္ဇာဥ်ဖြူလောကျင်းစုက မိမိနဖူးပေါ်မှချွေးများကိုသုတ်လိုက်လေသည်။

သူက ဗျပ်စောင်းရှင်သခင်မပြေးထွက်သွားရာသို့ကြည့်ကာ ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"မလွယ်ပါလား... သူ့ရဲ့ကိုယ်ဖျော့ပညာက ကျုပ်တို့ထက်ဆယ်ဆသာတယ်၊ အတွင်းအားကလဲ ထိပ်တန်းအဆင့်ကို ရောက်နေပြီဆိုတော့ သူ့ကိုယှဉ်နိုင်ဖို့ဆိုတာမလွယ်ဘူး၊ သူ ကျုပ်တို့ကိုမသတ်ဘဲ ဘာကြောင့်ပြန်ထွက်သွားရပါလိမ့်"



ကျာပွတ်အဆိပ်မယ်ကွမ်းစုစုက သူ့အား မျက်စောင်းထိုးလိုက်လေသည်။

"ရှင်ကမသေရလို့ဝမ်းနည်းနေတာလား၊ စိတ်ချ... သူက တစ်နေ့ အသက်လျော်ကြေးပေးရမယ်လို့ပြောသွားတာ ကြားတယ်မဟုတ်လား"

ဝိဇ္ဇာဥ်ဖြူဂိုဏ်းချုပ်လောကျင်းစု၏ရင်ထဲ၌ လေးလံလာမိလေသည်။ သူသည် မိမိတို့အတွက် ဗျပ်စောင်းရှင်သခင်မလေးက တစ်နေ့တွင် သေမိန့်ချမည်ကိုကောင်းစွာ နားလည်လိုက်ပြီမဟုတ်ပါလား။ ယင်းအချိန် ကျာပွတ်မယ်ကွမ်းစုစုက သူ၏နားအနီးသို့တိုးကပ်လာကာတီးတိုးပြောလိုက်၏။

"လောကျင်းစု... ကျွန်မတို့မိုးလျှံဂိုဏ်းချုပ်ကြီးဆီသွားကြရင် မကောင်းဘူးလား"

"မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"သူလဲ တစ်နေ့ သေမိန့်ချခံရမယ့်အထဲမှာပါတယ်လေ... မင်း ဘယ်နေရာကိုပဲရှောင်ပုန်းပုန်း သူကတော့ ရှာပြီးလာသတ်ဖြစ်အောင် သတ်မှာပဲမဟုတ်လား"

"ဒီမှာ ရှင် ဘာဖြစ်လို့ ဒီလောက်စိတ်ဓာတ်ကျနေရတာလဲ၊ သူက ဟိုတစ်ခါ ဂိုဏ်းမှာကာကွယ်ရေးအစီအစဉ်တွေလုပ်မထားလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောသွားတာ မကြားဘူးလား"

ဝိညာဉ်ဖြူဂိုဏ်းချုပ်လောကျင်းစု၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပလာလေသည်။

"ဟာ… ဟုတ်တယ်"

အဆိပ်ကျားပွတ်မယ်ကွမ်းစုစုက ပြုံးပြလိုက်သည်။

"ကျွန်မတို့ သူ့ဆီသွားပြီးပူးပေါင်းကြရင် မကောင်းဘူးလား"

"အင်း… ကောင်းတယ်"

သူက ရွှေမြားဂိုဏ်းချုပ်ကြီးစွန်းပုချူးဘက်သို့လှည့်ကာ

"ခင်ဗျားကော ကျုပ်တို့နဲ့လိုက်မယ်မဟုတ်လား"

စွန်းပုချူးက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။

"တစ်ချိန်က ကျုပ်သာ နောက်မကျခဲ့ဘူးဆိုရင် အခုလို ကိစ္စမျိုးတွေဖြစ်လာမှာမဟုတ်ဘူး"

ဟုညည်းညူလိုက်လေသည်။

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ… ဒါဆိုရင် ကျုပ်တို့သွားတော့မယ်"

စွန်းပုချူးကခေါင်းညိတ်လိုက်သည်။

"သွားကြပါ… သွားကြပါ၊ ကျုပ်က ညီတော်ရဲ့ဈာပနကို ဆောင်ရွက်ရဦးမှာမို့ မလိုက်တော့ဘူးဗျာ"



ဝိညာဉ်ဖြူဂိုဏ်းချုပ်လောကျင်းစုက သူ့အားနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားလေသည်။ အဆိပ်ကျားပွတ်မယ်ကွမ်းစုစုလည်း ပြန်လည်လိုက်ပါသွား၏။

ယခုရွှေမြားဂိုဏ်း၏ခြံဝင်းထဲတွင် စွန်းပုချူး၊ စွန်းထင်းလုနှင့်ဂိုဏ်းသားများသာကျန်ရစ်ခဲ့၏။

စွန်းပုချူးက ဂိုဏ်းသားများဘက်သို့လှည့်ကာ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ကျုပ်အမိန့်ပေးမယ်… နားထောင်ကြပါ၊ အခုချက်ချင်းမင်းတို့ရဲ့ပစ္စည်းတွေကိုယူပါ၊ ဒီနေရာက အမြန်ဆုံးထွက်သွားကြပါ၊ ဒါမှသာ မင်းတို့မိသားစုတွေ မင်းတို့နဲ့ဆက်လက်နေထိုင်ခွင့်ရကြလိမ့်မယ်"

သူက စကားဆက်လိုက်သည်။

"ကဲ… မြန်မြန်လုပ်ကြ၊ ကျုပ်လဲ စွန်းညီတော်ရဲ့ဈာပနကိစ္စအတွက် စီစဉ်စရာရှိတာကိုဆက်ပြီးစီစဉ်ရဦးမယ်"

ပြောပြီးထွက်သွားလေသည်။

တစ်ခဏအကြာတွင် ဂိုဏ်းသားများသည် စွန်းထင်းလုအားအသီးသီးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြလေသည်။ စွန်းထင်းလုသည် စွန်းကုဝေ၏အလောင်းကိုလည်းကောင်း၊ ထွက်ခွာသွားကြသောဂိုဏ်းသားများအားလည်းကောင်း….

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီကြည့်ကာ အံတင်းတင်းကြိတ်ထားလိုက်၏။

"တွေ့ကြသေးတာပေ့ါ... ဗျပ်စောင်းရှင်သခင်ရယ်"

၀၀၀၀

ည၌သည် ပကတိတိတ်ဆိတ်ငြိမ်သက်နေ၏။

မီးတိုင်မှအလင်းရောင်ကြောင့် ဇွန်းကုဝေ၏အခေါင်းအား ခုတင်ပေါ်တွင် တင်ထားသည်ကိုတွေ့လိုက်ရ၏။

ဇွန်းထင်းလုသည် ဇွန်းကုဝေ၏ခေါင်းနံဘေးတွင်ထိုင်နေလေသည်။ သူသည် ဇွန်းကုဝေ၏ကမ္ဘည်းတိုင်အားကြည့်ကာ အရက်ကိုတစ်အိုးပြီးတစ်အိုးမော့သောက်နေ၏။

သူ၏နံဘေး၌တွင် အရက်အိုးအလွတ် အတော်များများပြန့်ကျဲလျက်ရှိနေ၏။ သူ၏ဝမ်းဗိုက်ထဲတွင်လည်း အရက်အတော်များများဝင်နေပြီဖြစ်၏။

သူသည် ဖခင်ဖြစ်သူဇွန်းကုဝေအား မကာကွယ်နိုင်လိုက်သဖြင့် စိတ်ဓာတ်ကျကာ အရက်ကိုသာဖိသောက်နေခြင်းဖြစ်သည်။

သူသည် တစ်ခဏတာအချိန်အတွင်း လုံးဝပြောင်းလဲသွား၏။ ယခု သူ၏ဆံကေသာများသည် ကောက်ရိုးများပမာ ရှုပ်ထွေးနေလေသည်။

သူ့ထံမှ အရက်နံ့များက တထောင်းထောင်းထွက်နေ၏။



ယခု သူ့ကိုကြည့်လိုက်ပါက ရွှေမင်းသားလေးတစ်ပါးနှင့် မတူတော့ပါချေ။ အလွန်ပျက်စီးနေသော အရက်သမားတစ်ယောက်ပုံစံမျိုးဖြစ်နေလေသည်။

ယင်းအချိန် အနက်ရောင်လူရိပ်တစ်ခုသည် ဝိဉာဉ်တစ်ခုပမာ သူ့ထံသို့လွင့်မျောလာလေသည်။ ထိုလူရိပ်သည် လျင်မြန်စွာဖြင့် သူ့အနီးသို့ရောက်ရှိလာပြီဖြစ်၏။

သို့သော် ဇွန်းထင်းလုက သူ့အားမမြင်တွေ့နိုင်သေးပါ။

သူသည် အရက်အိုးတစ်အိုးကိုဖွင့်ကာမော့ချနေ၏။

ယင်းအချိန် ထိုလူရိပ်ကဇွန်းကုဝေ၏အခေါင်းကိုကြည့်ကာ နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

ယင်းနောက် ဇွန်းကုဝေ၏ကမ္ဘည်းတိုင်အားယူကာ ရေထဲပစ်ချလိုက်လေသည်။

"ဗွမ်း...."

ဤအသံကြောင့် ဇွန်းထင်းလုဆတ်ခနဲခေါင်းမော့ကြည့်လာ၏။ သူ၏အမြင်အာရုံများသည် မပီဝိုးတဝါးဖြစ်နေလေသည်။

"ဘယ်သူလဲ"

"မောင်လေး... မမပါ"

ယင်းအသံသည် ချိုလွင်လှပေသည်။ သို့သော် ယင်းအသံကို ကြားလိုက်ရသည်နှင့်ဇွန်းထင်းလုထခုန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ညှိုးငေါက်ငေါက်ထိုးကာ....

"ခင်... ခင်ဗျားက ကျုပ်အဖေကိုသတ်ခဲ့တဲ့ဗျပ်စောင်းရှင် မဟုတ်လား"

ဟုပြောလိုက်၏။ ဗျပ်စောင်းရှင်သခင်မ(ဝါ)ဖူယို့ဝှာ၏ မျက်နှာလေးမှာ ဝေဒနာတစ်ရပ်ကိုပြင်းပြင်းထန်ထန်ခံစားရသည့် ဟန်ပေါ်လွင်လာလေသည်။

"မောင်လေး... ဖူနိုင်ဆင်း"

သူမ၏စကားမဆုံးမီ စွန်းထင်းလု(ဝါ)ဖူနိုင်ဆင်းကထအော် လိုက်လေသည်။

"ဘာ... ဖူနိုင်ဆင်းလဲ၊ ကျုပ်နာမည်စွန်းထင်းလု... ခင်ဗျား က လူသတ်သမား... ခင်ဗျားကိုကျွန်တော်သတ်မယ်"

သူကပြောပြီး ဓားကိုဆွဲထုတ်ကာ ဖူယို့ဝှာအား ပြေးခုတ် လိုက်၏။ ဖူယို့ဝှာကရှောင်တိမ်းပေးလိုက်လေသည်။

စွန်းထင်းလု(ဝါ)ဖူနိုင်ဆင်းက ပို၍ဒေါသကြီးလာ၏။

သူသည် မည်းမည်းမြင်ရာလျှောက်ခုတ်နေလေတော့၏။ ဖူယို့ဝှာကရှောင်တိမ်းနေရ၏။ သို့သော် စွန်းထင်းလုက အဆက်မ ပြတ်ဓားဖြင့်ခုတ်နေလေသည်။

ဖူယို့ဝှာက တစ်ကြိမ်တွင် သူ၏ဓားသွားအား လက်ညှိုးနှင့် ချောင်းဖြင့်ညှပ်ကာဖမ်းထားလိုက်၏။



သူမက လက်ကောက်ဝတ်အားတစ်ချက်လှည့်လိုက်ရာ...

"ဖြောက်...."

ဓားမှာထက်ပိုင်းကျိုးသွားလေသည်။

ယင်းတဒင်္ဂအချိန်မှာပင်....

စွန်းထင်းလုက ကျန်ဓားကျိုးဖြင့်လွှဲကာခုတ်ချလိုက်လေ သည်။ ဖူယို့ဝှာထိတ်ခနဲဖြစ်သွားကာ ကမန်းကတန်းနောက်ဆုတ် ရှောင်တိမ်းသွားရ၏။

သို့သော် သူမက လွတ်အောင်ရှောင်တိမ်းနိုင်ခြင်းမရှိပါ။

သူမ၏လက်အား ဓားကရှပ်၍ထိသွားလေသည်။

သူမ၏လက်မှ သွေးများယိုစီးကျလာလေသည်။

ယင်းအချိန် ရုတ်တရက် အမှောင်ရိပ်ထဲမှလူရိပ်ငါးခု ခုန် ထွက်လာပြီး ဓားဖြင့်ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်ကြလေသည်။

ဖူယို့ဝှာက မဲ့ပြုံးပြုံးလိုက်သည်။

"နင်တို့က ငါ့ကိုချောင်းပြီးလုပ်ကြံကြတာကိုး... ငါက ငါ့ မောင်လေးဖူနိုင်ဆင်းကလွဲပြီး နင်တို့ကိုတော့ မညှာဘူးဆိုတာ နား လည်ထားကြစမ်း"

ပြောပြီး လက်ဝါးနှစ်ဖက်ကို အဆက်မပြတ်ဝှေ့ယမ်းလိုက် သည်။ ထိုအခါ သိုင်းသမားငါးယောက် အဝေးသို့လွင့်စဥ်ကာ လဲကျ သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လူငါးယောက်မှာ မိမိတို့ဂိုဏ်းမှအဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်း စွန်းထင်းလုတွေ့မြင်လိုက်ရလေသည်။

တခြားလူများက အသီးသီးထွက်ခွာသွားပြီးဖြစ်သော်လည်း ထိုသိုင်းသမားငါးယောက်မှာ မိမိအပေါ်သစ္စာကြီးစွာဖြင့် ကျန်နေခဲ့ခြင်းဖြစ်သည်။ ထိုလူငါးယောက်က လျှပ်တစ်ပြက်အချိန်လေးအတွင်းမှာပင် သေဆုံးသူသေဆုံး၊ ဒဏ်ရာရသူရ ဖြစ်ခဲ့ကြရလေပြီ။

သူ ပို၍ဒေါသကြီးလာပြီး ဓားကျိုးကိုဝှေ့ယမ်းလိုက်သည်။

ထို့နောက် ဖူယို့ဟွာ(ဝါ)ဗျပ်စောင်းရှင်သခင်မအားပြေး၍ ဓားဖြင့်ခုတ်လိုက်လေသည်။ သို့သော် ဗျပ်စောင်းရှင်သခင်မက ရုတ်တရက်ပင် ခန္ဓာကိုယ်အား လေထဲသို့ပျံဝဲသွား၍ တက်သွားလေသည်။ သူမ၏မျက်ဝန်းအစုံမှလည်း မျက်ရည်များ ကျဆင်းနေသည်။

"မောင်လေး ဖုနိုင်ဆင်း... မင်းဟာ ငါ့ရဲ့မောင်လေးအရင်းပါ၊ မင်းကိုတွေ့ချင်လွန်းလို့လာခဲ့တာကို မင်းရက်စက်တယ်နော်"

သူမ၏အသံက ဝေးသည်ထက်ဝေးသွားလေသည်။

စွန်းထင်းလုက သူမနောက်သို့ပြေးလိုက်ကာ ဓားကို တဝင့်ဝင့်ယမ်းရင်း....

"ကျုပ်က ဖုနိုင်ဆင်းမဟုတ်ဘူး... ခင်ဗျားမောင်လေးလဲမဟုတ်ဘူး၊ ကျုပ်က စွန်းထင်းလု... ခင်ဗျားသတ်ခဲ့တဲ့စွန်းကုဝေရဲ့သား စွန်းထင်းလု၊ ခင်ဗျားကိုကျုပ်သတ်မယ်"



ဟု ဒေါသကြီးစွာအော်ဟစ်နေလေသည်။

ထိုအချိန်တွင် စွန်းပုချူးသည် လေထဲတွင် လင်ကွင်းနှစ်ခုကို တောင်ပံနှစ်ခုပမာ တဖျပ်ဖျပ်ခတ်ရင်းခုန်ပေါက်ရောက်ရှိလာ၏။ သူသည် ပြေးလွှားထွက်ခွာသွားသော ဗျပ်စောင်းရှင်သခင်မ(ဝါ)ဖူယို့ဟွာနှင့်စွန်းထင်းလုတို့အား တစ်လှည့်စီကြည့်ကာ ထိတ်လန့်တကြားမေးလိုက်၏။

"စွန်းထင်းလု... မင်းတို့ဘာဖြစ်ကြသေးလဲ"

စွန်းထင်းလုက အံတင်းတင်းကြိတ်ကာအော်ဟစ်လိုက်၏။

"ဟေ့... ပြန်လာခဲ့၊ ခင်ဗျား ကျုပ်အဖေကိုသတ်တုန်းက သတ်ပြီး ခင်ဗျားလက်မှာ ဓားဒဏ်ရာလေးတစ်ချက်ရတာနဲ့ပြန်ထွက်ပြေးပြီလား"

သူ၏စကားကြောင့် စွန်းပုချူး၏မျက်နှာကွက်ခနဲပျက်သွားလေသည်။ သူသည် လင်ကွင်းနှစ်ချပ်ဖြင့် ဒေါသတကြီးအော်ဟစ်နေသော စွန်းထင်းလု၏မျက်နှာအားညှပ်ကာရိုက်ချလိုက်၏။

"ခြွမ်း...."

စွန်းထင်းလု၏နားနှစ်ဖက်ပူထူသွားကာ မြေကြီးပေါ်သို့ ဖင်ထိုင်ကျသွားလေသည်။ သူသည် စွန်းပုချူးအား ထိတ်လန့်တကြားမော့ကြည့်လိုက်၏။ စွန်းပုချူ၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန်ခံစားရသည့်ဟန်မျိုးပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



“လူမိုက်… ခွေးထက်မိုက်တဲ့ကောင်၊ ကိုယ့်အစ်မကို ကိုယ်ဒုက္ခရာရအောင်လုပ်ရသလား”

သူ၏စကားကြောင့် စွန်းထင်းလု၏သောက်ထားသော အရက်ရှိန်သည် လွင့်စဉ်ပျောက်ကွယ်သွားသကဲ့သို့ခံစားလိုက်ရလေသည်။ သူကမယုံကြည်နိုင်သောမျက်လုံးဖြင့်ကြည့်လိုက်၏။

“ဗျာ… သူက ကျွန်တော့်ရဲ့အစ်မဟုတ်လား”

စွန်းပုချူး၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေလေသည်။

“ဟုတ်တယ်… ဒီတစ်ကြိမ်လဲ ငါကဘာဖြစ်လို့ အရောက်နောက်ကျရပြန်ပါလိမ့်”

စွန်းထင်းလုက အံ့ဩထိတ်လန့်စွာဖြင့် သူ့အားကြည့်ကာ…

“ဂိုဏ်းချုပ်ကြီး ကျွန်တော်က ရွှေမြားဂိုဏ်းက ဒုဂိုဏ်းချုပ်စွန်းကုဝေရဲ့သားပါ၊ ဘာဖြစ်လို့ ဗျပ်စောင်းရှင်သခင်မရဲ့မောင်လေး ဖြစ်သွားရတာလဲ၊ ကျွန်တော်နားလည်အောင်ရှင်းပြပေးပါ”

စွန်းပုချူးက ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး…

“ငါ ဒီအကြောင်းတွေ မင်းကို ဘယ်တော့မှမပြောတော့ဘူးလို့ဆုံးဖြတ်ထားတာကွ၊ ဒါပေမယ့် အဲဒီလိုဆုံးဖြတ်ရတာကလဲ မင်းတို့မိသားတစ်စုလုံးသေဆုံးပြီး မင်းတစ်ယောက်တည်းကျန်ခဲ့တယ်ထင်မှတ်ထားလို့ပဲ၊ ခုတော့ မင်းရဲ့အစ်မကို မသေသေးဘဲ ပြန်တွေ့ရပြီ၊ ဒါဟာ မင်းတို့အတွက်ဘုရားပေးတဲ့ကုသိုလ်ကံပဲ”



စွန်းထင်းလု၏ရင်ထဲ၌ ရှုးရှူးနစ်နစ်နှင့်ကြေကွဲဝမ်းနည်းလာမိလေသည်။ သူသည် အစ်မရင်းဖြစ်သူကိုပင် ရက်ရက်စက်စက် ဒုက္ခရာရအောင်လုပ်ခဲ့မိပြီမဟုတ်ပါလော။

“ဂိုဏ်းချုပ်ကြီး… ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော် ဘာလုပ်ရမလဲ”

သူရူးတစ်ယောက်ပမာ အော်ဟစ်နေသောစွန်းထင်းလုကို ကြည့်ကာ စွန်းပုချူးခေါင်းကုတ်လိုက်၏။

“မင်းကို ငါအကြံတစ်ခုပဲပြုနိုင်မယ်”

စွန်းထင်းလု(ဝါ)ဖူနိုင်ဆင်းက သူ့အားမော့ကြည့်လိုက်၏။

“ပြောပါ”

စွန်းပုချူးက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် စွန်းထင်းလုကိုကြည့်ရင်း…

“မင်း အခု ယူနန်လွင်ပြင်ကိုအမြန်ဆုံးသွားသင့်တယ်”

စွန်းထင်းလု ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

“ဗျာ… ဘာဖြစ်လို့လဲ”

စွန်းပုချူးကသက်ပြင်းတစ်ချက်ချလိုက်ပြီး…

“မင်းအစ်မက မင်းမိဘတွေအတွက် ကလဲ့စားချေဖို့ ယူနန်လွင်ပြင်ကိုသွားလိမ့်မယ်”

စွန်းထင်းလု မျက်မှောင်ကုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယူနန်လွင်ပြင်မှာဘယ်သူရှိလို့လဲ"

စွန်းပုချူးက တည်ကြည်သောမျက်နှာထားဖြင့်ရှင်းပြ၏။

"ယူနန်လွင်ပြင်ဟာ မင်းအဖေနဲ့အမေသေဆုံးခဲ့တဲ့နေရာပဲ၊ အခု အဲဒီနေရာမှာ ကျူးဟိုင်မင်ဆိုတဲ့လူရှိတယ်... ကျူးဟိုင်မင်ဟာ တစ်ချိန်က မင်းအဖေနဲ့ပညာသင်ဘက်ညီအစ်ကိုပဲ၊ သူက မင်းအမေကို မင်းအဖေဖူချင်းလွှေနဲ့အပြိုင်ပိုးပန်းခဲ့တယ်၊ ဒါပေမယ့် ဖူချင်းလွှေနဲ့မင်းအမေတို့ တစ်ယောက်ကိုတစ်ယောက်သံယောဇဉ်ရှိနေတာ သိတဲ့အခါ တစ်နေ့ သူကမင်းအမေကိုအဓမ္မကြံစည်ဖို့ကြိုးစားလို့ မင်းအဖေကဝင်ကယ်ခဲ့ရတယ်လေ"

သူကစကားဆက်လိုက်လေသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာဖြစ်တဲ့မင်းအမေရဲ့အစ်ကိုကြီး ကျင်းယုံကသိသွားတော့ တပည့်နှစ်ယောက်ထဲက ကျူးဟိုင်မင်ကို မောင်းထုတ်ပြီး မင်းအဖေဖူချင်းလွှေနဲ့မင်းအမေကို လက်ထပ်ပေးစားလိုက်တယ်"

စွန်းထင်းလုကစိတ်ဝင်စားစွာ နားစွင့်နေလေသည်။

စွန်းပုချူးကစကားဆက်လိုက်၏။

"ဗျပ်စောင်းကိုလုယူဖို့ကြိုးစားခဲ့စဉ်က သူလဲပါခဲ့တယ်လေ၊ သူက မင်းအမေသေဆုံးသွားတာကိုတွေ့တော့ ကြေကွဲခဲ့ရတဲ့အပြင် ဗျပ်စောင်းကလဲ မင်းအစ်မနဲ့အတူ ရေတံခွန်ထဲကျသွားတယ်ဆိုတော့



သူဟာ စိတ်ဓာတ်အကြီးအကျယ်ကျသွားပြီးလေလွင့်နေခဲ့တယ်၊ နောက်တော့ ယူနန်လွင်ပြင်မှာရှိတဲ့ မင်းအမေနေခဲ့တဲ့အိမ်ကလေးမှာ သွားနေပြီး တိတ်တဆိတ်ကြေကွဲဝမ်းနည်းနေတယ်လေ... နောက်ပြီး ထူးဆန်းတဲ့ဗျပ်စောင်းတစ်လက်ကိုလဲ တီထွင်နေတယ်လို့ကြားရတာပဲ"

စွန်းထင်းလုသည် နားထောင်ရင်း ရင်ထဲ၌ကြေကွဲဝမ်းနည်းလာလေသည်။ ထို့ပြင် အစ်မဖြစ်သူဖူယို့ဗ္ဗာအတွက်လည်းစိုးရိမ်ပူပန်လာမိသည်။ ထို့ကြောင့်... ဂိုဏ်းချုပ်ကြီးစွန်းပုချူးရှေ့တွင် ဒူးထောက်လိုက်ပြီး...

"ဂိုဏ်းချုပ်ကြီး... ကျွန်တော့်ကိုကျေးဇူးပြုပြီး ယူနန်လွင်ပြင်ကိုသွားခွင့်ပြုပါခင်ဗျာ"

စွန်းပုချူး ခေါင်းညိတ်လိုက်၏။

"သွားပါ... တစ်ခုတော့မှာလိုက်မယ်"

စွန်းထင်းလုကမော့ကြည့်လိုက်၏။

"အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

စွန်းပုချူးကတည်ကြည်သောမျက်နှာထားဖြင့်....

"မင်းအစ်မဟာ မင်းရဲ့တစ်ဦးတည်းသောဆွေမျိုးရင်းချာ သားချင်းတစ်ယောက်ပါ၊ ဒီတစ်ကြိမ် သူနဲ့တွေ့ဆုံခဲ့ရင် သူစိတ်ဆင်းရဲအောင်မလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... စိတ်ချပါ ခင်ဗျာ"

စွန်းထင်းလုကပြောပြီး မတ်တတ်ရပ်လိုက်၏။

စွန်းပုချူးကသူ၏ပခုံးကိုပုတ်လိုက်သည်။

"ကဲ... မင်းသွားတော့"

စွန်းထင်းလု စကားမပြောတော့ပါချေ။ မြင်းပေါ်လွှားခနဲခုန်တက်ကာ ယူနန်လွင်ပြင်ဆီသို့ဦးတည်ထွက်ခွာသွားလေတော့၏။

၀၀၀၀



စွန်းထင်းလု(ဂ)ဖူနိုင်ဆင်းသည် မရပ်မနားခရီးပြင်းနှင်လာခဲ့ရာ နှစ်ရက်နှင့်နှစ်ညအချိန်များကုန်လွန်သွားပြီးနောက် ယူနန်လွင်ပြင်သို့ရောက်ရှိလာလေသည်။ သူသည် ယူနန်လွင်ပြင်ထဲရှိ သေသပ်စွာဆောက်လုပ်ထားသောအိမ်လေးတစ်လုံးကိုတွေ့မြင်လိုက်ရ၏။

ယင်းအိမ်ကလေးမှာ မိမိ၏မိခင်နှင့်ဖခင်ဖြစ်သူတို့တည်ဆောက်ခဲ့သောအိမ်ကလေးဖြစ်ရမည်ဟုနားလည်လိုက်သည်။

ယခု ဤအိမ်ကလေးတွင် မိခင်နှင့်ဖခင်အား သတ်ခဲ့သောရန်သူတော်ကြီးကျူးဟိုင်မင်နေထိုင်လျက်ရှိသည်ကိုလည်း သိထား၏။ စွန်းထင်းလု အံတင်းတင်းကြိတ်လိုက်သည်။

သူသည် အစ်မဖြစ်သူဖူယို့ဇ္ဇာရောက်မလာခင် ကျူးဟိုင်မင်အားတိုက်ခိုက်၍ မိဘနှစ်ပါးအတွက် ကလဲ့စားချေမည်ဟုဆုံးဖြတ်ချက်ချလိုက်၏။

"လက်နက်ပါရဂူကြီးကျူးဟိုင်မင်... ကျုပ်ဖူချင်းလွေရဲ့သားဖူနိုင်ဆင်းပဲ၊ အခု ကျုပ်က ခင်ဗျားနဲ့ရင်ဆိုင်ဖို့ရောက်လာပြီ၊ ခင်ဗျားထွက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံကကျယ်လောင်လှသည်။ သို့သော် တဲအိမ်အတွင်းမှတုံ့ပြန်သံကထွက်ပေါ်လာခြင်းမရှိပါချေ။

ဖူနိုင်ဆင်း မျက်မှောင်ကြုတ်လိုက်၏။

"ကျူးဟိုင်မင်... ခင်ဗျား လိပ်လိုခေါင်းဝှက်မနေနဲ့... ကျုပ်နဲ့ရင်ဆိုင်ဖို့ထွက်ခဲ့ပါ"

ဤတစ်ကြိမ်လည်း တုံ့ပြန်သံကိုမကြားရချေ။ ဖူနိုင်ဆင်းကအခြေအနေကိုအကဲခတ်ရ ခက်သွားသည်။ သူသည် ကျူးဟိုင်မင်ဤနေရာတွင်နေထိုင်ကြောင်း စွန်းပုချူး၏စကားအရ သိရှိထားပြီးဖြစ်၏။ ယခု သူ ဤသို့ အကြိမ်ကြိမ်အော်ဟစ်နေသည့်တိုင်အောင်ကျူးဟိုင်မင်ကထွက်ပေါ်လာခြင်းမရှိချေ။

ဤသို့ဆိုလျှင် အိမ်ကလေးထဲ၌ ကျူးဟိုင်မင်မရှိ၍လော။ သို့မဟုတ် ကျူးဟိုင်မင်က မိမိအားအိမ်ထဲသို့ဝင်လာစေရန်အတွက်ထောင်ချောက်ဆင်နေခြင်းလော။

သူသည် အံတင်းတင်းကြိတ်ကာ ဓားကိုဆွဲထုတ်လိုက်၏။ ထို့နောက် အိမ်ကလေးထဲသို့လှမ်းဝင်လိုက်လေသည်။

ဝဝဝဝ



အိမ်ကလေးသည်ကျယ်ဝန်းလှခြင်းမရှိပါ။ ထို့ပြင် သေးငယ်ခြင်းလည်းမရှိပါ။ အိမ်ထဲ၌သေသေသပ်သပ်ဖြင့်ရှင်းလင်းနေ၏။

ဖူနိုင်ဆင်းသည် ကျူးဟိုင်မင်အား အိမ်အနှံ့လိုက်လံရှာဖွေသော်လည်း တစ်စုံတစ်ယောက်မျှမတွေ့ရချေ။

သို့သော်...

အိမ်ထဲတွင်ဖုန်မှုန့်များကင်းရှင်းပြီး စားပွဲပေါ်တွင် ပန်းကန်လုံးတစ်လုံးနှင့်တူနှစ်ချောင်းရှိနေခြင်းက ကျူးဟိုင်မင်သည် ဤအိမ်ကလေးထဲ၌ အမှန်တကယ်နေထိုင်သည်ဟုသိရှိနိုင်၏။

ထို့ကြောင့် ဖူနိုင်ဆင်းသည် ကျူးဟိုင်မင် ခရီးထွက်သွားခြင်းဖြစ်ရမည်ဟုယုံကြည်လာလေသည်။

သူသည် ကျူးဟိုင်မင်းအား ဤအိမ်ကလေးထဲမှပင်စောင့်နေမည်ဟုဆုံးဖြတ်လိုက်လေသည်။ ယင်းသို့ဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် သူသည် အိမ်ရှေ့ရှိကုလားထိုင်ပေါ်ထိုင်ချလိုက်၏။

သို့သော် ရုတ်တရက် သူသည် ဂိုဏ်းချုပ်ကြီးစွန်းပုချူးပြောလိုက်သည့်စကားကို ပြန်လည်ကြားယောင်လာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျပ်စောင်းကိုလုယူဖို့ကြိုးစားခဲ့စဉ်က သူလဲပါခဲ့တယ်လေ၊ သူက မင်းအမေသေဆုံးသွားတာကိုတွေ့ရတော့ ကြေကွဲခဲ့ရတယ်၊ ဒီ့အပြင် ဗျပ်စောင်းကလဲ မင်းအစ်မနဲ့အတူ ရေတံခွန်ထဲကျသွားတယ်ဆိုတော့ စိတ်ဓာတ်အကြီးအကျယ်ကျပြီးလေလွင့်နေခဲ့တယ်"

သူသည် ယင်းစကားများကိုပြန်လည်ကြားယောင်လာမိသောအခါ မျက်မှောင်ကုပ်လိုက်မိသည်။ သူ၏ရင်ထဲတွင် မိမိအစ်မကျသွားသည့်ရေတံခွန်ကိုတွေ့မြင်ချင်လာ၏။ ထို့ကြောင့် အိမ်ပေါ်မှဆင်းလာခဲ့ပြီး အရှေ့ဘက်စူးစူးသို့ဆက်လျှောက်ခဲ့လေသည်။

အမှန်တွင် သူက အနောက်ဘက်မှ ဣယူနန်လွင်ပြင်ဆီသို့ရောက်လာခဲ့ခြင်းဖြစ်ပြီး သူဖြတ်သန်းလာသည့်လမ်းတစ်လျှောက်တွင် ရေတံခွန်ကိုမတွေ့ခဲ့ရသောကြောင့် ယခုကဲ့သို့ အရှေ့ဘက်ဆီ ထွက်လာခဲ့ခြင်းဖြစ်လေသည်။

သူသည် အရှေ့ဘက်သို့ တရွေ့ရွေ့လျှောက်လာခဲ့ရာ ဝါးနှစ်ရိုက်အကွာသို့ရောက်ရှိလာသည့်အခါ ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်မိ၏။

အကြောင်းကား... သူ့နားထဲ၌ ဗျပ်စောင်းသံသဲ့သဲ့ကိုကြားလိုက်ရသည်မဟုတ်ပါလော။

သူ မျက်မှောင်ကုပ်လိုက်မိသည်။ ဣမြူလူသူကင်းရှင်းသောယူနန်လွင်ပြင်တွင် မည်သူကဗျပ်စောင်းလာတီးနေပါသနည်း။



သူက စိတ်ဝင်စားလွန်းသဖြင့် ဗျပ်စောင်းသံထွက်ပေါ်လာရာဆီသို့ ခြေလှမ်းသွက်သွက်ဖြင့်ထွက်ခွာခဲ့လေသည်။

တစ်ခဏကြာသောအခါ သူသည် မိမိအားကျောပေးကာ ဗျပ်စောင်းတီးနေသူတစ်ယောက်ကိုတွေ့မြင်လိုက်ရလေသည်။ သူသည် သစ်ပင်တစ်ပင်နောက်တွင်နေကာ ထိုလူအားချောင်းမြောင်းကြည့်ရှုနေလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် ခေါက်စားပွဲတစ်လုံးပေါ် ဗျပ်စောင်းတစ်လက်ကိုတင်ကာတီးခတ်နေ၏။ သူ၏မျက်လုံးအစုံက အဝေးဆီသို့လှမ်းမျှော်ကြည့်နေ၏။ ဖူနိုင်ဆင်းက သူ၏မျက်လုံးရှေ့လျားရာသို့ ကြည့်လိုက်သောအခါ အလွန်လှပသောရေတံခွန်တစ်ခုကိုတွေ့မြင်လိုက်ရလေသည်။

ထူးခြားသည်မှာ ထိုလူ၏ဗျပ်စောင်းသံသည် ရေတံခွန်မှ ရေစီးကျသံကိုပင် လွှမ်းမိုးထားနိုင်လေသည်။ ထိုလူ တီးခတ်နေသော ဗျပ်စောင်းမှာ သာမန်ဗျပ်စောင်းမဟုတ်နိုင်ကြောင်း သိရှိနားလည်လိုက်သည်မဟုတ်ပါလော။ ရုတ်တရက် သူ့ဦးနှောက်ထဲတွင် အသိတစ်ချက်ဝင်းလက်သွား၏။

"ဟုတ်ပြီ... ဒီလူဟာ ကျူးဟိုင်မင်ဖြစ်ရမယ်၊ သူက ဒီမှာလာပြီး ဗျပ်စောင်းကိုတီးတွင်နေခဲ့တယ်ဆိုတဲ့စကားဟာ အမှန်ပါပဲလား"

ယင်းအချိန် ဗျပ်စောင်းသံက ပို၍ပို၍ ကျယ်လောင်လာကာ ကြမ်းတမ်းခက်ထန်လာ၏။ ထိုအခါ ဝန်းကျင်တစ်ခုလုံး လေပြင်းများ တိုက်ခတ်လာလေသည်။



ကျူးဟိုင်မင်၏ဆံပင်များနှင့်အဝတ်အစားများက ပွဖောင်းတက်လာ၏။ သူသည် ဗျပ်စောင်းကို အဆက်မပြတ်တီးခတ်ကာ ခန္ဓာကိုယ်တစ်ခုလုံးတဆတ်ဆတ်တုန်နေ၏။

ဝန်းကျင်တစ်ခုလုံး၌ လေပြင်းများ ပြင်းပြင်းထန်ထန်တိုက်ခတ်လာကာအေးစိမ့်လာလေသည်။ ကျူးဟိုင်မင်၏နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကျဆင်းလာ၏။ ရုတ်တရက် သူ ဗျပ်စောင်းတီးခြင်းကိုရပ်တန့်လိုက်၏။ ထို့နောက် ဒေါသကြီးစွာဖြင့် တောက်တစ်ချက်ခေါက်လိုက်၏။

"တောက်... မရဏာဗျပ်စောင်းက သိုင်းလောကထဲမှာပြန်ပေါ်လာပြီ၊ ငါက ခုချိန်ထိ ဗျပ်စောင်းကိုတီးတွင်နေတာမအောင်မြင်သေးပါလား"

သူ၏ရေရွတ်သံဆုံးသွားသည်နှင့် ရုတ်တရက်ရယ်မောသံတစ်သံထွက်ပေါ်လာလေသည်။

"ဟား... ဟား... ဟား"

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား"

မိန်းကလေးတစ်ယောက်၏ရယ်မောသံပင်ဖြစ်သည်။

သို့သော် ရယ်မောသံသည် စူးရှသည်။ ကျယ်လောင်သည်။ ထို့ပြင် အေးစက်စက်နိုင်လှပေသည်။ ကျူးဟိုင်မင်က အသံစီးမျော လာရာသို့ချာခနဲလှည့်ကြည့်လိုက်၏။ သူ၏လှုပ်ရှားမှုမှာ လွန်စွာလျင် မြန်လှပေသည်။ သူကသစ်ပင်တစ်ပင်ဆီသို့လှမ်းကြည့်ကာ...

"ဘယ်သူလဲ... ထွက်ခဲ့စမ်း"

ဟုအော်ငေါက်လိုက်၏။

ဖူနိုင်ဆင်းက သူ၏မျက်လုံးရွေ့လျားရာသို့လှမ်းကြည့်လိုက် လေသည်။ ထိုအခါ သစ်ပင်တစ်ပင်၏နောက်ကွယ်မှ မိန်းကလေး တစ်ယောက်လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး အလွန်ချောမော လှပသည့်မိန်းကလေးတစ်ယောက်ဖြစ်၏။ သို့သော် သူမ၏မျက်နှာ တစ်ခုလုံးမှာအေးစက်စက်ဖြစ်နေပြီး မျက်လုံးအစုံ၌ ရက်စက်လိုသည့် အရိပ်အယောင်များပေါ်လွင်နေလေသည်။



သူမက အနီရောင်သေတ္တာလေးတစ်လုံးကိုပိုက်ကာ တစ် လှမ်းချင်းလျှောက်လာလေသည်။

သူမကား ဖူယို့တှာပင်ဖြစ်လေသည်။

ကျူးဟိုင်မင်၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်သွား လေသည်။ သူက မိန်းကလေး၏လက်ထဲမှ အနီရောင်သေတ္တာအား လှမ်းကြည့်ကာ လှစ်ခနဲအော်ဟစ်လိုက်သည်။

"မရဏဗျပ်စောင်း...."

မိန်းကလေးက အားပါးတရရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

သူမသည် အတန်ကြာအောင်ရယ်မောပြီးမှ ရပ်တန့်လိုက် ၏။ ထို့နောက် ကျူးဟိုင်မင်အား အေးတိအေးစက်ဖြင့်စိုက်ကြည့် လိုက်၏။

"ကျူးဟိုင်မင်... ရှင့်ကိုကြည့်ရတာ သွေးပျက်နေသလို ပါပဲလား၊ တစ်ချိန်က ကျွန်မမိဘတွေကို ရှင်တို့ရက်ရက်စက်စက် သတ်ခဲ့တဲ့အချိန်တုန်းကတော့ ရှင့်ရဲ့မျက်နှာက ကောသရာဇာခြင်္သေ့ လို အားမာန်တွေအပြည့်ရှိနေခဲ့တယ်လေ၊ ဘာဖြစ်လို့များ ရှင်က ဒီ လောက်တောင် ပြောင်းလဲသွားခဲ့ရတာလဲဟင်"

သူမကပြောပြီး ရယ်မောလိုက်ပြန်၏။

ကျူးဟိုင်မင်ကမဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလို ဗျပ်စောင်းအားကိုးနဲ့လူသတ်ရဲတဲ့မိန်းကလေးကို ကျုပ်ကဘာမှထိတ်လန့်နေစရာမလိုဘူး၊ တစ်ခုတော့ရှိတယ်... သတ္တိရှိရင် မင်းရဲ့ဗျပ်စောင်းကိုဘေးချလိုက်ပါ၊ ပြီးတော့ မင်းနဲ့ကျုပ် သိုင်းပညာချင်းယှဉ်ပြိုင်ကြမယ်"

အမှန်တွင် သူသည် မရဏဗျပ်စောင်းအား ထိတ်လန့်မိသဖြင့် ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။ ထို့ပြင် သူက သိုင်းပညာချင်းယှဉ်ပြိုင်ရပါလျှင် မိမိက အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားသည်မှာပေါ့လော။

ဖူနိုင်ဆင်းသည် သစ်ပင်အကွယ်မှကြည့်နေရင်း ကျူးဟိုင်မင်၏စကားကြောင့် ရင်ထဲ၌စိုးထိတ်သွားမိသည်။

သို့သော် သူသည် မိမိကြောင့် ဖူယို့ဟွာ စိတ်အနှောင့်အယှက်ဖြစ်သွားမည်ကိုမလိုလားသဖြင့် တိတ်တဆိတ် စောင့်ကြည့်နေလိုက်၏။ ယင်းအချိန် ဖူယို့ဟွာက ရုတ်တရက် ရယ်မောကာ ခေါင်းညိတ်ပြလိုက်၏။

"ဟား... ဟား... ဟား... ကောင်းပြီလေ၊ ရှင်က မရဏဗျပ်စောင်းကိုမယှဉ်ပြိုင်ရဲဘူးဆိုတော့လဲ ကျွန်မကသိုင်းပညာချင်းပဲယှဉ်ပြိုင်ပါ့မယ်"

ကျူးဟိုင်မင်၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။ သူက မယုံကြည်သောမျက်လုံးအစုံဖြင့်ကြည့်ကာ...



"တကယ်လား"

ဖူယို့ဟွာက မဲ့ပြုံးပြုံးပြီး ကျူးဟိုင်မင်အား အေးတိအေးစက်မျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်သည်။

"ကျူးဟိုင်မင်... ကျွန်မမိဘတွေကို ရှင်တို့က တောခွေးအတွေလို အုပ်စုဖွဲ့ပြီးဝိုင်းတိုက်ကြရပေမယ့် ကျွန်မတို့မိသားစုဟာဘယ်လာက်ဖြူစင်ပြီးသတ္တိကောင်းတယ်ဆိုတာ ရှင့်ကို ကနေ့ လက်တွေ့ပြမယ်၊ ရှင်နဲ့ကျွန်မ တစ်ယောက်ချင်းယှဉ်ပြိုင်မယ်"

သူမကပြောပြီး ဖူနိုင်ဆင်းပုန်းကွယ်နေသောသစ်ပင်ဆီသို့ ရွှေ့လာလေသည်။ ဖူနိုင်ဆင်း ရင်ထိတ်သွား၏။

သူသည် ဖူယို့ဟွာက မိမိပုန်းကွယ်နေသည်ကိုတွေ့မြင်သွားသည်ဟုခံစားလိုက်ရ၏။ သူ ပုန်းကွယ်၍ကြည့်နေသည်။ ဖူယို့ဟွာက သူပုန်းကွယ်နေသောသစ်ပင်ရှေ့တွင် သေတ္တာနီလေးအား ချထားလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ကျူးဟိုင်မင်ထံသို့ပြန်လည်လျှောက်သွားလေသည်။ ကျူးဟိုင်မင်နှင့်ဝါးတစ်ရိုက်အကွာတွင် ခြေလှမ်းရပ်တန့်လိုက်၏။

"ကျူးဟိုင်မင်... ရှင်နဲ့ကျွန်မ ကနေ့ တစ်ယောက်ပဲအသက်ရှင်ခွင့်ရှိတော့မယ်"

ကျူးဟိုင်မင်က ကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖူယို့ဝှာ... မင်းက ကိုယ့်ကိုယ်ကို အတော်ယုံကြည်နေပုံရတယ်"

ဖူယို့ဝှာကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ကျွန်မကကိုယ့်ကိုယ်ကိုယုံကြည်တယ်၊ နောက်ပြီး ကျွန်မအဖေနဲ့အမေရဲ့ ဝိညာဉ်တွေက ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာရှိနေကြဦးမှာပဲ... သူတို့ကရှင့်ကိုဝိုင်းပြီးမတိုက်ခိုက်ကြဘူးလို့ ပြောလို့ရမလား"

သူ၏စကားကြောင့် ကျူးဟိုင်မင်၏ရင်ထဲ၌ အေးစိမ့်သွားလေသည်။ သူသည် တစ်ချိန်တုန်းဆီက ဖူချင်းလွေ့နှင့်ကျင်းမေတို့ သေဆုံးခဲ့ရပုံများကိုပြန်လည်မြင်ယောင်လာမိလေသည်။ ထို့ကြောင့် သူသည် ဝန်းကျင်သို့တစ်ချက်မျက်လုံးဝေ့ကြည့်ကာ မချိပြုံးပြုံးလိုက်သည်။

"သူတို့က ကျုပ်ကိုမကျေနပ်ဘူးဆိုရင်တောင်မှ သူတို့ရဲ့ဝိညာဉ်တွေက ကျုပ်ကိုလာပြီးမတိုက်ခိုက်နိုင်ပါဘူး"

"ဟင်း... ဟင်း... ဟင်း စိတ်ချပါ၊ အနည်းဆုံးတော့ ကျွန်မမိဘတွေရဲ့ဝိညာဉ်က ရှင့်သိုင်းကွက်တွေကိုပျက်သွားအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်"

ကျူးဟိုင်မင်၏ကျောပြင်တစ်လျှောက် အေးစိမ့်လာလေ၏။ ဖူယို့ဝှာက သူ့ကိုကြည့်ရင်း အားပါးတရရယ်မောလိုက်သည်။



"ဟား... ဟား... ဟား ရှင်သွေးပျက်နေပြီထင်တယ်"

ကျူးဟိုင်မင်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာ၏။ သို့သော် သူကစိတ်ကိုထိန်းချုပ်ထားလိုက်၏။ သူသည် သိုင်းလောကအတွေ့အကြုံရင့်ကျက်သူတစ်ယောက်ဖြစ်ပြီး ထိပ်သီးသိုင်းသမားအချင်းချင်းယှဉ်ပြိုင်ကြမည်ဆိုပါလျှင် စိတ်ဓာတ်စစ်ဆင်းရေးသည် အလွန်အရေးကြီးကြောင်း သဘောပေါက်နားလည်ထား၏။

ထို့ကြောင့် အံကိုတင်းတင်းကြိတ်ကာ...

"ကဲ... မင်းက မရဏာဗျပ်စောင်းကိုတောင်ဖယ်ပြီး ကျုပ်နဲ့ရင်ဆိုင်ဝံ့တယ်ဆိုတော့ ကျုပ်ကလဲညှာစရာမလိုတော့ဘူးပေါ့"

ယင်းသို့ပြောရင်း ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်၏။ ဖူယို့ဝှာကလည်းလေထဲတွင်ခုန်ပျံရင်း သူ့အားအဆက်မပြတ်ပြန်လည်တိုက်ခိုက်နေလေသည်။ သူမ၏တိုက်ခိုက်မှုမှာ နွဲ့ကွေးလေးလံလှသည်။ သို့သော် သူမကလက်တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် ကျူးဟိုင်မင်က နောက်သို့ခြေလှမ်းသုံးလှမ်းခန့်ဆုတ်သွားရ၏။

သူ အလွန်အံ့ဩသွားမိလေသည်။

သူသည် ဖူယို့ဝှာကဲ့သို့ နုနယ်ငယ်ရွယ်လှသောမိန်းကလေးတစ်ယောက်က ဤမျှအထိအတွင်းအားကြီးမားနေသည်ကို လုံးဝမယုံကြည်နိုင်ပါချေ။ သို့သော် ယခု လက်တွေ့အခြေအနေတွင် သူက မယုံ၍မရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖူယို့ဂှာအားကြည့်ကာအံ့ဩစွာဖြင့်....

"မင်း အသက်ငယ်ငယ်ရွယ်ရွယ်နဲ့အတွင်းအား ဘယ်ဆိုးလို့တုန်း"

"ရှင့်ကိုပြောပြီးပြီပဲ... ကျွန်မနဲ့အတူ ကျွန်မမိဘတွေရဲ့ ဝိညာဉ်တွေက တိုက်ခိုက်နေကြပါတယ်လို့"

ကျူးဟိုင်မင်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ ဖူယို့ဂှာက ရယ်မောလိုက်ပြန်သည်။ သူမသည် ကျူးဟိုင်မင်အား စိတ်ချောက်ချားစေရန်ရည်ရွယ်ကာ ယခုကဲ့သို့စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်နေခြင်းဖြစ်၏။ ကျူးဟိုင်မင်သည် သတ္တိကောင်းသောလူတစ်ယောက်ဖြစ်သည်။

ထို့ပြင် တစ္ဆေသရဲကိုလည်း အယုံအကြည် မရှိချေ။ သို့သော် သူသည် ကျင်းမေသေဆုံးရသည့်ကိစ္စနှင့်ပတ်သက်၍တစ်နေ့တစ်ရက်မှမမေ့နိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် ဤနေရာတစ်ဝိုက်တွင် ကျင်းမေ၏ဝိညာဉ်များရစ်ဝဲနေသည်ဟုလည်းယုံကြည်လာ၏။ ယင်းကြောင့် သူသည် ဖူယို့ဂှာက ပြင်းပြင်းထန်ထန်တိုက်ခိုက်လာသောအခါ မမြင်ရသောအင်အားများ ကဖိစီးလာသည်ဟုယူဆကာစိတ်လှုပ်ရှားလာ၏။ ယင်းအချိန်မှာပင် ဖူယို့ဂှာက သူ့အားလက်ဝါးဖြင့်ရိုက်ထုတ်လိုက်လေသည်။

"ဝုန်း...."



ကျူးဟိုင်မင်၏ခန္ဓာကိုယ်က အဝေးသို့လွင့်စဉ်သွားလေသည်။ သူကမယုံကြည်နိုင်သောမျက်လုံးအစုံဖြင့်ကြည့်ကာ လူးလဲ၍ထထိုင်လိုက်၏။ ထိုအခါ သူထထိုင်လိုက်သောနေရာနှင့် မနီးမဝေးတွင် ဖူယို့ဂှာချထားသော သေတ္တာနီလေးတစ်လုံးရှိနေသည်ကိုတွေ့မြင်လိုက်ရသည်။

သူသည် စဉ်းစားခြင်းပင်မပြုတော့ဘဲ ထိုသေတ္တာနီလေးထံသို့ တစ်ပတ်ကျွမ်းထိုးကာ ရောက်ရှိသွားလေသည်။ သူသည် သေတ္တာနီကလေးအားလှမ်းယူရန်ဟန်ပြင်လိုက်၏။

ဖူယို့ဂှာ၏မျက်နှာကွက်ခနဲပျက်သွားရ၏။ အကြောင်းကား ထိုသေတ္တာနီလေးထဲတွင် မရဏဗျပ်စောင်းထည့်ထားသည် မဟုတ်ပါလော။ ထို့ကြောင့် သူမက ကျူးဟိုင်မင်ထံသို့ခုန်အုပ်ရန် ကြိုးစားလိုက်၏။

သို့သော် ယင်းတဒင်္ဂအချိန်လေးမှာပင် ရုတ်တရက်ခြေတစ်ဖက်က ဗျပ်စောင်းထည့်ထားသောသေတ္တာနီလေးပေါ်သို့ ဖိနင်းလာသည်ကိုတွေ့မြင်လိုက်ရ၏။ ကျူးဟိုင်မင်ကထိတ်လန့်သွားကာ မော့ကြည့်လိုက်၏။

ထိုအခါ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသောလူရွယ်တစ်ယောက်ကိုတွေ့မြင်လိုက်ရလေသည်။ သူကကျူးဟိုင်မင်အား စူးရှတောက်ပသောမျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျူးဟိုင်မင် ခင်ဗျားတကယ့်လူယုတ်မာပဲ၊ မိန်းကလေး တစ်ယောက်နဲ့တိုက်ခိုက်တာတောင် ဉာဏ်နီဉာဏ်နက်သုံးရသလား"

ကျူးဟိုင်မင်က သူ့အား ထိတ်လန့်တုန်လှုပ်သောမျက်လုံး အစုံဖြင့်ကြည့်ကာ....

"မင်း... မင်း ဘယ်သူလဲ"

ထိုလူရွယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ရဲ့ရက်စက်ယုတ်မာမှုကြောင့် သေဆုံး သွားခဲ့ရတဲ့ လက်နက်ပါရဂူကြီးဖူချင်းလွေရဲ့သား ဖူနိုင်ဆင်းဆိုတာပဲ"

သူ၏စကားကြောင့် ကျူးဟိုင်မင်၏မျက်လုံးအစုံ ပြူးကျယ် သွားရလေသည်။ ဖူနိုင်ဆင်းက ဖူယို့ဝှာအား လှမ်းကြည့်လိုက်သည်။ ဖူယို့ဝှာ၏မျက်နှာပေါ်တွင် ကြည်နူးသောအပြုံးများကိုတွေ့မြင် လိုက်ရလေသည်။

ဖူနိုင်ဆင်းက သူမအား လှမ်းကြည့်လိုက်ပြီး....

"မမ...."

ဟုအော်ဟစ်လိုက်၏။ ထိုစဉ် ဖူယို့ဝှာ၏မျက်နှာလွှင်ပြင်တွင် ပီတိအဟုန်တို့အစွမ်းကုန်စိုးမိုးနေလင့်ကစား မျက်လုံးအစုံမှာတော့ မျက်ရည်များက စီးကျလာနေသည်။ သူမသည် ဖူနိုင်ဆင်းက မိမိ အား မောင်နှမအဖြစ် နားလည်လက်ခံလာသည့်အတွက် ဖော်ပြနိုင် ခြင်းငှာ မရနိုင်လောက်အောင်ပင် ဝမ်းသာမဆုံးနိုင်တော့ပါချေ။



ထို့ကြောင့် သူမက ဝမ်းသာအားရ တိုးတိတ်ညင်သာစွာဖြင့် ခေါ်လိုက်၏။

"မောင်လေး...."

ကျူးဟိုင်မင်က သူတို့နှစ်ယောက်အား မျက်ခြည်မပြတ် အကဲခတ်ကြည့်နေရာမှ ရုတ်တရက် ထိုင်ရာမှထကာ ဖူနိုင်ဆင်းအား လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

သူ၏လက်ဝါးရိုက်ချက်က ပြင်းထန်လှသည်။ ဖူယို့ဝှာက ရင်နှင့်အမျှဝမ်းသာလှိုက်လှဲနေချိန် အခြေအနေကိုသတိမမူနေစဉ် တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ဖူနိုင်ဆင်းအတွက် စိုးရိမ်သွားမိလေ သည်။

"သတိထား"

သူမက အော်ဟစ်သတိပေးလိုက်ရ၏။ ဖူနိုင်ဆင်းကလည်း ကမန်းကတန်း နောက်သို့ခုန်ဆုတ်လိုက်လေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် ကျူးဟိုင်မင်ကအတားအဆီး မဲ့သွားသောဖျပ်စောင်းသေတ္တာအဖုံးကိုဖွင့်ကာ အထဲမှဖျပ်စောင်းကို ထုတ်ယူရန် ဟန်ပြင် လိုက်၏။

ဖူယို့ဝှာ ရင်ထိတ်သွားကာ ခုန်ပေါက်၍ သူ့အနီးသို့ရောက် ရှိလာလေသည်။ သူမက ကျူးဟိုင်မင်၏လက်ထဲမှ သေတ္တာနီလေး အား လက်နှစ်ဖက်ဖြင့်လုယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟိုင်မင်ကမဲ့ပြုံးပြုံးကာ နောက်သို့ခုန်ဆုတ်သွားလေသည်။ ထိုစဉ်မှာပင် ဖူနိုင်ဆင်းက မြေပြင်ပေါ် ဓားဖျားကိုထောက်ကာတစ်ပတ်ကျွမ်းပစ်၍ ကျူးဟိုင်မင်၏လက်ထဲမှသေတ္တာလေးအား လက်ဝါးဖြင့်ပုတ်ထုတ်လိုက်သည်။

ကျူးဟိုင်မင်မှာ မမျှော်လင့်သောအဖြစ်အပျက်ကြောင့် သေတ္တာလေးအား မြဲမြဲအောင်ကိုင်မထားနိုင်တော့ပါ။

သေတ္တာနီလေးသည် လေထဲသို့လွင့်ထွက်သွားလေသည်။ သူက သေတ္တာနီလေးနောက်လိုက်ရန်ဟန်ပြင်လိုက်၏။

သို့သော်... ရုတ်တရက် သူ၏သွားလမ်းရှေ့တွင် ဓားတစ်လက်ကဟန့်တားတိုက်ခိုက်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။ သူ လေထဲသို့ခုန်၍ရှောင်တိမ်းလိုက်၏။

ထိုစဉ်မှာပင် ဖူယို့ဘာက မရဏဗျပ်စောင်းထည့်ထားသော သေတ္တာလေးကိုဖမ်းမိသွားသည်။ သူမသည် သေတ္တာထဲမှဗျပ်စောင်းကိုထုတ်ကာ စတင်တီးခတ်လိုက်လေတော့သည်။

ဗျပ်စောင်းဆီမှလှုပသောသံစဉ်များ စတင်ထွက်ပေါ်လာပြီဖြစ်၏။

ကျူးဟိုင်မင်၏ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်လာမိလေသည်။ သူက ဖူယို့ဘာထံသို့ခုန်ဝင်ကာတိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ဖူနိုင်ဆင်းက မဲ့ပြုံးပြုံးလိုက်သည်။



သူသည် ဖူယို့ဘာထံခုန်ဝင်ရန်ဟန်ပြင်နေသောကျူးဟိုင်မင်၏ရင်ဝအား ဓားဖြင့်ထိုးသွင်းလိုက်၏။

ကျူးဟိုင်မင် ဒေါသထွက်လာလေသည်။

သူသည် ဖူနိုင်ဆင်း၏ဓားအား လက်ဝါးနှစ်ဖက်ဖြင့်ညှပ်၍ဖမ်းလိုက်လေသည်။

ဖူနိုင်ဆင်း၏ဓားသည် ကျူးဟိုင်မင်၏လက်ဝါးနှစ်ဖက်ကြားတွင် ညှပ်မိသွားလေသည်။ သူက ဓားကို ကန့်လန့်ဖြတ်အနေအထားဖြင့်ပြန်လည်ဆွဲယူရန်ကြိုးစားလိုက်၏။

သို့သော် ကျူးဟိုင်မင်၏လက်ဝါးနှစ်ဖက်က ဓားအား မြဲမြံစွာညှပ်ထားလိုက်ပြီဖြစ်လေသည်။ ရုတ်တရက် သူက လက်နှစ်ဖက်ကိုတစ်ချက်လှည့်လိုက်၏။

"ဖြောက်...."

ဖူနိုင်ဆင်း၏ဓား ခါးလည်မှကျိုးသွားလေသည်။ ဖူနိုင်ဆင်း ထိတ်ခနဲဖြစ်သွား၏။ သူသည် ကျူးဟိုင်မင်အား ဓားထက်ပိုင်းကျိုးဖြင့်ခုတ်ချရန်ဟန်ပြင်လိုက်သည်။ ကျူးဟိုင်မင်ကမဲ့ပြုံးပြုံးကာ လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"သွားစမ်း"

ဖူနိုင်ဆင်းက သူ၏လက်ဝါးရိုက်ချက်ကို ဘေးသို့ခုန်ထွက်ကာရှောင်တိမ်းလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟိုင်မင်က ယင်းတဒင်္ဂ အချိန်လေးမှာပင် ရုတ်တရက် ဖူယို့ဗွာထံသို့ခုန်ဝင်သွား၏။

"သေပေတော့"

သူကကြိမ်းမောင်းရင်း လက်နှစ်ဖက်ဖွေ့ယမ်းကာ ဖူယို့ဗွာအား တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သို့သော် လျှပ်တစ်ပြက်အချိန်လေးမှာပင် ဖူယို့ဗွာ၏ဗျပ်စောင်းထဲမှ အလွန်ခက်ထန်ကြမ်းတမ်းသောသံစဉ်များထွက်ပေါ်လာပြီး တစ်ဆက်တည်းမှာပင် ကြီးမားပြင်းထန်သောမမြင်ရသည့် အင်အားတစ်ခုက....

ကျူးဟိုင်မင်၏ရင်ဝသို့ ပြေးဝင်ဆောင့်လာလေသည်။

"ဝုန်း...."

ကျူးဟိုင်မင်၏ခန္ဓာကိုယ် အရုပ်ကြိုးပြတ်လဲကျသွားလေသည်။ သူက ဖူယို့ဗွာလက်ထဲတွင်ကိုင်ထားသောမရဏာဗျပ်စောင်းအား မျက်လုံးပြူး၍ကြည့်ကာ ထိတ်လန့်တုန်လှုပ်စွာဖြင့်အော်ဟစ်လိုက်လေသည်။

"မရဏာဗျပ်...."

သူသည် စကားကိုပင်ဆုံးအောင်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

oooo



"ဟား... ဟား... ဟား"

ဖူယို့ဗွာက အားပါးတရ ရယ်မောလိုက်လေသည်။

ဖူနိုင်ဆင်းက သူမရှေ့သို့ပြေးသွားလေသည်။

"မမ...."

ဖူယို့ဗွာကရယ်မောရာမှရပ်ကာ သူ့အားကြည့်လိုက်သည်။

"မမရယ်... ကျွန်တော့်ရဲ့မိုက်မဲမှုတွေကိုခွင့်လွှတ်ပေးပါနော်... မမ"

ဖူနိုင်ဆင်းက သူမအားမော့ကြည့်ကာတောင်းပန်လိုက်၏။

ဖူယို့ဗွာက ပြုံး၍ ညင်သာစွာခေါင်းခါယမ်းလိုက်သည်။

"တော်ပြီ... တော်ပြီ၊ ထပါတော့ကွယ်... မောင်လေးရဲ့ အသိဟာ နောက်မကျသေးပါဘူး"

ဖူနိုင်ဆင်း ဖြည်းညင်းစွာထရပ်လိုက်၏။ သူသည် ဖူယို့ဗွာအားစိုက်ကြည့်ရင်း မျက်ရည်နွေးနွေးလေးများ ပါးပေါ်သို့စီးကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမရယ်... ကျွန်တော်တို့မောင်နှမရဲ့ပြန်လည်ဆုံစည်းမှုဟာ တကယ့်ကိုအိပ်မက်ဆန်လှပါတယ်ဗျာ"

ဖူယို့ဟွာက ပြုံးလိုက်သည်။ သူမက ဖူနိုင်ဆင်းအားကြည့်ကာ နခေါင်းတစ်ချက်ခါယမ်းလိုက်ပြန်၏။

"မောင်လေးရယ် မမကတော့ မောင်လေးကိုသူတို့ကသတ်ပစ်လိုက်ပြီလို့ထင်နေမိတာ... အခုလိုပြန်တွေ့ရတာ တကယ့်ကိုဝမ်းသာမိတယ် သိလား"

ဖူနိုင်ဆင်းကလည်းခေါင်းညိတ်လိုက်လေသည်။

"ကျွန်တော်လဲ တကယ်ဝမ်းသာမိပါတယ်... ကျွန်တော့်ဘဝမှာ သိပ်လှတဲ့အစ်မတစ်ယောက်ရှိနေမယ်လို့ မတွေးခဲ့မိဘူး"

ဖူယို့ဟွာက ဖူနိုင်ဆင်း၏လက်မောင်းအား လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာပြောလိုက်လေသည်။

"မောင်လေး... မင်းမှာ နောက်ထပ်ဆွေမျိုးရင်းချာ တစ်ယောက် ရှိနေသေးတယ်ကွယ့်"

ဖူနိုင်ဆင်းစိတ်ဝင်စားသွားသည်။

"ဘယ်သူလဲဟင်"

ဖူယို့ဟွာကပြုံးလိုက်သည်။

"မမနေတဲ့နေရာပေါ့"

ဖူနိုင်ဆင်းက စကားမပြောတော့ပါချေ။



သူသည် ဖူယို့ဟွာနောက်သို့လိုက်ပါသွားရန် ဆုံးဖြတ်ကာခေါင်းညိတ်ပြလိုက်၏။ ဖူယို့ဟွာကပြုံး၍ သူ၏လက်ကိုဆွဲကိုင်လိုက်သည်။

"လာ... သွားကြမယ်"

ဖူနိုင်ဆင်းက ရုတ်တရက် တစ်စုံတစ်ခုကိုသတိရလာမိ၏။

"မမ... ကျွန်တော့်ရဲ့မြင်းက အိမ်ကလေးရှေ့မှာကျန်ရစ်ခဲ့တယ်"

ဖူယို့ဟွာက မျက်ခုံးပင့်ကာကြည့်လိုက်သည်။

"ဘယ်လို... မင်းက အိမ်ကိုရောက်ခဲ့တယ်ဟုတ်လား"

ဖူနိုင်ဆင်းခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကျွန်တော်က ကျူးဟိုင်မင်ကိုလာရှာရင်း အိမ်ကိုရောက်ခဲ့တာပါ"

"ကောင်းပြီ... ဒါဆို မမတို့ကအိမ်ကို အရင်သွားကြည့်ကြမယ်"

သူမကပြောပြီး ရှေ့မှလှမ်းထွက်သွား၏။ ဖူနိုင်ဆင်းကလည်း သူမနောက်မှလိုက်ပါသွားလေသည်။ ဖူယို့ဟွာသည် တစ်ခဏကြာအောင် လျှောက်လာသောအခါ အိမ်ကလေးဆီသို့ရောက်ရှိလာလေသည်။ သူမသည် အိမ်ပေါ်သို့တက်ကာ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးသည် မိမိတို့ငယ်စဉ်ကအတိုင်း သေသပ်စွာရှိနေ၏။ သူမ၏ရင်ထဲတွင် ဖခင်နှင့်မိခင်တို့အားတမ်းတမိလာလေသည်။ ရုတ်တရက် သူမ၏မျက်ဝန်းအစုံမှမျက်ရည်များစီးကျလာလေသည်။ ဖူးနိုင်ဆင်းက သူမအားကြည့်ကာ စိတ်မကောင်းဖြစ်သွားလေသည်။ သို့သော် သူက ပြုံးရွှင်သောမျက်နှာထားဖြင့် နှစ်သိမ့်လိုက်လေသည်။

"မမရယ်... ဖေဖေနဲ့မေမေက ကျွန်တော်တို့မောင်နှမကို တွေ့ခွင့်ပေးပြီပြီပဲ၊ ဘာဖြစ်လို့မျက်ရည်ကျရတာလဲ"

ဖူးယို့ဝှာ မျက်ရည်သုတ်လိုက်သည်။ သူမသည် ဖူးနိုင်ဆင်းအားတည်ကြည်လေးနက်စွာကြည့်လိုက်ပြီး...

"မောင်လေး... မင်းကို မမတစ်ခုတိုင်ပင်ရဦးမယ်"

"ဘာများလဲ မမ"

ဖူးယို့ဝှာက လက်ထဲမှသေတ္တာနီလေးအား ငုံ့ကြည့်လိုက်၏။ ထို့နောက် ဖူးနိုင်ဆင်းအားကြည့်လိုက်ပြီး တစ်ခွန်းချင်းပြောလိုက်၏။

"မောင်လေး... ဒီဗျပ်စောင်းကို ဖေဖေတို့က ဘုရင်မင်းမြတ်ဆီမှာလှူချင်တဲ့ဆန္ဒရှိခဲ့တယ်၊ ဒါကြောင့် မမတို့က ဖေဖေတို့အတွက် ကလဲ့စားချေပြီးရင် ဒီဗျပ်စောင်းကို ဘုရင်မင်းမြတ်ဆီမှာသွားပြီး လှူဒါန်းကြမယ်၊ အဲဒါ မောင်လေးရဲ့ဆန္ဒကိုပြောပါဦး"

ဖူးနိုင်ဆင်းက ဝမ်းသာအားရဖြင့်လက်ခံလိုက်သည်။



"ဟာ... ကျွန်တော်ဆန္ဒကိုမေးနေရသေးလား၊ ဒါဟာတိုင်းပြည်အတွက်အကျိုးပြုမယ့်ကိစ္စပဲ... လှူပါဗျာ... လှူပါ"

ဖူးယို့ဝှာက ပြုံးလိုက်သည်။

"ကဲ... ဒါဖြင့် မမတို့အိမ်ကလေးဆီကိုပြန်ကြမယ်"

ဖူးနိုင်ဆင်းက မြင်းပေါ်သို့တက်လိုက်သည်။

သူက ဖူးယို့ဝှာအားကြည့်ကာ...

"မမ မြင်းပါလား"

ဖူးယို့ဝှာခေါင်းခါယမ်းလိုက်သည်။

"မပါဘူး"

"ဒါဖြင့် မမ မြင်းပေါ်တက်လေ... ကျွန်တော်တို့နှစ်ယောက် အတူတူစီးသွားကြမယ်"

"မမအတွက်မလိုပါဘူးကွယ်"

ဖူးနိုင်ဆင်းက မြင်းပေါ်မှပြန်ဆင်းလိုက်၏။

"ဒါဆိုရင် ကျွန်တော်လဲလမ်းလျှောက်မယ်"

ဖူးယို့ဝှာကပြုံး၍ရှေ့မှလျှောက်သွား၏။

ဖူးနိုင်ဆင်းက နောက်မှလိုက်ပါသွားလေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ထမင်းတစ်အိုးကျက်ခန့်ကြာသောအခါ ဖူယို့ဝှာကခြေလှမ်းရပ်လိုက်လေသည်။ ဖူနိုင်ဆင်းလည်း ခြေလှမ်းရပ်တန့်လိုက်၏။

သူသည် ဖူယို့ဝှာရပ်တန့်လိုက်သောနေရာတစ်ဝိုက်သို့ မျက်လုံးဝေ့ကာ ကြည့်လိုက်လေသည်။ ဝန်းကျင်တစ်ဝိုက်တွင် လူသူကင်းရှင်း၍ လူနေအိမ်ခြေတစ်လုံးမှမရှိပါချေ။

ဖူနိုင်ဆင်းက မျက်မှောင်ကုပ်လိုက်သည်။

"မမ… မမရဲ့အိမ်ကဘယ်မှာလဲဟင်"

ဖူယို့ဝှာကစကားမပြောဘဲ အရှေ့ဘက်သို့လှည့်ကာ မြစ်ကမ်းစပ်ဆီသို့ဆင်းသွားလေသည်။ ကမ်းစပ်တွင် လှေကလေးတစ်စင်းကပ်ထားသည်ကိုတွေ့မြင်လိုက်ရ၏။ သူမသည် လှေကလေးပေါ်သို့တက်လိုက်လေသည်။ ဖူနိုင်ဆင်းက သူမ၏နောက်မှလိုက်၍ တက်လိုက်၏။

သူက ယင်းသို့တက်လိုက်ပြီး မိမိ၏မြင်းကြီးကိုနှမြောတသစွာလှမ်းကြည့်လိုက်သည်။

ဖူယို့ဝှာကပြုံးလိုက်၏။



"မောင်လေး… မင်းရဲ့မြင်းကြီးကို ဘာမှနှမြောမနေပါနဲ့၊ သူ့ကိုစောင့်ရှောက်မယ့်လူ ဒီနားမှာရှိနေတယ်"

ဖူနိုင်ဆင်းက ဝန်းကျင်အားမျက်လုံးဝေ့ကြည့်လိုက်၏။

"ဘယ်သူလဲ"

"ဘယ်သူပဲဖြစ်ဖြစ်ပေါ့… အရေးကြီးတာက မင်းရဲ့မြင်းကြီးပျောက်မသွားဖို့ပဲမဟုတ်လား"

ဖူနိုင်ဆင်း စကားမပြောတော့ပါ။ သူသည် ဖူယို့ဝှာက တစ်ချိန်တုန်းဆီက တွေ့ကြုံခဲ့ရသောခါးသီးသည့်အတွေ့အကြုံကြောင့် ယခုအခါ အလွန်လျှို့ဝှက်သည့်မိန်းကလေးတစ်ယောက် ဖြစ်နေပြီကိုနားလည်လိုက်မိလေသည်။ ယင်းအချိန် ဖူယို့ဝှာက လှေကို စတင်လှော်ခတ်လိုက်၏။ သူမက လှေကိုတစ်ချက်မျှလှော်ခတ်လိုက်သည်နှင့် လှေကလေးသည် မြားတစ်စင်းပမာတစ်ဟုန်ထိုးပြေးထွက်သွားလေသည်။ ဖူနိုင်ဆင်းက သူမ၏လှေလှော်သည့်ပညာကိုကြည့်ကာ အံ့ဩလွန်းသဖြင့် ချီးကျူးလိုက်မိ၏။

"ဟင်… မမရဲ့အတွင်းအားနဲ့လှေလှော်တက်ကို လှော်ခတ်တဲ့ပညာကတော့ ကျွန်တော် တကယ်မချီးကျူးဘဲ မနေနိုင်အောင်အဆင့်မြင့်လှပါပေတယ်"

ဖူယို့ဝှာက ပြုံးနေလေသည်။ ဖူနိုင်ဆင်းက သူမအား တစ်ချက်အကဲခတ်ကြည့်ကာ မျက်မှောင်ကြုတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ… မမရဲ့အိမ်က ဘယ်မှာလဲဟင်"

ဖူယို့ဂွာက ပြုံးလိုက်သည်။

"မကြာခင် ရောက်ပါတော့မယ်"

ဖူနိုင်ဆင်းက အံ့ဩသွားမိ၏။

"ဟင်… မမရဲ့အိမ်က ဟိုဘက်ကမ်းမှာပေါ့ဟုတ်လား"

ဖူယို့ဂွာက ရယ်မောလိုက်၏။ ယင်းအချိန်မှာပင် ဖူနိုင်ဆင်းက မြစ်ရေထဲတွင် သေသပ်လှပစွာဆောက်လုပ်ထားသောအိမ်လေးတစ်လုံးကိုတွေ့မြင်လိုက်ရလေတော့သည်။

၀၀၀၀



အိမ်ကလေးတစ်လုံး….

အလွန်လှပသောအိမ်ကလေးတစ်လုံးဖြစ်သည်။ ထို့ပြင် အိမ်လေးကို ဝါးဖောင်ပေါ်တွင်ဆောက်လုပ်ထား၏။ အိမ်ကလေး၏ တံစက်မြိတ်အစွန်းနှစ်ဖက်တွင် ဖန်မီးအိမ်နှစ်လုံးကိုချိတ်ဆွဲ ထွန်းညှိထား၏။ ဖူနိုင်ဆင်းကလှပစွာ ဆောက်လုပ်ထားသော ဝါးအိမ်လေးကိုကြည့်ကာ ရင်ထဲ၌ကြည်နူးပျော်ရွှင်လာမိလေသည်။

အိမ်ကလေးအားကြည့်နူးစွာကြည့်နေစဉ် လှေကလေး က ဝါးအိမ်နှင့်တစ်စထက်တစ်စ နီးကပ်လာပြီကိုတွေ့မြင်ရ၏။ ထိုအခါ အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီးတစ်ယောက်က ကျောပေးကာ ရပ်နေသည်ကိုတွေ့မြင်လိုက်ရ၏။

ဖူနိုင်ဆင်း မျက်မှောင်ကုပ်သွားကာ….

"မမ… အဲဒီအမျိုးသမီးက ဘယ်သူလဲဟင်"

ဖူယို့ဂွာက ဘာစကားမှပြန်မပြောပါ။ သူမက လှေကလေးကို ဝါးဖောင်အနီးတွင်ကပ်၍ ရပ်လိုက်၏။ ထို့နောက် ဝါးဖောင်ပေါ်သို့ ခုန်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အိမ်လေးရှေ့တွင်ကျောပေးရပ်နေသော အမျိုးသမီး၏နားအနီးသို့တိုးကပ်ကာတီးတိုးပြောလိုက်၏။

ထိုအခါ အမျိုးသမီးက ဖူနိုင်ဆင်းဘက်သို့ဖြည်းညင်းစွာလှည့်ကြည့်လာလေသည်။ ယင်းအချိန် ဖူနိုင်ဆင်းက လှေကလေးကိုချည်နှောင်ထားသောကြိုးနှင့်ဝါးဖောင်လေးအားတွဲကာ ချည်နှောင်ပြီး မော့ကြည့်လိုက်သည်။

သူသည် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသောအမျိုးသမီး၏မျက်နှာအား တွေ့မြင်လိုက်ရသောအခါ အံ့ဩလွန်းသဖြင့် မျက်လုံးအစုံက ပြူးကျယ်သွားမိလေသည်။

"ဟင်... ခင်... ခင်ဗျား"

အမှန်တွင် သူတွေ့မြင်လိုက်ရသောအမျိုးသမီးမှာ တခြားလူ မဟုတ်ပါ။ သူ့အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အချိန်တိုင်းတွင် ရောက်ရှိလာကာ မိမိအား အကြိမ်ကြိမ်ကူညီခဲ့သောအမျိုးသမီးပင် ဖြစ်လေသည်။ အမျိုးသမီးက သူ့အား ကြည့်ကာပြုံးလိုက်သည်။

"သြော်... နောက်ဆုံးတော့ မင်းလဲရောက်လာပြီကိုး"

ဖူနိုင်ဆင်းက မျက်မှောင်ကုပ်လိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

အမျိုးသမီးကစကားမပြောပါ။ သူ့အား ကရုဏာသက်သောမျက်လုံးအစုံဖြင့်ကြည့်နေလေသည်။



ဖူယို့ဝှာက ဖူနိုင်ဆင်းအနီးသို့လျှောက်လာပြီး...

"မောင်လေး... သူက မမတို့ရဲ့တစ်ဦးတည်းသော ဆွေမျိုးရင်ချာတစ်ယောက်ပါ"

"ကျွန်တော်တော့ တကယ့်ကိုနားမလည်တော့ဘူး... သူက ဘယ်သူလဲ"

"ဒီလိုပါ... သူက မမတို့အဖေရဲ့အစ်မကြီးဖူကျူးပင်းတဲ့"

ဖူနိုင်ဆင်းက ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။ သူသည် ယခုမှ အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသောအမျိုးသမီးက အဘယ်ကြောင့် မိမိအားလိုက်၍ကူညီနေသည်ကို သဘောပေါက်နားလည်လိုက်ရလေသည်။

သူက ဖူကျူးပင်းရှေ့တွင် ဆတ်ခနဲ ဒူးထောက်လိုက်၏။

"ဒေါ်ဒေါ်ရယ်... ကျွန်တော် မသိနားမလည်လို့ ဂါရဝမပြုမိခဲ့တာကိုခွင့်လွှတ်ပါ"

ဖူကျူးပင်းကပြုံး၍ခေါင်းခါယမ်းလိုက်၏။

"ကိစ္စမရှိပါဘူးကွယ်... ဖူယို့ဝှာကတောင်မှ ဒေါ်ဒေါ်ဟာ ဖူချင်းလွေရဲ့အစ်မဆိုတာ လွန်ခဲ့တဲ့သုံးရက်လောက်ကမှသိခဲ့တာပါ"

ဖူနိုင်ဆင်းမျက်မှောင်ကုပ်လိုက်၏။

"လွန်ခဲ့တဲ့သုံးရက်ဟုတ်လား"

ဖူကျူးပင်းကခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ… လွန်ခဲ့တဲ့သုံးရက်တုန်းက ကျွန်တော်က မမကိုဓားနဲ့ တိုက်ခိုက်ခဲ့တယ်နော်"

"ဟုတ်တယ်… မမက မင်းရဲ့တိုက်ခိုက်မှုကြောင့် ဒဏ်ရာရပြီး ဝမ်းနည်းကြေကွဲလို့ငိုပြီးပြန်ပြေးခဲ့တဲ့အချိန်မှာ ဒေါ်ဒေါ်နဲ့ တွေ့ခဲ့ရတာပဲ"

ဖူနိုင်ဆင်းကဖူယို့ဝှာအားစိတ်မကောင်းစွာဖြင့်ကြည့်ကာ

"အဲဒီကိစ္စအတွက် ကျွန်တော့် တကယ့်ကိုစိတ်မကောင်းခဲ့ပါဘူးဗျာ"

သူက ဖူကျူးပင်ဘက်သို့ လှည့်လိုက်လေသည်။

"ဒေါ်ဒေါ်ကမမနဲ့တွေ့ခဲ့တာ တိုက်ဆိုင်မှုလား… ဒါမှမဟုတ် မမကိုလာတွေ့တာလား"

"အင်း… ဒေါ်ဒေါ်က မင်းတို့မောင်နှမနှစ်ယောက်ကို အချိန်မီသတိပေးဖို့လာခဲ့တာပါ… ဒါပေမယ့် ဒေါ်ဒေါ်နောက်ကျခဲ့တယ်"

သူမက စကားဆက်လိုက်သည်။

"အမှန်တော့ ဒေါ်ဒေါ်က ရွှေမြားဂိုဏ်းချုပ် လာပြီး သောင်းကျန်းသွားတယ်ဆိုတဲ့သတင်းကြားခဲ့ရတယ်၊ တစ်ခါ ဗျပ်စောင်းရှင် သခင်မဟာ ဖူချင်းလွေ့ရဲ့သမီးလို့သိရတာကြောင့် မှားယွင်းပြီး မတိုက်ခိုက်ရအောင် မင်းကိုသတိပေးဖို့လာခဲ့တာပါ"

ဖူနိုင်ဆင်းမျက်မှောင်ကုပ်လိုက်သည်။



"ဒါဆိုရင် ကျွန်တော့်ကိုတော့ ဟိုတုန်းကတည်းက ဖေဖေ့ရဲ့ သားမှန်းသိခဲ့တယ်ဆိုပါတော့"

"ဟုတ်တယ်… ဒေါ်ဒေါ်က ဖူချင်းလွေ့တို့ရဲ့မိသားစုကို ဂိုဏ်းငါးဂိုဏ်းကလူတွေကဝင်ပြီး တိုက်ခိုက်သွားတယ်ဆိုတဲ့သတင်းကြောင့် ယူနန်လွင်ပြင်ကိုအပြေးအလွှားရောက်ခဲ့တယ်၊ အဲဒီမှာ သိုင်းသမားတွေ အလောင်းနဲ့အတူ မြက်ရိုင်းလွင်ပြင်ကိုပြေးသွားတဲ့ မြင်းလှည်းဘီးရာကိုတွေ့ရတယ်"

သူမက စကားဆက်လိုက်သည်။

"အဲဒီမြင်းလှည်းဘီးရာအတိုင်း လိုက်လာခဲ့တာမှာ မင်းအမေနဲ့အဖေရဲ့အလောင်းကိုပဲတွေ့ရတယ်၊ ဒါပေမယ့် ကလေး နှစ်ယောက်ကပျောက်နေတော့ ဒေါ်ဒေါ်ကတိတ်တဆိတ်လိုက်လံစုံစမ်းခဲ့တာပေါ့"

ဖူနိုင်ဆင်းနှင့်ဖူယို့ဝှာတို့က နားစွင့်နေကြလေသည်။

ဖူကျူးပင်းကခေတ္တရပ်နားပြီးမှ စကားဆက်လိုက်၏။

"အဲဒီလိုစုံစမ်းတော့ တူမလေးက မရဏဗျပ်စောင်းနဲ့အတူ ရေတံခွန်ထဲပြုတ်ကျသွားလို့သေဆုံးသွားပြီဆိုတာကို သိရတယ်လေ… ဒါပေမယ့် တူလေးက ထူးထူးဆန်းဆန်းသဲလွန်စပျောက်နေတယ်၊ ဒါကြောင့် ထပ်ပြီးစုံစမ်းတဲ့အခါမှာ ရွှေမြားဂိုဏ်းက ဒုဂိုဏ်းချုပ်စွန်းဆီမှာသားတစ်ယောက်ရှိတယ်ဆိုတာကို ညသရဲစားသောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကိုလာရင်း အမှတ်မထင်သိခဲ့ရတယ်၊ ဒုဂိုဏ်းချုပ်ကြီးစွန်းဟာ လူဖျိုကြီးပါ... ဒါကြောင့် သူက သားတစ်ယောက်ရှိတယ်ဆိုတာ မွေးစားသားပဲဖြစ်ရမယ်ဆိုပြီး တိတ်တဆိတ်စောင့်ကြည့်နေချိန်မှာပဲ မင်းကိုတွေ့လိုက်ရတယ်၊ မင်းဟာ မင်းအဖေငယ်ငယ်ကရုပ်နဲ့တစ်ထေရာတည်းတူညီနေတာကြောင့် မင်းဟာ သဲလွန်စပျောက်နေတဲ့ ဖူနိုင်ဆင်းပဲဖြစ်မယ်ဆိုတာနားလည်လိုက်တယ်လေ"

ဖူနိုင်ဆင်းသည် အရာအားလုံးကိုသဘောပေါက်နားလည်သွားပြီး ခေါင်းတညိတ်ညိတ်ပြုလိုက်သည်။

"ဪ... ဒါကြောင့် ဒေါ်ဒေါ်ကကျွန်တော့်နောက်ကို လိုက်ပြီးစောင့်ရှောက်ခဲ့တာကိုး၊ ကျွန်တော့်မှာ ဒေါ်ဒေါ်ပေးတဲ့အသက်ပဲရှိပါတော့တယ်"

ဖူကျူးပင်းက ပြုံးလိုက်လေသည်။

"မင်းမှားနေပြီထင်တယ်... မင်းကို အသက်ဆက်ပေးခဲ့တဲ့ လူတစ်ယောက်ရှိသေးတယ်"

"ဘယ်သူလဲ ဒေါ်ဒေါ်"

ဖူကျူးပင်းက လျှို့ဝှက်စွာ ပြုံးလိုက်သည်။

"သူဟာ မင်းကိုစောင့်ရှောက်ခဲ့တယ်... ကြင်နာခဲ့တယ်၊ နောက်ဆုံး မင်းအတွက်နဲ့ယောကျ်ားဘေးဘ၀ကနေပြီး မိန်းကလေးဘ၀အထိကူးပြောင်းသွားတယ်လေ"



ယင်းစကားကြောင့် ဖူနိုင်ဆင်းခန္ဓာကိုယ်တစ်ခုလုံးမှာ တစ်ချက်တုန်ခါသွားလေသည်။ သူ၏ရင်ထဲမှအသည်းနှလုံးမှာ ပြင်းပြင်းထန်ထန်လှုပ်ရှားသွားခဲ့ရသည် မဟုတ်ပါလော။

သူတွေတွေငေးကြီးဖြစ်နေလေ၏။ ဖူကျူးပင်းကသက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်၏။

"အင်း... ခက်တာက သူ့အဘိုးက ငှါမောင်လေးဖြစ်တဲ့ မင်းရဲ့အဖေကိုသတ်တဲ့လူစုထဲမှာ ပါနေတယ်လေ"

ဖူနိုင်ဆင်း၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားရတော့သည်။ သူ၏အသည်းနှလုံးအား ကျာပွတ်နှင့်ရိုက်လိုက်သကဲ့သို့ ခံစားနေရသည်မဟုတ်ပါလော။

သူက ဖူကျူးပင်းအား မော့ကြည့်လိုက်သည်။

"ဘယ်လို... ကျွန်တော့်မိဘတွေကိုသတ်ခဲ့တဲ့ဂိုဏ်းငါးဂိုဏ်းကလူတွေထဲမှာပါတယ် ဟုတ်လား"

ဖူကျူးပင်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဖူနိုင်ဆင်း၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရသည့်ဟန်မူရာများပေါ်လွင်လာလေသည်။ သူသည် အိုစမ်းကေ့ကေ့အား အသည်းနှလုံးထဲမှမြတ်နိုးစွာချစ်မိသော်လည်း ယခုအခါ မိမိ၏မိဘများကိုသတ်ဖြတ်သွားသော ရန်သူတော်ကြီး၏မြေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်မဟုတ်ပါလော။

ဖူကျူးပင်းက သူ့အား တစ်ချက်အကဲခတ်ကြည့်လိုက်၏။

"ဖူနိုင်ဆင်း... မင်းရင်ထဲမှာ သူ့အတွက် ခံစားနေရပြီမဟုတ်လား"

ဖူနိုင်ဆင်းက ဖြည်းလေးစွာခေါင်းညိတ်လိုက်သည်။

"ဒေါ်ဒေါ်ရယ်... ဒီအကြောင်းတွေကို အစအတည်းက ကျွန်တော့်ကိုပြောပြသင့်တယ်"

"ဘယ်ဖြစ်မလဲ... ငါက ဒီအကြောင်းတွေကိုပြောပြလို့ မင်းကလက်ခံနိုင်မှာတဲ့လား"

သူမက ပခုံးတစ်ချက်တွန့်ကာ....

"မင်းကို ဖူယို့ဝှာက အစ်မပါလို့ပြောတာတောင်မှ မင်းလက်မခံနိုင်ခဲ့ဘူးမဟုတ်လား၊ ဒါကြောင့် ဒေါ်ဒေါ်က မင်း လက်ခံနိုင်တဲ့အချိန်ထိရောက်အောင် စောင့်နေရတာပါ"

ဖူနိုင်ဆင်းက အဝေးသို့ငေးမျှော်ကြည့်နေလေသည်။ သူ၏မျက်ဝန်းထဲတွင် အိုစမ်းကေ့ကေ့၏အပြစ်ကင်းစင်သောမျက်နှာလေးကိုမြင်ယောင်နေမိလေသည်။ ဖူယို့ဝှာက သူ့အားတစ်ချက်ကြည့်ကာ ကြားဖြတ်ပြောလာလေသည်။

"မောင်လေး... လောလောဆယ် ဒီကိစ္စတွေအတွက် တွေဝေနေလို့မဖြစ်ဘူးနော်၊ မမတို့မိဘတွေကိုသတ်သွားတဲ့လူတွေ



ကိုကလဲ့စားချေပေးရဦးမယ်"

ဖူနိုင်ဆင်းက ခေါင်းညိတ်လိုက်၏။

"အင်း... စိတ်ချပါမမရယ်၊ ကျွန်တော်က ဒီကိစ္စကို အလေးအနက်ထားမှာပါ"

"ကောင်းပြီ... ဒါဆိုရင် စောစောနားတော့၊ ဒါမှ မနက်ဖြန်ကျရင် မမတို့ကလဲ့စားချေမယ့်လုပ်ငန်းကို အကောင်အထည်ဖော်လို့ရမှာ"

ဖူကျူးပင်းကလက်ကာပြလိုက်သည်။

"ဒါနဲ့နေပါဦး... မင်းတို့မောင်နှမ ဘယ်သူ့ဆီ အရင်သွားမယ်လို့စိတ်ကူးထားလဲ"

ဖူယို့ဝှာကမဲ့ပြုံးပြုံးလိုက်သည်။

"ဝိဇ္ဇာဉ်ဖြူဂိုဏ်းကို အရင်သွားမယ်"

ဖူကျူးပင်းက ခေါင်းခါယမ်းလိုက်သည်။

"ဝိဇ္ဇာဉ်ဖြူဂိုဏ်းကို အရင်သွားလို့မဖြစ်ဘူးနော်"

"ဘာဖြစ်လို့လဲဟင်"

ဖူကျူးပင်းကမဲ့ပြုံးပြုံးလိုက်သည်။

"ဝိဇ္ဇာဉ်ဖြူဂိုဏ်းကဂိုဏ်းချုပ်ကြီးနဲ့သူ့ဇနီး အဆိပ်ကျဉ်ပွတ်မယ်ကွမ်းစုစုတို့က အခုဆိုရင် မီးလျှံဂိုဏ်းချုပ်ကြီးအိုရှန်းတာ့နဲ့သွား ပြီးပူးပေါင်းနေပြီလေ၊ သူတို့က မရဏဗျပ်စောင်းရှင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ဖို့ဆိုပြီး အစီအစဉ်တွေလုပ်နေကြတယ်လို့သိရတယ်"

"ဒါဆိုရင်လဲ ကျွန်မက မီးလျှံဂိုဏ်းချုပ်ကြီးတို့ရဲ့ဌာနချုပ်ကို လိုက်သွားရုံပေါ့"

ဖူကျူးပင်းက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"မဟုတ်သေးဘူးနော်... ဝိညာဉ်ဖြူဂိုဏ်းချုပ်နဲ့ဇနီးတို့ဟာ ဘယ်လောက်ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ သမီးအသိပဲ၊ သူတို့က ဘယ်လိုကောက်ကျစ်စဉ်းလဲတဲ့အကြံအစည်တွေ လုပ်ထားသလဲ မသိဘူး၊ အခု ဒေါ်ဒေါ်တို့ရင်ဆိုင်ရမယ့်အန္တရာယ်ကမသေးဘူး"

ဖူယို့ဝှာကခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက်၏။

သူမက လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ကာ....

"ဘာပဲဖြစ်ဖြစ် ကျွန်မအသေခံပြီး သူတို့နဲ့ရင်ဆိုင်မယ်"

ဖူနိုင်ဆင်းကသည် သူမ၏စကားကြောင့် ရင်ထိတ်သွား၏။

"အို... မမက ဘာဖြစ်လို့သေရမှာလဲ၊ ကျွန်တော်က မမနဲ့ အတူတူ သူတို့ကိုရင်ဆိုင်မှာပါ"

ဖူယို့ဝှာက ပြုံးလိုက်သည်။

"မောင်လေး... အခုဆိုရင် သူတို့က လူအင်အားရော ထောင်ချောက်တွေပါ အသင့်ပြင်ဆင်ထားမှာသေချာတယ်၊ ဘာပဲဖြစ်ဖြစ် မမတို့မောင်နှမက မိဘတွေအတွက်အသေခံပြီး သူတို့ကိုရင်ဆိုင်ကြမယ် သိလား"



ဖူနိုင်ဆင်းက မချိပြုံးပြုံးကာခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ကဲ့.. စိတ်ချပါ၊ ကျွန်တော် ဒီကိစ္စကို အသက်နဲ့လဲပြီး ဆောင်ရွက်မှာပါ"

သူက ယင်းသို့ပြောလိုက်သော်လည်း ရင်ထဲတွင် အိုစမ်းကေ့ကေ့နှင့်တွေ့ဆုံရမည့်အရေးအတွက် ရင်ပူနေမိသည်။

မည်သို့ဆိုစေ....

သူသည် မိဘများအတွက်မလွဲမသွေပင် မီးလျှံဂိုဏ်းနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်းနားလည်ထား၏။

ဖူကျူးပင်းက သူ့အားအဲကဲခတ်ကြည့်ရင်း သက်ပြင်းတစ်ချက်ကို ကျိတ်၍ချလိုက်လေသည်။

သူမသည် ဤတစ်ကြိမ် မီးလျှံဂိုဏ်းဆီသို့သွားရောက်ရမည့် အရေးများ တွေ့ကြုံရမည့်ပြဿနာများမှာ ရင်မအေးနိုင်ကြောင်း နားလည်ထား၏။

ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်လေသည်။

"ကဲ... မင်းတို့မောင်နှမတွေ ပင်ပန်းလာကြတယ် မဟုတ်လား၊ နေဦး... ဒေါ်ဒေါ်က မင်းတို့အတွက် ညစာကောင်းကောင်း ကျွေးမယ်... ပြီးမှ မီးလျှံဂိုဏ်းကိုသွားဖို့ကိစ္စကို ဆက်ပြီးဆွေးနွေးကြတာပေါ့"

ဖူယို့ဝှာကခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ကျွန်မပဲ ညစာစီစဉ်ပါ့မယ်၊ ဒေါ်ဒေါ်အေးအေးဆေးဆေးနားနေပါ"

ဖူကျူးပင်းက လက်ကာပြလိုက်သည်။

"နေပါကွယ်... ဒေါ်ဒေါ်က ကိုယ့်တူနဲ့တူမကိုပြုစုဖို့တာဝန်ရှိတယ်မဟုတ်လား။ ကဲ... မင်းတို့မောင်နှမ နားလိုက်ကြပါ"

သူမကပြောပြီး အိမ်ကလေးထဲသို့ဝင်သွားလေသည်။

မကြာမီ....

ဖူကျူးပင်းသည် ရေနွေးကြမ်းနှင့်စားစရာများကိုသယ်ယူလာကာ စားပွဲပေါ်တွင်ဝိုင်း၍စားသောက်လိုက်ကြ၏။ ဖူနိုင်ဆင်းသည် စားသောက်စရာများကိုစားသောက်ပြီး ရေနွေးကြမ်းတစ်ခွက်ကိုငုံ့သောက်လိုက်၏။

သူရေနွေးကြမ်းခွက်ကို သောက်လိုက်သည်နှင့်တစ်ပြိုင်နက် မျက်ခွံများလေးလံလာကာ စားပွဲပေါ် ခေါင်းငိုက်စိုက်ချ၍ အိပ်ပျော်သွား၏။

ဖူယို့ဟွာကမူ ရေနွေးကြမ်းသုံးခွက်ခန့် ဗိုက်ထဲသို့ရောက်ရှိလာချိန်တွင် မျက်ခွံများလေးလံလာလေသည်။

သူမက တစ်ချက်သမ်းဝေရင်းမှ ဖူကျူးပင်းအားကြည့်ကာ အံ့သြထိတ်လန့်စွာဖြင့်....

"ဟင်... ဒေါ်... ဒေါ်က ရေနွေးကြမ်းထဲမှာဆေးခတ်..."



သူမသည် စကားကိုပင်ဆုံးအောင်မပြောနိုင်တော့ဘဲ စားပွဲပေါ်ခေါင်းငိုက်စိုက်ကျသွားလေ၏။

ဖူကျူးပင်းက သူမတို့မောင်နှမနှစ်ယောက်အား တစ်လှည့်စီကြည့်ကာ မျက်ရည်များရစ်ဝဲလာလေသည်။

သူမသည် ခေါင်းတစ်ချက်ခါယမ်းလိုက်၏။

"တူမနဲ့တူလေးတို့ရယ်... ဒေါ်ဒေါ့်ကိုခွင့်လွှတ်ကြပါ၊ မင်းတို့ဟာ အသက်ကလေးတွေ ငယ်ငယ်ရွယ်ရွယ်နဲ့ဘဝရဲ့ ခါးသီးတဲ့ဒဏ်တွေကိုခံစားခဲ့ကြရတဲ့လူတွေပါ၊ ဒါကြောင့် ဒေါ်ဒေါ်ကမင်းတို့ကို ခါးသီးတဲ့အတွေ့အကြုံမပေးချင်တော့ဘူး။ နောက်ပြီး အခုသွားရမယ့်မီးလျှံဂိုဏ်းမှာ သိုင်းလိပ်သီးအကျော်အမော်တွေ စုရုံးရောက်ရှိနေကြပြီ၊ ဒါကြောင့် ဒေါ်ဒေါ်တစ်ယောက်တည်း သူတို့နဲ့သွားရင်ဆိုင်မယ်"

သူမကပြောပြီး အင်္ကျီအိတ်ထဲမှသေတ္တာရှည်လေးတစ်လုံးကိုထုတ်ယူလိုက်သည်။

အနက်ရောင်သေတ္တာလေးဖြစ်သည်။

သူမသည် သေတ္တာလေးကိုပိုက်ကာ လှေကလေးပေါ်သို့ခုန်တက်လိုက်၏။

ထို့နောက်....

ဝါးဖောင်တွင်ချိတ်ဆွဲထားသော လှေကြိုးကိုဖြုတ်ကာ ရေပြင်အား တက်ဖြင့်တစ်ချက်လှော်ခတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကလေးသည် ရေစီးအတိုင်းတစ်ဟုန်ထိုးပြေးထွက်သွားပြီး တစ်ခဏအတွင်းမှာပင် အမှောင်ထုထဲသို့တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

၀၀၀၀



ဤနေရာသည် ချုံအန်းမြိုပြင်နှင်တစ်မိုင်ခန့်ကွာဝေးသောနေရာတစ်ခုဖြစ်၏။

ဝန်းကျင်တစ်ခုလုံး သစ်ပင်များထူထပ်စွာပေါက်ရောက်နေကြပြီး တောအုပ်အလယ်တွင် ကြီးမားသောအဆောက်အအုံကြီးတစ်ခုရှိနေသည်။

အဆောက်အအုံကြီး၏ဘေးပတ်ပတ်လည်တွင် အဆောက်အအုံငယ်လေးများအစီအရီစနစ်တကျဆောက်လုပ်ထား၏။

မြင့်မားထူထဲသောအုတ်နံရံသည်....

ထိုအဆောက်အအုံကြီးအား ခြံဝင်းအဖြစ် ကာရံထားလေသည်။

လူသူအရောက်အပေါက်နည်းပြီး ဤမျှခေါင်လွင်သောနေရာတွင် ကြီးကျယ်ခမ်းနားလှသောအ ဆောက်အအုံကြီးတစ်ခုရှိနေသည်မှာ အလွန်ထူးဆန်းသည်ဟုဆိုရပေမည်။

ယင်းအဆောက်အအုံ၏ရှေ့တွင် စင်မြင့်တစ်ခုဆောက်လုပ်ထားပြီး လူများဖြင့်စည်ကားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများသည် စင်မြင့်ထောင့်တွင်ရှိနေသော နွားသားရေဖြင့်ပြုလုပ်ထားသည့်ကြီးမားလှသောဗုံကြီးကိုလည်းကောင်း....

စင်မြင့် ရှေ့တွင်စိုက်ထားသောသစ်သားငုတ်များကိုလည်းကောင်း ကြည့်ကာ ကျေနပ်စွာပြုံးနေကြ၏။

ထိုလူများမှာ တခြားလူများမဟုတ်ကြပါ။

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုနှင့် ဓနီးဖြစ်သူအဆိပ်ကျာပွတ်မယ်ကွမ်းစုစု၊ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့တို့ဖြစ်ကြလေသည်။

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုကကျေနပ်စွာပြုံးလျက်....

"မီးလျှံဂိုဏ်းရဲ့ဌာနချုပ်ကို ကျွန်မတို့ရောက်လာတာဟာ တကယ်ကံကောင်းတာပဲ၊ ဂိုဏ်းချုပ်ကြီးရဲ့ကာကွယ်ရေး အစီအစဉ်တွေက အားရစရာကောင်းလှပါတယ်ရှင်"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ကပြုံးလိုက်သည်။

"မရဏာဗျပ်စောင်းဟာ အတွင်းအားနဲ့တိုက်ခိုက်ရတဲ့ လက်နက်တစ်မျိုးဆိုတာ ခင်ဗျားတို့ရွှေမြားဂိုဏ်းမှာတွေ့မြင်ခဲ့ပြီးပြီဆိုတော့ မရဏာဗျပ်စောင်းသခင်သာ ဒီနေရာကိုရောက်လာခဲ့ရင် ဒီငုတ်တိုင်တွေရဲ့ရှေ့ဘက်လောက်မှာပဲနေရာယူနိုင်မယ်၊ ဒါဆိုရင် ကျုပ်တို့က သူ့ကိုပြန်ပြီးတိုက်ခိုက်ဖို့အချိန်ရမှာပေါ့ မဟုတ်ဘူးလား"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစု ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်... ဒါဟာ ကျုပ်တို့အတွက်အကောင်းဆုံးအခွင့်အရေးတစ်ခုပါပဲ၊ သူ့ကို အနီးကပ်တိုက်ခိုက်ခွင့်မပေးဘူးဆိုရင် ကျုပ်တို့ကတစ်ပမ်းသာပြီး တိုက်ခိုက်လို့ရတာပေါ့"

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုက ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ မရဏာဗျပ်စောင်းရှင်ကသာ ဒီနေရာကိုရောက်ခဲ့ရင် သူ့အတွက် ခေါင်းတစ်လုံးပြင်ထားရုံပဲရှိတော့မယ်၊ ဟား... ဟား... ဟား"

သူမကပြောပြီး သဘောကျစွာရယ်မောလိုက်လေသည်။

ကျန်လူများကလည်းရောနှောကာ အားပါးတရရယ်မောလိုက်ကြလေသည်။

သူတို့အားလုံးသည် မရဏာဗျပ်စောင်းရှင်သခင်မလေးအားသတ်ဖြတ်ကာ မရဏာဗျပ်စောင်းကိုရယူပိုင်ဆိုင်ခွင့်ရရှိတော့မည်ဟုတွေး၍ပျော်ရွှင်နေကြလေသည်။

သို့ရာတွင်....

ဆန့်ကျင်ဘက်အရာများသည် အစဉ်အမြဲဒွန်တွဲလျက်ရှိနေတတ်သည်မှာ လောက၏နိယာမတရားပင် မဟုတ်ပါလော။

မီးလျှံဂိုဏ်းမှလူများနှင့် ဝိညာဉ်ဖြူဂိုဏ်းမှလူများအားလုံးက စိတ်ချမ်းသာပျော်ရွှင်နေကြသော်လည်း စိတ်မချမ်းသာသည့်လူတစ်ယောက်ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား တခြားသူမဟုတ်ပါ။ မိုးလျှံဂိုဏ်းချုပ်ကြီး၏ မြေးမလေးအိစမ်းကေ့ကေ့ပင်ဖြစ်သည်။

ကေ့ကေ့သည် မိန်းကလေးတစ်ယောက်အား အဘိုးဖြစ်သူနှင့်မိတ်ဆွေများက ပိုင်း၍အနိုင်ယူသတ်ဖြတ်ရန် ကြံစည်နေကြသည်ကို ခန်းဆီးအကွယ်မှကြည့်ကာ စိတ်မချမ်းမသာဖြစ်နေမိလေသည်။

ယင်းအချိန် ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးက မိုးလျှံဂိုဏ်းချုပ်ကြီးအား လက်နှစ်ဖက်ဆုပ်ကာဂါရဝပြုလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး... အခုဆိုရင် ကျုပ်တို့ဟာ ညီရင်းအစ်ကိုတွေဖြစ်နေကြပြီ၊ ဒါကြောင့် ကျုပ်တို့ကသစ္စာဆိုကြပြီး မဟာမိတ်ဖွဲ့ကြမယ်၊ ပြီးရင် မဟာမိတ်ဖွဲ့တဲ့အထိမ်းအမှတ်နဲ့မင်္ဂလာအရက်ကို အတူတူသောက်ကြရအောင်"

မိုးလျှံဂိုဏ်းချုပ်ကြီး မျက်နှာကွက်ခနဲပျက်သွားလေသည်။ သူသည် ဗျပ်စောင်းရှင်သခင်မ၏ကလဲ့စားလာချေမည့်အန္တရာယ်အတွက် အင်အားတောင့်တင်းစွာချေမှုန်းနိုင်စေရန် ယခုကဲ့သို့ ဝိညာဉ်ဖြူဂိုဏ်းချုပ်တို့အား လက်ခံထားရသော်လည်း ရင်ထဲ၌ ဘဝင်မကျလှပါချေ။

အကြောင်းကား....

ဝိညာဉ်ဖြူဂိုဏ်းချုပ်တို့ဇနီးမောင်နှံ၏ ကောက်ကျစ်စဉ်းလဲမှုကိုသိရှိထားသည်မဟုတ်ပါလော။



ထို့ကြောင့် သူက ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး၏မဟာမိတ်ဖွဲ့သောမင်္ဂလာအရက်ကို မသောက်လိုပါချေ။

သို့သော် သူသည် မရဏာဗျပ်စောင်းကို မိမိ၏ဂိုဏ်းတစ်ဂိုဏ်းထဲမှအင်အားဖြင့်ရင်ဆိုင်ရန်မဖြစ်နိုင်ကြောင်း နားလည်ထားလေသည်။

ယင်းကြောင့် မချိပြုံးပြုံးကာ မင်္ဂလာအရက်ကိုသောက်ရန် သဘောတူလိုက်ရ၏။

"ဟုတ်ကဲ့... ကောင်းပါပြီ"

ပြောပြီး အရက်ခွက်ကိုဆွဲမယူ၍ အပေါ်သို့မြှောက်လိုက်၏။ ဝိညာဉ်ဖြူဂိုဏ်းချုပ်နှင့်ဇနီးတို့ကလည်း အရက်ခွက်ကို ပြိုင်တူမြှောက်လိုက်ကြလေသည်။

အရက်ခွက်သုံးခွက်ဆုံမိလိုက်သည့် အချိန်တွင် ရုတ်တရက် အိစမ်းကေ့ကေ့က အခန်းပုဏ္ဏားကွယ်မှ ဝုန်းဒိုင်းကျဲကာ ပြေးထွက်လာလေသည်။

မိုးလျှံဂိုဏ်းချုပ်ကြီးသည် သူမအား မျက်လုံးပြူးကာကြည့်လိုက်လေသည်။

"ဟော့... မင်းကဘာဖြစ်လာရတာလဲ"

အိစမ်းကေ့ကေ့က သူ၏အရက်ခွက်ကိုယူကာ စားပွဲပေါ်သို့ ဆောင့်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုးတို့က သိုင်းလောကသားတွေဖြစ်ပြီး မိန်းကလေးတစ်ယောက်ကိုအုပ်စုဖွဲ့ပြီးဝိုင်းတိုက်ခိုက်ဖို့ကြံစည်နေတာ မရှက်ကြဘူးလား"

မီးလျှံဂိုဏ်းချုပ်ကြီးမျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူက ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးအား အားတုံ့အားနာဖြင့်ကြည့်ကာ မဲ့ပြုံးပြုံးလိုက်၏။

"ရှင်တို့ကကော ဘာကောင်းလို့လဲ… မိန်းကလေးတစ်ယောက်ကိုကြောက်ပြီး ဒီနေရာကိုပြေးလာကြတယ်… နောက်ပြီး မိန်းကလေးတစ်ယောက်ကို ထောင်ချောက်ဆင်ဖမ်းဖို့ကြိုးစားနေကြတယ်"

မီးလျှံဂိုဏ်းချုပ်ကြီးကအော်ငေါက်လိုက်သည်။

"တိတ်စမ်း… ဒါဟာ လူကြီးတွေကိစ္စပဲ၊ နင့်ကို အလိုလိုက်ထားလို့ သိပ်ပြီးမိုက်မဲလာတယ်"

အိုစမ်းကေ့ကေ့က ခြေတစ်ချက်ဆောင့်လိုက်သည်။

"အို… ကျွန်မကို ဘာဖြစ်လို့အော်ငေါက်ရတာလဲ၊ တကယ်ဆိုရင် ကျွန်မကအမှန်အတိုင်းပြောတာ"

မီးလျှံဂိုဏ်းချုပ်ကြီး၏မျက်နှာတစ်ခုလုံး မည်းမှောင်လာလေသည်။

သူသည်….



ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးတို့၏နီးမောင်နှံ့ ရှေ့တွင် အိုစမ်းကေ့ကေ့က ယခုကဲ့သို့ပြန်လှန်ပြောဆိုနေသည်ကို အားတုံ့အားနာဖြစ်နေမိ၏။

ယင်းအချိန်တွင်…. ကျားပွတ်မယ်ကွမ်းစုစုက ကြားဖြတ်ပြောလိုက်၏။

"သမီးက ဘိုးဘိုးနဲ့ဒေါ်ဒေါ်တို့ဂိုဏ်းနှစ်ခုပူးပေါင်းတာကို အမြင်မကြည်လင်ဘူးထင်တယ်၊ အမှန်တော့ ဒေါ်ဒေါ်တို့က မပူးပေါင်းရင် ဒီဂိုဏ်းနှစ်ဂိုဏ်းစလုံးဟာ မရဏဖျပ်စောင်းရဲ့လက်ချက်နဲ့ သေရတော့မယ်ကွယ်"

အိုစမ်းကေ့ကေ့က မဲ့ပြုံးပြုံးလိုက်၏။

"သူကမိန်းကလေးတစ်ယောက်ပဲ၊ သူတစ်ယောက်တည်းကိုမှ ကျွန်မတို့ကရင်မဆိုင်နိုင်ဘူးဆိုရင် သေလိုက်တာပဲကောင်းပါတယ်"

ကျားပွတ်အဆိပ်မယ်ကွမ်းစုစု၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။

မီးလျှံဂိုဏ်ချုပ်ကြီးအိုရန်းတာ့ မနေနိုင်တော့ပါ။

အိုစမ်းကေ့ကေ့အားဒေါသတကြီးဖြင့်….

"အိုစမ်းကေ့ကေ့… မင်းပါးစပ်ပိတ်ထားလိုက်စမ်း၊ ဒီတွင်ဒါ လူကြီးကိစ္စထဲဝင်ရှုပ်ရင် သေဖို့သာပြင်ထား"

www.burmeseclassic.com

www.burmeseclassic.com



အိုစမ်းကေ့ကေ့၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။ သူမသည် အဘိုးဖြစ်သူ၏အလိုလိုက်ခြင်းကို အမြဲတစေခံခဲ့ရသောမိန်းကလေးဖြစ်၏။

ထို့ကြောင့်... ယခုကဲ့သို့ အိုရန်းတာ့က လူအများကြားတွင် ပြင်းပြင်းထန်ထန်ပြောဆိုလာသည့်အခါ ရင်ထဲ၌ဝမ်းနည်းကြေကွဲလာမိလေသည်။

သူမ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ဒါဆိုရင် ဘိုးဘိုးတို့ဘာသာ စိတ်ချမ်းသာအောင်နေခဲ့ပေတော့၊ သမီးကတော့ စိတ်မချမ်းသာလို့ ဒီကထွက်သွားပြီ"

ပြောပြီး ရှေ့တွင်စိုက်ထူထားသော သစ်လုံးများပေါ်သို့ တက်ကာ သစ်လုံးတစ်ခုမှတစ်ခုသို့ကူးပြောင်း၍ ပြေးထွက်သွားလေသည်။

"အိုစမ်းကေ့ကေ့... မြေးလေး"

အိုရန်းတာ့က ကမန်းကတန်းခေါ်လိုက်၏။

သို့သော် အိုစမ်းကေ့ကေ့က လှည့်ပင်မကြည့်တော့ဘဲ ပြေးထွက်သွား၏။

အိုရန်းတာ့ကပြေးလိုက်သွားရန်ဟန်ပြင်လိုက်၏။

သို့သော်....



ဝိဇ္ဇာဥ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက သူ၏လက်ကို ဖမ်းဆွဲထားလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး သူက ကလေးတစ်ယောက်ပါ... ဒါကြောင့် ဝေးဝေးမသွားပါဘူး၊ အချိန်တန်ရင် အိမ်ပြန်လာမှာပါ"

ကျားပွတ်အဆိပ်မယ်ကွမ်းဆုစုကလည်း ကြားဝင်ပြော၏။

"ဟုတ်ပါတယ်... အခုအရေးကြီးတာက မဟာမိတ်ကိစ္စပဲ၊ ကျွန်မတို့မဟာမိတ်ဖွဲ့ပြီးရင် မရဏာဗျပ်စောင်းက ကျွန်မတို့လက်ထဲရောက်ပြီလို့ မှတ်လိုက်ပါ"

အိုရန်းတာ့က တွေဝေသွားလေသည်။

သူသည် မြေးမလေးအိုစမ်းကေ့ကေ့၏ဆန္ဒမပါဘဲ မည်သည့် အလုပ် ကိုမှမလုပ်လိုပါချေ။

သူ၏ရင်ထဲ၌ အိုစမ်းကေ့ကေ့အား လိုက်၍ ခေါ်ယူလိုသောဆန္ဒများဖြစ်နေလေသည်။

သို့ရာတွင်... သူမက ယခုကဲ့သို့သွားနေခြင်းက မရဏာဗျပ်စောင်းရှင်ရောက်ရှိလာခဲ့ပါလျှင် အန္တရာယ်ကင်းသည်ဟုယူဆထား၏။

ထို့ကြောင့်လည်း....

သူသည် အိုစမ်းကေ့ကေ့အား လိုက်ခေါ်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဝိညာဉ်ဖြူ ဂိုဏ်းချုပ်ကြီးတို့ဇနီးမောင်နှံအား ဦးညွှတ်၍ အားတုံ့အားနာဖြင့်ပြောလိုက်၏။

"တကယ့်ကိုအားနာပါတယ်ဗျာ... မဟာမိတ်ဖွဲ့မယ့်ကိစ္စကို ကျုပ်ရဲ့ မြေးမလေးသဘောပေါက်နားလည်လာတဲ့အထိ ကျုပ်ကို ခွေးနွေးခွင့်ပြုပါ"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ကျာပွတ်အဆိပ်မယ်ကွမ်းစုစုကမျက်မှောင်ကုပ်လိုက်၏။

"ဂိုဏ်းချုပ်ကြီး... ဒီကိစ္စကို ရှင်က ဘာဖြစ်လို့ မြေးမလေးရဲ့ သဘောတူခွင့်ပြုချက်ရတဲ့အထိ စောင့်နေဦးမှာလဲ၊ ဒါဟာ ကလေးကစားစရာမဟုတ်ဘူး၊ နောက်ပြီး မရဏဗျပ်စောင်းရှင်ဟာ အနေးနဲ့ အမြန်ဆိုသလို ဒီကိုရောက်လာတော့မှာရှင့်"

သူမတို့က ဤကဲ့သို့အချီအချပြောနေစဉ်မှာပင် မြို့ဝင်းဝတွင် စောင့်ကြပ်နေသောအစောင့်များ၏ စူးရှသောအော်ဟစ်သံများကို ကြားလိုက်ရ၏။

"ဝုန်း..."

"အား..."

"အမယ်လေး..."

အားလုံးသောလူများက ထိတ်လန့်သွားကြလေသည်။



သူတို့သည် အသံလာရာဆီသို့ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။ ထိုအခါ အဖြူရောင်ဝတ်ဆင်ထားသောအမျိုးသမီးတစ်ယောက်က အနက်ရောင်သေတ္တာတစ်လုံးကိုကိုင်ကာ ပြေး၍လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ပြေးလွှားလာသောအရှိန်မှာ လျှင်မြန်လွန်းလှသဖြင့် မြေပြင်နှင့်ခြေထောက်ထိသည်ဟုပင် မထင်ရပါချေ။

မကြာမီ ထိုအမျိုးသမီးသည် မီးလျှံဂိုဏ်းချုပ်ကြီးတို့ရှိနေသောစင်မြင့်ပေါ်သို့ရောက်ရှိလာလေသည်။

သူမသည် စင်မြင့်ပေါ်သို့ရောက်ရှိလာသည်နှင့် သေတ္တာထဲမှဗျပ်စောင်းတစ်လက်ကိုထုတ်ကာ လက်နှစ်ဖက်ဖြင့် အဆက်မပြတ်ဝှေ့ယမ်းလိုက်လေသည်။

ဝိညာဉ်ဖြူဂိုဏ်းချုပ်၊ အဆိပ်ကျာပွတ်မယ်ကွမ်းစုစုနှင့် မီးလျှံဂိုဏ်းချုပ်ကြီးတို့မှာ ထိတ်လန့်သွားကာ နောက်သို့ကျွမ်းပစ်ရှောင်တိမ်းသွားကြ၏။

ထိုအခါ ငေးငိုင်ကာကြည့်နေသောဂိုဏ်းသားတချို့သာ ကျန်ရစ်ခဲ့လေသည်။

မီးလျှံဂိုဏ်းချုပ်ကြီး ရင်ထိတ်သွားလေသည်။

"ပြေး... မြန်မြန်ပြေး"

သူက အော်ဟစ်သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ....

ဂိုဏ်းသားများကပြေးလွှားရန် ဟန်ပြင်လိုက်ကြ၏။

"ဝုန်း... ဝုန်း... ဝုန်း"

ကျယ်လောင်သောပေါက်ကွဲသံများနှင့်အတူ မမြင်ရသောကြီးမားသည့်အင်အားကြီးတစ်ခုက သူတို့အားရိုက်ပုတ်လာကာ လွင့်စဉ်သွားကြ၏။

သူတို့သည် လဲကျနေရာမှထူးလဲထ၍ အမျိုးသမီးထံသို့ပြေးလွှားတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သို့သော် သူတို့၏ပါးစပ်ထဲမှသွေးများ အဆက်မပြတ်အန်ထွက်လာကာ လဲကျသေဆုံးသွားကြရလေသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်လေးအတွင်း လူပေါင်းတစ်ရာကျော်သေဆုံးသွားရသည့်မြင်ကွင်းကိုကြည့်ကာ ဝိဇ္ဇာဥ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစု၊

ကျားပွတ်အဆိပ်မယ်ကွမ်းစုစု၊ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာနှင့်ကျန်လူများမှာ ထိတ်လန့်သွားကြလေသည်။

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"တိုက်ကြစမ်း"

အမှန်တွင်....



သူသည် ဤအမျိုးသမီး၏တိုက်ခိုက်မှုကို စူးစမ်းလိုသဖြင့်ယခုကဲ့သို့ဂိုဏ်းသားများကိုစတေးလိုက်ခြင်းဖြစ်သည်။

သူ့အမိန့်သံကြောင့် ဂိုဏ်းသားများကငြာသံပေးကာ အမျိုးသမီးထံသို့ပြေးသွား၏။

"ယား...."

အမျိုးသမီးကမဲ့ပြုံးပြုံးကာ ဖျပ်စောင်းကိုကြမ်းတမ်းစွာတီးခတ်လိုက်လေသည်။

ရုတ်တရက် ဖျပ်စောင်းထဲမှ ကျယ်လောင်သောအသံကြီးမြည်ဟည်းလာ၏။

"ဝုန်း... ဝုန်း... ဝုန်း"

ဂိုဏ်းသားများသည် ရုတ်တရက်ပြေးလွှားနေသောအရှိန်များတုံ့ခနဲရပ်တန့်သွားကာ နောက်သို့လွင့်စဉ်လာကြလေသည်။

ထို့နောက်....

သွေးများအဆက်မပြတ်အန်ကာ လဲကျသေဆုံးသွားကြကုန်လေသည်။

အိုရန်းတာ၏မျက်လုံးများ ပြူးကျယ်သွားရလေသည်။

သူသည် ယခု ဤအမျိုးသမီးမှာ မည်သူမည်ဝါဖြစ်ကြောင်းကောင်းစွာမှတ်မိလိုက်သည်မဟုတ်ပါလော။

"မင်း... မင်းက"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားသံက လည်ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွား၏။ ဝိဉာဉ်ဖြူဂိုဏ်းချုပ်ကြီးလော်ကျင်းစုနှင့် ဇနီးကွမ်းစုစုတို့က အိုရန်းတာ့အားလှည့်ကြည့်လိုက်သည်။

အိုရန်းတာ့၏မျက်နှာတစ်ခုလုံးမှာ စက္ကူဖြူတစ်ချပ်ကဲ့သို့ ဖြူဖွေးနေလေသည်။

သူက ထိတ်လန့်အံ့သြသည့်မျက်လုံးအစုံဖြင့် အမျိုးသမီးအားကြည့်နေလေသည်။

ဤသို့ဆိုလျှင် ထိုအမျိုးသမီးကား မည်သူနည်း။

အဘယ်ကြောင့် ဤနေရာသို့လာရောက်သောင်းကျန်းကာ လူအများကိုရက်ရက်စက်စက် သေကြေပျက်စီးစေပါသနည်း။

၀၀၀၀



ရှင်နေမင်းသည် ကောင်းကင်၏အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မွန်းတည့်ချိန် ဖြစ်သည်။

နေမင်း၏အပူရှိန်သည် ယူနန်မြစ်လယ်ရှိဝါးဖောင်လေးပေါ်သို့ထိုးကျနေ၏။

ဖူနိုင်ဆင်းသည်အိပ်ပျော်နေရာမှနိုးလာသောအခါ မျက်နှာပေါ်တွင်စူးရှသောနေရောင်များထိုးကျနေသဖြင့် မျက်စိများကျိန်းစပ်သွားကာ ကမန်းကတန်းမျက်လုံးကိုပြန်ပိတ်လိုက်ရလေသည်။

သူသည် အတန်ကြာမှမျက်လုံးကိုပြန်ဖွင့်ကာ ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်၏။

ဖူယို့ဗာသည် ကုလားထိုင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူမျက်မှောင်ကုပ်လိုက်သည်။ မိမိသည် တစ်ကြိမ်တစ်ခါမျှ ယခုကဲ့သို့အိပ်စက်ဖူးခြင်းမရှိခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ယခု အဘယ်ကြောင့်ဤမျှအထိအိပ်စက်နေပါသနည်း။

ထို့ပြင် မနက်စောစောခရီးထွက်၍ မီးလျှံဂိုဏ်းဆီသို့သွားရောက်တိုက်ခိုက်မည်ဟုပြောခဲ့သောအစ်မဖြစ်သူ ဖူယို့ဟွာကလည်း နှစ်ခြိုက်စွာအိပ်ပျော်နေဆဲပင်ဖြစ်၏။

သူသည် တစ်စုံတစ်ခုလွဲမှားနေပြီဖြစ်ကြောင်းသိရှိနားလည်လိုက်လေသည်။

ထို့ကြောင့် ဝါးဖောင်ပေါ်ရှိ အိမ်ကလေးထဲသို့ဝင်ရောက်ကာ အဒေါ်ဖြစ်သူဖူကျူးပင်းအားရှာဖွေလိုက်သည်။

သူ၏ရင်ထဲ၌ထိတ်ခနဲဖြစ်သွားမိသည်။

အကြောင်းကား...

ဖူကျူးပင်းအား အရိပ်အယောင်ပင်မတွေ့ရတော့ပါချေ။

သူက ဝါးဖောင်နှင့်တွဲချည်ထားသောလှေကလေးအား အပြေးအလွှားကြည့်လိုက်မိသည်။

လှေကလေးကိုလည်း မတွေ့ရတော့ပါ။

ထို့ကြောင့် လှေကလေးအား ဖူကျူးပင်းကယူကာ တိတ်တဆိတ်ထွက်ခွာသွားပြီဟုနားလည်လိုက်၏။

တစ်ဆက်တည်းမှာပင် ဖူကျူးပင်း ညက မိမိတို့အားတိုက်သောရေနွေးကြမ်းထဲတွင် အိပ်မောကျစေမည့်ဆေးတစ်မျိုးမျိုးထည့်ထားကြောင်းသိရှိလိုက်၏။



သူမက အဘယ်ကြောင့် ယခုကဲ့သို့ မိမိတို့အားအိပ်ဆေးခတ်ကာ ယခုကဲ့သို့တစ်ယောက်တည်းထွက်ခွာသွားရပါသနည်း။

သူမသည် မည်သည့်နေရာသို့ထွက်ခွာသွားရပါသနည်း။

သူသည် တစ်စုံတစ်ခုကိုစဉ်းစားမိကာခန္ဓာကိုယ်တစ်ခုလုံး ရုတ်တရက်အေးစက်သောင့်တင်းသွား၏။

ယခု...

မီးလျှံဂိုဏ်းတွင် ဝိဉာဉ်ဖြူဂိုဏ်းချုပ်နှင့်ဧနီးတို့အပြင် ဂိုဏ်းသားများရောက်ရှိနေပြီဟု ဖူကျူးပင်းကပြောခဲ့လေသည်။

ထို့ကြောင့်... မိမိတို့ရင်ဆိုင်ရမည့်အန္တရာယ်မှာလည်း မသေးနိုင်ဟုဆို၏။

ဤသို့ဆိုလျှင် ဖူကျူးပင်က မိမိတို့မောင်နှမအား မီးလျှံဂိုဏ်းသို့မသွားနိုင်အောင်ဟန့်တားကာ တစ်ယောက်တည်းထွက်ခွာသွားပြီဟုနားလည်လိုက်မိလေသည်။

သူက ဖူကျူပင်းအတွက် အကြီးအကျယ်စိုးရိမ်သွားမိလေသည်။

သူသည် ဖူယို့ဟွာအားနှိုးရန် ဟန် ပြင်လိုက်၏။

သို့သော် ချက်ချင်းပင်ဆုံးဖြတ်ချက်တစ်ခုချလိုက်လေသည်။ သူသည် အန္တရာယ်ကို အဒေါ်ဖြစ်သူဖူကျင်းပင်းနှင့် လက်တွဲကာ ရင်ဆိုင်မည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အသက်အန္တရာယ်နှင့်ကြုံတွေ့ရပါက မိမိသာ အသေခံမည်ဟုဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်၏။

သူက ယင်းသို့ဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဖောင်ကို ရေထဲတွင်ရွေ့လျားနိုင်စေရန် ကျောက်ချထားသောကျောက်ဆူးကြိုးကိုဖောင်ပေါ်သို့ဆွဲတင်လိုက်လေသည်။

ထို့နောက် အသင့်တွေ့ မြင်နေရသောဝါးလုံးကို ရေထဲတွင် ထိုးစိုက်လိုက်၏။

ဝါးဖောင်သည် လျင်မြန်စွာရွေ့လျားသွားလေသည်။

သူသည် အတန်ကြာအောင် ဝါးဖောင်ကိုတွန်းလာသောအခါ ကမ်းစပ်ဆီသို့ရောက်ရှိလာလေသည်။

ထိုအခါ သူက ဝါးလုံးကိုနေရာတကျ ပြန်ထားလိုက်၏။

တစ်ဖန် ကျောက်ဆူးကြိုးကိုရေထဲသို့ပစ်ချကာ ကမ်းစပ်ပေါ်သို့ခုန်တက်လိုက်လေသည်။

ယင်းနောက်....

မိမိ၏မြင်းဖြူကြီးကို မျက်လုံးဝေ့ကာရှာဖွေလိုက်၏။

သစ်ပင်တစ်ပင်အောက်တွင် မြင်းဖြူကြီးကရပ်လျက်ရှိနေသည်ကိုတွေ့မြင်လိုက်ရ၏။

ထို့ပြင်.... မြင်းဖြူကြီးဘေး၌ ခါးကုန်းကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။



ခါးကုန်းကြီးက သူ့အားတွေ့မြင်သည်နှင့် ဦးညွှတ်လိုက်လေသည်။

"သခင်လေးကိုဂါရဝပြုပါတယ်"

ဖူနိုင်ဆင်းကခါးကုန်းကြီးအားအကဲခတ်ကာ....

"ခင်ဗျားကဘယ်သူလဲ"

ခါးကုန်းကြီးက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ကျုပ်နာမည်ကိုတောင် ကျုပ်က မမှတ်မိတော့ပါဘူး၊ ဒါပေမယ့် သခင်မလေးဖူယို့ဗွာပေးခဲ့တဲ့အသက်နဲ့ အသက်ရှင်သန်ရတဲ့ခါးကုန်းကြီးတစ်ယောက်လို့သိထားရင် လုံလောက်ပါပြီ"

ဖူနိုင်ဆင်းက အံ့ဩသွားမိလေသည်။

"နေပါဦး... ဒါဆိုရင် မမပြောတဲ့မြင်းကို စောင့်ရှောက်ပေးမယ့်လူဆိုတာ"

"ဟုတ်ပါတယ်... အရင်ကတော့ လှေကိုစောင့်ရှောက်ပေးတဲ့လူပါ၊ မြင်းကိုစောင့်ရှောက်ရတာ ဒါပထမဦးဆုံးအကြိမ်ပါပဲ"

ဖူနိုင်ဆင်းက ခါးကုန်းကြီးသည် မိမိအစ်မ၏ကျေးဇူးတရားကို ဤနည်းဖြင့်ဆပ်နေခြင်းဖြစ်ကြောင်းနားလည်လိုက်လေသည်။

သူ ရုတ်တရက်တစ်စုံတစ်ခုကိုသတိရကာ....

"ဒါနဲ့နေပါဦး... အခု လှေကော"

ခါးကုန်းကြီးက ချုံပုတ်တစ်ခုအားညွှန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုချုံထဲမှာရှိပါတယ်"

"ဒီလှေကိုစီးလာတဲ့ ကျူပ်အဒေါ်က ဘယ်အချိန်ကထွက်သွားတာလဲ"

"ညဦးနှစ်နာရီလောက်ကထွက်သွားတာပါ"

ဖုနိုင်ဆင်း၏မျက်လုံးအစုံကပြူးကျယ်သွားလေသည်။

ချက်ချင်း မြင်းပေါ်သို့ခုန်တက်လိုက်၏။

မြင်းကိုမောင်းထွက်ရန်ဟန်ပြင်ပြီးမှ စိတ်မချဟန်ဖြင့် ဖုယို့ဇာထံသို့လှမ်းကြည့်လိုက်၏။

ခါးကုန်းကြီးက သူ၏အကြည့်ကိုသဘောပေါက်နားလည်သည့်အလားဦးညွှတ်လိုက်၏။

"သခင်လေး... သခင်မလေးအတွက် စိတ်ချသွားပါ။ သူ့ကိုကျုပ်ရဲ့အသက်နဲ့ရင်းပြီး စောင့်ရှောက်ပါ့မယ်"

သူကပြောပြီး ခြေလှမ်းခပ်သွက်သွက်ဖြင့် မြစ်ဆိပ်သို့ဆင်းသွား၏။

ထို့နောက် ချုံပုတ်ထဲမှလှေကိုဆွဲထုတ်ကာကြိုးဖြင့်ဝါးဖောင်အားချည်လိုက်လေသည်။

ပြီးနောက် ဝါးဖောင်ပေါ်မှဝါးလုံးဖြင့် ရေထဲသို့ထိုးကာအားစိုက်လှော်လိုက်ရာ ဝါးဖောင်သည် လာရာလမ်းဆီသို့ပြန်လည်ရွေ့လျားသွားလေသည်။



ဖုနိုင်ဆင်းသည် ယခုမှစိတ်ချသွားကာ မြင်းကိုဒုန်းစိုင်း၍ထွက်ခဲ့လေတော့သည်။

ဝဝဝဝ

ဖုနိုင်ဆင်းသည် မြင်းကိုဒုန်းစိုင်းနှင်လာသည်။

အတန်ကြာမောင်းနှင်လာသောအခါ လမ်းတွင် ပန်းပဲဖိုတစ်ခုကိုတွေ့မြင်ရသဖြင့် ဝင်၍ဓားတစ်လက်ပြုလုပ်၏။

ယင်းနောက် မီးလျှံဂိုဏ်းဌာနချုပ်ဆီသို့ မြင်းကိုမရပ်မနားမောင်းနှင်သွားလေသည်။

သူသည် မွန်းလွဲနှစ်နာရီခန့်သို့ရောက်ရှိလာသောအခါ မီးလျှံဂိုဏ်း၏ဌာနချုပ်သို့ရောက်ရှိသွားလေသည်။

မီးလျှံဂိုဏ်း၏ဌာနချုပ်ရှေ့တွင် မြင်းကိုရပ်တန့်လိုက်၏။ သူသည် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတစ်ချက်တုန်ခါသွားမိလေသည်။

အကြောင်းကား မီးလျှံဂိုဏ်းရှေ့တွင် အလောင်းများ ပြန့်ကျဲနေသည်ကိုတွေ့ရသောကြောင့်ဖြစ်သည်။ သူသည် အလောင်းများကိုကျော်ဖြတ်ကာ မီးလျှံဂိုဏ်း၏ခြံဝင်းထဲသို့ပြေးဝင်ခဲ့လေသည်။

ထိုအခါ သူကပြေးလွှားနေသောခြေလှမ်းများကို တုံ့ခနဲရပ်တန့်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်....

ဝိညာဉ်ဖြူကိုဏ်းချုပ်ကြီးလောကျင်းစု၊ မီးလျှံကိုဏ်းချုပ်ကြီးအိုရန်းတာ့နှင့် အဆိပ်ကျားပွတ်မယ် ကွမ်းစုစုတို့သုံးယောက်က ပခုံးချင်းယှဉ်ကာရပ်တန့်နေကြပြီး ဗျပ်စောင်းကိုင်ဆောင်ထားသော အမျိုးသမီးအား စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေကြသည်ကို တွေ့မြင်လိုက်ရသည်မဟုတ်ပါလော။

ဝဝဝဝ

ဝန်းကျင်တစ်ခုလုံးလေတိုက်ခတ်ခြင်းသာမရှိလျှင် ဤကမ္ဘာလောကကြီးတစ်ခုလုံး သေဆုံးနေသည့်အလားရှိတော့မည်။

ဖူနိုင်ဆင်းက အခြေအနေကိုစောင့်ကြည့်နေလေသည်။ ရုတ်တရက် ကျားပွတ်အဆိပ်မယ်ကွမ်းစုစုက အဖြူရောင်ဝတ်အမျိုးသမီးအား မျက်မှောင်ကြုတ်ကြည့်နေရင်းမှ....

"ညည်း ဘယ်သူလဲ... ဘာဖြစ်လို့ ဒီမှာလာပြီး သောင်းကျန်းနေရတာလဲ"

အဖြူရောင်ဝတ်အမျိုးသမီးက အေးစက်တင်းမာသောမျက်လုံးအစုံဖြင့် အိုရန်းတာ့အား ကြည့်လိုက်၏။

"အိုရန်းတာ့... ငါ ဘယ်သူလဲဆိုတာ သိတယ်မဟုတ်လား... ပြောလိုက်လေ"



ဝိညာဉ်ဖြူကိုဏ်းချုပ်ကြီးလောကျင်းစုနှင့် အဆိပ်ကျားပွတ်မယ်ကွမ်းစုစုတို့၏စူးရှသောမျက်လုံးများက အိုရန်းတာ့၏မျက်နှာပေါ်သို့စုပြုံကာ ရောက်ရှိနေကြလေသည်။

သူတို့၏မျက်လုံးများတွင် အမေးပုစ္ဆာများပါရှိနေသည်။

အိုရန်းတာ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ဖူချင်းလွေရဲ့အစ်မကြီးဖူကျူးပင်းဆိုတာသူပဲ"

ထိုစကားကြောင့် အားလုံးသောလူများက ထိတ်လန့်သွားကြလေသည်။

သူတို့သည် ဖြူဖပ်ဖြူရော်မျက်နှာများဖြင့် ဖူကျူးပင်းအားကြည့်နေကြ၏။

ဖူကျူးပင်းက အားပါးတရရယ်မောလိုက်၏။

သူမ၏ရယ်မောသံသည် စူးရှအက်ကွဲနေသဖြင့် နားခံရခက်လှပေသည်။ ဝိညာဉ်ဖြူကိုဏ်းချုပ်ကြီးလောကျင်းစု၏ရင်ထဲတွင် စိုးထိတ်ပူပင်လာမိလေသည်။

သူသည် ယခုရောက်လာသူမှာ မရဏဗျပ်စောင်းရှင်သခင်မ၏အဒေါ်ဖြစ်ကြောင်းသိရှိလိုက်၏။

အကယ်၍သာ ဗျပ်စောင်းရှင်သခင်မက ထပ်မံရောက်ရှိလာမည်ဆိုပါလျှင် သူတို့အတွက် အခြေအနေမှာပို၍ပင် ဆိုးဝါးသွားပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဖူကျူးပင်းအားအသေသတ်ရန်ဆုံးဖြတ်လိုက်၏။ သူသည် ရုတ်တရက် ဖူကျူးပင်းထံသို့ခုန်ဝင်ကာတိုက်ခိုက်လိုက်လေသည်။

ဖူကျူးပင်းက မဲ့ပြုံးပြုံးလိုက်၏။ သူမ၏လက်ချောင်းလေးများသည် ဗျပ်စောင်းပေါ်ကြမ်းတမ်းစွာဆော့ကစားလိုက်၏။

"ဝုန်း... ဝုန်း"

ဝိညာဉ်ဖြူဂိုဏ်းချုပ်လောကျင်းစု၏ခန္ဓာကိုယ် ရုတ်တရက်အဝေးသို့လွင့်စဉ်သွားကာ လဲကျသေဆုံးသွားလေတော့သည်။

၀၀၀၀

"ဟား... ဟား.... ဟား"

ဖူကျူးပင်းသည် အားပါးတရရယ်မောနေ၏။

သူမ၏ရယ်မောသံသည် စူးရှအက်ကွဲကာ အလွန်ပင် ကျယ်လောင်လှပေသည်။

"ဟား...ဟား...ဟား သေကြစမ်း၊ ဥစ္စာရူးတွေသေကြစမ်း"

ရုတ်တရက် သူမ၏ရယ်မောသံက ပြတ်တောက်သွားလေသည်။ အကြောင်းကား... ကျားပွတ်အဆိပ်မယ်ကွမ်းစုစုနှင့် မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့တို့က ထူးဆန်းစွာပျောက်ဆုံးသွားကြသည်မဟုတ်ပါလား။



သူမက ဝန်းကျင်အားမျက်လုံးဝေ့ကာ ကြည့်လိုက်၏။

သူမက အိုရန်းတာ့နှင့်ကွမ်းစုစုတို့၏အရိပ်အယောင်ကိုပင် မမြင်တွေ့ရတော့ချေ။

သူမ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သည့်အမူအရာများပေါ်လွင်လာသည်။

ထိုအချိန်မှာပင်....

ရုတ်တရက် ကျယ်လောင်သောအသံကြီးတစ်သံကိုကြားလိုက်ရလေတော့၏။

"တုံ...."

ထိုအသံမှာ ကျယ်လောင်လွန်းလှသဖြင့် ဝန်းကျင်တစ်ခုလုံးပင် တုန်ခါသွားလေသည်။

ဖူကျူးပင်းက အသံထွက်ပေါ်လာရာသို့လှမ်းကြည့်လိုက်၏။ အလွန်ကြီးမားသောဗုံကြီးတစ်လုံးက လေထဲတွင်ကျယ်လောင်စွာမြည်ဟည်းကာ လွင့်မျောလာနေသည်ကို တွေ့မြင်လိုက်ရသည်။

သူမ စိုးရိမ်ထိတ်လန့်သွားကာ ဗျပ်စောင်းကိုလျင်မြန်စွာတီးခတ်လိုက်၏။

သူမ၏ဗျပ်စောင်းသံမှာ ကျယ်လောင်ကြမ်းတမ်းလှသည်။

သို့ရာတွင်... ဗုံကြီး၏မြည်ဟည်းနေသောအသံကြီးကို လွှမ်းနိုင်ခြင်း မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဗုံကြီးသည် လျှင်မြန်သောအရှိန်အဟုန်ဖြင့်ရွေ့လျားလာနေလေသည်။ အမှန်တွင် ဗုံကြီးကရွေ့လျားလာနိုင်ခြင်းမဟုတ်ပါ။

ဗုံကြီး၏နောက်ကွယ်တွင် မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့နှင့်ကျာပွတ်အဆိပ်မယ်တို့က မိမိတို့၏လက်နက်များဖြင့် အဆက်မပြတ် ဗုံကြီးကိုတီးခတ်ကာ လေထဲတွင်ပျံဝဲလာနေကြခြင်းဖြစ်သည်။ သူတို့သည် ဗုံကြီးကိုအကာအကွယ်ယူကာ အတွင်းအားကိုအသုံးပြု၍ ဗုံကြီးကို ဖူကျူးပင်းထံသို့ရွေ့လျားလာစေ၏။

ထို့ကြောင့်... ဖူကျူးပင်းက အတွင်းအား မည်မျှမြင့်မားစေကာမူ အိုရန်းတာ့တို့နှစ်ယောက်၏ပူးပေါင်းလာသော အတွင်းအားကိုနိုင်အောင်မတိုက်ခိုက်နိုင်ပါ။

သူမ၏ဗျပ်စောင်းသံသည် ထိုဗုံသံကြီးအောက်၌ပင်နစ်မြုပ်ပျောက်ကွယ်သွားရလေသည်။

သူက ဗုံကြီးအားထိတ်လန့်စွာမော့ကြည့်လိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

"တုံ... တုံ... တုံ"

ဗုံကြီးထံမှကျယ်လောင်သောအသံများ အဆက်မပြတ်မြည်ဟည်းလာကာ ကြီးမားသောအင်အားကြီးတစ်ခုက ဗျပ်စောင်းထံသို့လွင့်ပျံလာ၏။

"ဝုန်း...."



ရုတ်တရက်ဗျပ်စောင်းကြိုးများပြတ်ကာ ဖူကျူးပင်း၏ခန္ဓာကိုယ် အဝေးသို့လွင့်စဉ်သွားရလေသည်။

"ဒေါ်ဒေါ်...."

ဖူနိုင်ဆင်းက အသံကုန်အော်ဟစ်ကာပြေးလွှားလာ၏။ သူသည် ဖူကျူးပင်းအားပွေ့ချီကာ ကမန်းကတန်းခေါ်လိုက်၏။

"ဒေါ်ဒေါ်... ဒေါ်ဒေါ်"

သို့သော် ဖူကျူးပင်းက သူ၏ခေါ်သံကိုမကြားရတော့ပါ။ ခေါင်းငိုက်စိုက်ကျကာသေဆုံးသွားပြီဖြစ်ပါသည်။

၀၀၀၀

ဖူနိုင်ဆင်း(ဝါ)စွန်းထင်းလုသည် ဖူကျူးပင်းအားကြည့်ကာ ရင်ထဲ၌ပြင်းပြင်းထန်ထန်ခံစားလိုက်ရလေသည်။ သူသည် အံကိုတင်းတင်းကြိတ်ကာ ဓားကိုဆွဲထုတ်လိုက် လေ၏။

သူ၏မျက်နှာပေါ်တွင် တင်းမာခက်ထန်သောဟန်မူရာများပေါ်လွင်နေသည်။

သူသည် ဓားကိုရှေ့သို့ဆန့်တန်းကာ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့နှင့် ကျာပွတ်အဆိပ်မယ်ကွမ်းစုစုတို့အား နီရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားတို့ ဒီနေ့သေရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျားပွတ်အဆိပ်မယ်ကွမ်းစုစုနှင့် မီးလျှံဂိုဏ်းချုပ်ကြီးအို ရန်းတာ့တို့သည် သူ၏စကားကိုကြားလိုက်ရသောအခါ အလွန်ရယ် စရာကောင်းသောပြက်လုံးတစ်ခုကိုကြားလိုက်ရသည့်အလား အား ပါးတရရယ်မောလိုက်ကြ၏။

"ဟား... ဟား... ဟား... မလောက်လေး မလောက်စား နဲ့ကောင်လေးကများ ငါတို့ကိုလာပြီး ခြိမ်းခြောက်နေတာလား။ ဘယ် သူသေရမယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

သူမကပြောပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ဖူနိုင်ဆင်း (ဝါ)စွန်းထင်းလုက မဲ့ပြုံးပြုံးကာ ဆီးကြိုတိုက် ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ယင်းအချိန်မှာပင်....

မိန်းကလေးတစ်ယောက်၏အသံက အေးစက်စက်ထွက် ပေါ်လာလေသည်။

"ရပ်လိုက်စမ်း ကလေးတစ်ယောက်ကို လူကြီးနှစ်ယောက် ကဝိုင်းပြီးတိုက်ခိုက်နေကြတာ မရှက်ဘူးလား"

ထိုအသံကိုကြားလိုက်ရသည်နှင့် အိုရန်းဟာ့၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

ကျားပွတ်အဆိပ်မယ် ကွမ်းစုစု၏မျက်နှာမှာလည်း သွေး ရောင်ပင်မရှိတော့ပါချေ။

သူမသည် အသံကြားရာသို့လှည့်ကြည့်လိုက်၏။



အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် သည် သေတ္တာနီတစ်လုံးကိုကိုင်ဆောင်ကာ တစ်လှမ်းချင်းလှမ်းလာ လေသည်။ သူမအား တွေ့မြင်လိုက်သောအခါ အိုရန်းတာ့နှင့်ကွမ်းစုစု တို့ကကြည့်ကာ လွှတ်ခနဲပြိုင်တူအော်ဟစ်လိုက်ကြလေသည်။

"မရဏဗျပ်စောင်း...."

၀၀၀၀

မှန်ပါသည်။ ဖူယို့ဟွာသည် မရဏဗျပ်စောင်းကို စတင်တီး ခတ်လိုက်ပြီဖြစ်သည်။ သူမ၏ဗျပ်စောင်းမှ အလွန်ကြည်နူးဖွယ် ကောင်းသောသံစဉ်များထွက်ပေါ်လာလေသည်။

ထို့နောက်....

တဖြည်းဖြည်းဖြင့် သံစဉ်များမှာကြမ်းတမ်းခက်ထန်လာ၏။

ဝန်းကျင်တစ်ခုလုံး ရှတ်တရက်လေပြင်းများရိုက်ခတ်လာ ပြီးအေးစိမ့်လာလေသည်။ သူတို့သည် ရှတ်တရက် ဒုံကြီးအား လေ ထဲသို့မြှောက်တင်လိုက်ကြလေသည်။

သူတို့၏အကြံအစည်မှာ ဖူကျူးပင်းအား တိုက်ခိုက်သည့် နည်းဖြင့် ဖူယို့ဟွာအားတိုက်ခိုက်ရန်ဖြစ်ပေသည်။

ယင်းတခဏ်အချိန်လေးမှာပင် ဖူနိုင်ဆင်း(ဝါ)စွန်းထင်းလုက ထိတ်လန့်စွာအော်ဟစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ... သတိထား"

သူက ယင်းသို့အော်ဟစ်ကာ လေထဲသို့မြောက်တက်သွားသည့်ဗုံကြီးဆီသို့ခုန်တက်သွားပြီး ခြေထောက်ဖြင့် ကန်ထုတ်လိုက်လေသည်။ သူ၏ခြေထောက် မြေပြင်နှင့်ထိတွေ့လိုက်မိစဉ်မှာပင်....

"ဝုန်း...."

ရုတ်တရက် အလွန်ကျယ်လောင်သောအသံကြီးထွက်ပေါ်လာသည်။ သူ စိုးရိမ်ပြီးလှည့်ကြည့်လိုက်ရာ မျက်လုံးများ ပြူးကျယ်သွားရလေသည်။ အကြောင်းကား အိုရန်းတာ့နှင့်ကွမ်းစုစုတို့သည် အဝေးသို့လွင့်စဉ်ကာလဲကျသွားကြလေသည်။

သူတို့သည် မယုံကြည်နိုင်သောမျက်လုံးအစုံဖြင့် ဖူယို့ဗှာအားကြည့်ကာ လဲကျသေဆုံးသွားကြလေတော့သည်။

၀၀၀၀



ဖူယို့ဗှာက ဖျပ်စောင်းသေတ္တာလေးအား ကျောပေါ်တွင်ပိုးလွယ်ထားလိုက်လေသည်။ သူမသည် ဤဖျပ်စောင်းအား ဘုရင်မင်းမြတ်ထံတွင် ဆက်သမည်ဖြစ်၏။

အကြောင်းကား....

မိမိ၏ဖခင်သည် ဘုရင်မင်းမြတ်ထံသို့ ဖျပ်စောင်းကိုဆက်သလိုသောဆန္ဒရှိနေသည် မဟုတ်ပါလော။

ထို့နောက် ဖူကျူးပင်း၏အလောင်းဆီသို့လျှောက်သွားကာ ပွေ့ချီလိုက်လေသည်။ ယင်းအချိန် ဖူနိုင်ဆင်း (ဝါ) စွန်းထင်းလုက အော်ဟစ်ကာပြေးလာလေသည်။

"မမ... မမ"

ဖူယို့ဗှာ၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားသည်။ သူမ၏မျက်လုံးအစုံမှမျက်ရည်များ စီးဆင်းကျလာလေသည်။

"မောင်လေး...."

ဖူနိုင်ဆင်းက သူမရှေ့တွင် ဒူးထောက်ချလိုက်သည်။

"မမရယ်... ကျွန်တော်ရဲ့မိုက်မဲမှုတွေကိုခွင့်လွှတ်"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးမီ ဖူယို့ဝှာက ကြားဖြတ်ပြောလိုက်သည်။

"တော်ပြီ တော်ပြီ မတ်တတ်ရပ်ပါတော့မောင်လေးရယ်"

ဖူနိုင်ဆင်းက ဒူးထောက်ရာမှထရပ်လိုက်၏။

"ကျေးဇူးတင်ပါတယ်မမ"

ဖူယို့ဝှာက သူ့အား ပြုံးပြလိုက်သည်။

"မောင်လေး... ဒီဗျပ်စောင်းကို မမတို့က ဖေဖေ့ရဲ့ဆန္ဒအတိုင်း ဘုရင်မင်းမြတ်ကိုလှူလိုက်မယ်နော်၊ သဘောတူရဲ့လား"

ဖူနိုင်ဆင်းကတည်ကြည်သောမျက်လုံးအစုံဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟာ... ကျွန်တော်က ဘာဖြစ်လို့ သဘောမတူရမှာလဲဗျာ"

ဖူယို့ဝှာက ဖူကျူးပင်းအားကြည့်လိုက်သည်။

"မောင်လေး... ဒေါ်လေးဖူကျူးပင်းကို မမတို့သပြိုဟ်ပေးကြရအောင်နော်"

ဖူနိုင်ဆင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျွန်တော် တကယ်ဝမ်းနည်းကြေကွဲနေမိတယ်ဗျာ... သူက ကျွန်တော့်ကို အဒေါ်တစ်ယောက်ရဲ့တာဝန်ကျေခဲ့ပေမယ့် ကျွန်တော်တို့က သူ့ရဲ့တာဝန်ကို ဘာမှမယူနိုင်ခဲ့ဘူးနော်"

ဖူယို့ဝှာ၏မျက်လုံးအစုံမှမျက်ရည်များ ရစ်ဝဲလာလေသည်။ သူမသည် ဖူကျူးပင်းအားပွေ့ချီရန် ဟန်ပြင်လိုက်၏။



သို့သော် ဖူနိုင်ဆင်းက ဖူကျူးပင်းအားပွေ့ချီလိုက်လေသည်။ ထို့နောက်... သူမတို့ မောင်နှမနှစ်ယောက်လက်တွဲကာ ထိုနေရာမှထွက်ခွာရန်ဟန်ပြင်လိုက်၏။

ယင်းတခဏ်အချိန်လေးမှာပင် ရုတ်တရက် ငှက်ရိုက်သံတစ်သံကိုကြားလိုက်ရလေသည်။ အလွန်တိုးညင်းသောလေသံဖြစ်လေသည်။ ယင်းငှက်ရိုက်သံကိုကြားလိုက်ရသည်နှင့် ဖူနိုင်ဆင်း၏ခြေလှမ်းများတုံ့ခနဲရပ်တန့်သွား၏။

အကြောင်းကား... ဤငှက်ရိုက်သံပိုင်ရှင်ကို သူ၏အသည်းနှလုံးထဲမှကောင်းစွာ မှတ်မိနေသည်မဟုတ်ပါလော။

သူချာခနဲလှည့်ကြည့်လိုက်၏။ အလွန်လှပသောမိန်းကလေးတစ်ယောက်သည် မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့၏အလောင်းအနီးတွင်ဒူးထောက်ကာ ငိုရှိုက်နေသည်မဟုတ်ပါလော။

"အိုစမ်းကေ့ကေ့...."

ဖူနိုင်ဆင်းက တိုးညင်းစွာရေရွတ်လိုက်သည်။

မှန်ပါသည်။ ထိုငှက်ရိုက်သံပိုင်ရှင်မှာ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့၏မြေးမလေး အိုစမ်းကေ့ကေ့ဖြစ်နေသည်မဟုတ်ပါလော။

သူမသည် ယခုမှ ယောကျ်ားလေးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားခြင်းမရှိတော့ပါ။ သူမ၏ခန္ဓာကိုယ်ပေါ်တွင် အလွန်လှပသောကြည်ပြာရောင်ဂါဝန်ရှည်တစ်ထည်ဝတ်ဆင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဖူနိုင်ဆင်းက သူမအား ငေးမောကြည့်နေ၏။ ဖူယို့ဂှာက သူနှင့်အိုစမ်းကေ့ကေ့အား တစ်လှည့်စီအကဲခတ်ကြည့်နေလေသည်။

သူမက တစ်စုံတစ်ခုကိုနားလည်လိုက်မိပြီဖြစ်သည်။

“သူကအိုစမ်းကေ့ကေ့တဲ့လား... အတော်လှတဲ့မိန်းကလေး ပဲကိုး”

ဖူနိုင်ဆင်း၏မျက်နှာပေါ်တွင် ထူးဆန်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။ သူသည် အိုစမ်းကေ့ကေ့က မိမိတို့အား နားလည်နိုင်ပါ့မလားဟူသောအတွေးက ဝင်ရောက်လာမိသည် မဟုတ်ပါလော။ သူက ခေါင်းခါယမ်းကာ ချာခနဲလှည့်ကြည့်လိုက်၏။

“မမ... သွားကြမယ်”

သူ၏အသံသည် ကြေကွဲဝမ်းနည်းမှုကြောင့် တုန်ခါနေလေသည်။ ဖူယို့ဂှာက သူနှင့်လမ်းခွဲထွက်ရန် ဟန်ပြင်ပြီးမှအိုစမ်းကေ့ကေ့အားလှည့်ကြည့်လိုက်၏။ အိုစမ်းကေ့ကေ့ကလည်းလှမ်းကြည့်နေသည်ကိုတွေ့မြင်လိုက်ရ၏။

သူမက ဖူယို့ဂှာအား ကြည့်နေခြင်းမဟုတ်ပါ။ သူမ၏ကြည်လင်ဝိုင်းစက်သောမျက်လုံးအစုံက ဖူနိုင်ဆင်းအား စိုက်ကြည့်နေလေသည်။ ဖူယို့ဂှာက သက်ပြင်းတစ်ချက်ချလိုက်၏။ သူမသည် မိသားစုနှင့်ခွဲခွာစဉ်က အထီးကျန်ဘဝဖြင့်နေခဲ့ရသည်။ အထီးကျန်ဘဝသည် သဲကန္တာရပမာ ခြောက်သွေ့ပူပြင်းလှပေသည်။



ထို့ကြောင့် သူမက မိမိ၏မောင်လေးဖူနိုင်ဆင်းအား ဤကဲ့သို့သောခံစားမှုမျိုးကို မခံစား စေချင်ပါ။

“မောင်လေး...”

ဖူနိုင်ဆင်းက သူ့အားလှည့်ကြည့်လိုက်၏။ သူ၏မျက်လုံးအစုံတွင်မျက်ရည်များဖြင့်ရစ်ဝဲနေလေသည်။ ဖူယို့ဂှာက သူ့အား ပြုံးပြလိုက်၏။ အားပေးနှစ်သိမ့်သေအပြုံးမျိုးပင်ဖြစ်သည်။

“မောင်လေး... အိုစမ်းကေ့ကေ့ဟာ သိပ်ချစ်ဖို့ကောင်းတဲ့ မိန်းကလေးပါ၊ သူ့မျက်လုံးထဲမှာမောင်လေးကိုမျှော်လင့်နေတယ်၊ သူ့ကို တစ်ယောက်တည်းပစ်မထားသင့်ဘူး”

ဖူနိုင်ဆင်းက အိုစမ်းကေ့ကေ့အား လှည့်ကြည့်လိုက်သည်။ အိုစမ်းကေ့ကေ့က သူ့အားလှမ်းကြည့်နေသည်ကိုတွေ့ရသည်။ သူမ၏မျက်ဝန်းအစုံတွင် မျှော်လင့်ချက်ဟန်မူရာများပေါ်လွင်နေသည်။ ဖူယို့ဂှာကပြုံးလိုက်သည်။ သူမက ဖူနိုင်ဆင်း၏လက်ထဲမှ ဖူကျူးပင်း၏အလောင်းကို လက်လွှဲပြောင်းယူလိုက်သည်။

“မောင်လေး... မမ မင်းတို့ကို ယူနန်လွင်ပြင်ကနေ စောင့်နေမယ်သိလား... မင်းတို့လာမှပဲ မမတို့က ဒီမရဏဖျပ်စောင်းကို ဘုရင်မင်းမြတ်ဆီသွားပို့ကြတာပေါ့”

ဖူနိုင်ဆင်း၏မျက်နှာပေါ်တွင် ဝမ်းသာကြည်နူးခြင်းဟန် မူရာများ ပေါ်လွင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဖူကျူးပင်း၏အလောင်းကို ဖူယို့ဝှာ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။ ထို့နောက် အိုစမ်းကေ့ကေ့ထံသို့လှမ်းလျှောက်လာ၏။ ဖူယို့ဝှာက ဖူကျူးပင်း၏အလောင်းအား မြင်းပေါ်သို့တင်ပေးလိုက်လေသည်။

ယင်းနောက် မြင်းပေါ်သို့ခုန်တက်ကာမောင်းထွက်ရန် ဟန်ပြင်လိုက်၏။

ထိုတဒင်္ဂအချိန်ဖလေးမှာပင် ဖူနိုင်ဆင်းနှင့်အိုစမ်းကေ့ကေ့တို့၏ဝမ်းသာကြည်နူးစွာအော် ဟစ်လိုက်သည့်အသံများကို ကြားလိုက်ရလေသည်။

"မမ... ကျေးဇူးတင်ပါတယ်"

ဖူယို့ဝှာ၏ရင်ထဲ၌ကြည်နူးအေးချမ်းသွားလေသည်။

သူမသည် လှပစွာပြုံးပြလိုက်ပြီး မြင်းကိုဒုန်းစိုင်းမောင်းနှင့်ထွက်ခွာသွားလေတော့၏။

*ပြီး၏။*

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com